


www.burmeseclassic.com
လုံးချင်းဝတ္ထုသစ်
ဆုလေးမွှယ်
မိုးထဲမှာအတူရှိစေဦး
www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက် ······ ၅၀၀၈၂၉၀၅၀၈
မျက်နှာဖုံးခွင့်ပြုချက် ··· ၅၀၀၄၈၇၀၄၀၉
ထုတ်ဝေခြင်း - ပထမအကြိမ်
၂၀၀၉ မေလ
အုပ်ရေ - ၁၀၀၀-အုပ်
တန်ဖိုး - သုံးဆယ်ကျပ်တိတိ
မျက်နှာဖုံးပန်းချီ - သိန်းရွှေကြည်
စီစဉ်သူ -ဒေါ်ငွေးငွေးမော်

၈၉၅ ·၈၃
ဆုလေးနွယ်
မိုးထဲမှာအတူရှိစဉ် / ဆုလေးနွယ်။ - ရန်ကုန်
ဉာဏ်ဝင်းစာပေ ၂၀၀၉၊
၂၄၀ - စာ ၊ ၁၂· ၅ X ၁၇· ၅ စင်တီ။
(၁) မိုးထဲမှာအတူရှိစဉ်

ထုတ်ဝေသူ
ဒေါ်ငွေးငွေးမော်၊ ဉာဏ်ဝင်းစာပေတိုက် (၆၉၂)
အမှတ် ၇(က)၊ သုခဝတီလမ်း
ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

ပုံနှိပ်သူ
ဦးအောင်ထက် (၀၈၀၀၃)
အောင်ပါရမီပုံနှိပ်တိုက်
အမှတ်(၁၂၇)၊ ၅၂ လမ်း၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

မျက်နှာဖုံးရိုက်
ဦးမြသိန်း၊ သိန်းမြင့်ဝင်းပုံနှိပ်တိုက်
အမှတ်(၉၆)၊ ၁၁လမ်း၊ ရန်ကုန်မြို့။

www.burmeseclassic.com

www.burmeseclassic.com

ကဆုန်ဖြိုးတို့က အတင့်ရဲပြီး ခြံထဲ ခုန်ကျော်ဝင်ဖို့ တကဲ

ကဲ ဖြစ်နေပါသည်။

ဇာပြတင်းတံခါးမှ ချစ်သူ့အရိပ်ကလေးကြောင့်လည်း

သူ ပိုတက်ကြွသွားတာ။

ချိန်းစရာရှားလို့ ညသန်းခေါင် ချိန်းသည်။

ဖိုးမာန်ကို ခေါ်တုန်းကတော့ ဝတ်မှုန်တို့ခြံရှေ့မှာ

ဂစ်တာ သွားတီးရအောင်ဆိုပြီး ခေါ်လာတာ။

မာန်က ဂစ်တာတီးကောင်းသူမို့ ငြင်းစရာမရှိ။

ဂစ်တာ နှစ်လက်တင်ပြီး သူတို့ရဲ့ ဟွန်ဒါမော်ဒယ်မြင့်

နက်ပြာရောင် ကားလေးနှင့် ထွက်လာကြတာ။



www.burmeseclassic.com

www.burmeseclassic.com



ဒီရောက်တော့ . . ဂစ်တာကို ဖြစ်ဖြစ်မြောက်မြောက် တီးရတာမဟုတ်ဘဲ တိုက်ခံနှစ်ထပ်တိုက်အိမ်ရဲ့ အပေါ်ထပ် ညာဘက်စွန် ပြတင်းပေါက်ကိုပဲ လည်ပင်းညောင်းမတတ် မျှော်ကြည့်ရတာ။

"မင်းကွာ . . မနက်ပိုင်းချိန်းတော့ ဘာဖြစ်မှာလဲ"

"မရဘူးကွ . . သူ့ဖားသားကြီးနဲ့ သူ့အစ်မနဲ့ တစ်ယောက်ယောက်တော့ ဘော်ဒီဂတ်ပါတာချည်းပဲ"

ဖိုးမာန်က မျက်နှာမဲ့ပြီး ခေါင်းတဆတ်ဆတ် ညိတ်၏။

ဒီလောက် စောင့်ကြပ်ကြည့်ရှုထားလို့ပေပဲ။

ဝတ်မှုန်မှာ ရည်းစားတွေက တန်းစီနေသည်။ ထိုတန်းစ သူတွေထဲ ဘာစိတ်ကူးပေါက်သလဲ မသိရတဲ့ ဖြိုးလည်း အပ အဝင်။

ဖိုးမာန် စိတ်ပျက်လက်ပျက် သက်ပြင်းရှိုက်၏။

"ဒါဆိုလည်း သူ ထွက်လာတာ မင်းဘာသာ စောင့်ကွာ ငါ ကားထဲ သွားထိုင်နေမယ်"

"ဟာ . . . အဲလိုတော့ မလုပ်နဲ့လေ"

ဖြိုးက သူ့လက်မောင်းကို မြန်မြန် ဖမ်းဆွဲထား၏။

"ဒီမှာ မတ်တပ်မတ်တပ်နဲ့ ခြင်တအား ကိုက်တယ်ကွ





"ငြိမ်မနေနဲ့လေ . . ခြေထောက်ကို နည်းနည်းလှုပ်ရှားပေး"

မာန် ခုန်ဆွခုန်ဆွလုပ်တော့ . .

"ဟာ . . . အဲလောက် ခြေသံမပြင်းနဲ့လေ၊ မတော်တဆ အဘိုးကြီး နိုးသွားရင် ပြဿနာပဲ"

"မင်းဝတ်မှုန်က လာဦးမှာလား"

"လာမှာပါ . . လူမလစ်သေးလို့ ဖြစ်မှာပေါ့၊ သူတို့အိမ်မှာက ခွေးကြည့်ဘာကြည့်နဲ့ အိပ်ရာဝင် နောက်ကျတတ်တယ်လို့ ပြောတာပဲ"

"မသိဘူးကွာ . . . ကြာတယ်"

"ခဏလေးပါကွာ . . . စိတ်ရှည်သည်းခံပေးပါ"

"မင်းဖွန်ကိစ္စက အကြောင်းမဟုတ်ဘူး၊ ဒီမှာ ငါ့ကို ခြင် ချီသွားတော့မယ်"

"ချီနိုင်ပါဘူး . . . မင်းကိုယ်ကြီး မနိုင်ပါဘူး၊ ဒါတော့ စိတ်ချ . . . ဟား . . . ဟား"

"တောက် . . . မင်းကျတော့ အသံပြုနဲ့ ရယ်တယ်"

"ခွပ်အုပ်အုပ် ရယ်တာပါကွာ"

ဖြိုးက အသံကို တမင်တကာနှိမ့်၊ မျက်နှာပြောင်ပြ



www.burmeseclassic.com

www.burmeseclassic.com



သည်။ ဒီကောင် အကြောက်အလန့်ကို မရှိတာ။ ပေါ့ပါးရွှင်မြူး နေတာ။

ဒိုးမာန်မှာ သူ့ကိုယ်စား ရင်လေးနေရသည်။

မတော်တဆ သူခိုး အထင်ခံရရင်တော့ ဒုက္ခ။

ညကြီးအချိန်မတော် သူများခြံနား ရစ်သီရစ်သီ စောင့် ကြည့်နေတာ။ လှည့်ကင်းနှင့်တိုးလည်း မလွယ်။

"အေး. . . ရယ်နေ. . ဖြိုး. . . ဖြိုး. . . တစ်ခုခုဖြစ်လို့ ကတော့ မင်းကိုထားပြီး ငါ ကားမောင်းပြေးပြီသာမှတ်"

"သူငယ်ချင်း အဲလိုမလုပ်တတ်တာ ကိုယ်သိပါတယ် ကိုယ့်သူငယ်ချင်း နေဒိုးမာန်က သူရဲကောင်းစိတ်ဓာတ် အပြည့်ရှိ ပါတယ်၊ စွန့်လွှတ်စွန့်စားရဲပါတယ်နော်. . . ဟဲ. . . ဟဲ. . . ဟဲ"

"တော်ပြီ. . . ငှဲ. . ငှဲ၊ ငှဲ. . ငှဲ. . မလုပ်နဲ့တော့. . . ကားထဲ သွားထိုင်နေတာ ကန္ဒြေရပါတယ်ကွာ. . . မင်းကလဲ"

"သူက ခြံပြင်ထွက်မှာ မဟုတ်ဘူး"

"ဘာ. . . ဒါဆို မင်းက သူများခြံဝင်းထဲ ကျူးကျော်ဝင် ရမယ့် သဘောလား"

"စည်းရိုးလေးက နိမ့်နိမ့်လေးပါ"

သံဇကာကွက်နှင့် ပုဏ္ဏရိပ်ပင်တို့က ခြံတံတိုင်းဖြစ်ရုံသာ





ကာရံထားတာတော့ အမှန်ပါ။ ခုန်ကျော်ဝင်ဖို့ အလွယ်လေး။

ခြံရဲ့သံပန်းတံခါးက သော့ခတ်ထားသည်။

ဝတ်မှုန်တို့ရဲ့ ခြံရှေ့တစ်ဝိုက်က ဘုန်းကြီးကျောင်းဝင်းရဲ့ အုတ်တံတိုင်းကြီးသာ ရှိတာမို့ လူခြေတိတ် မျက်ချည်ပြတ်တာ တော့ အမှန်ပါ။

"မင်း ဝင်ရဲရင်တော့ ဝင်ပေါ့"

"ဘာမဝင်ရဲစရာရှိလဲ"

"ကိုယ့်ဂုဏ်နဲ့မှမလိုက်၊ ဘယ်က ကောင်မလေးတွေ ရှာ ကြိုက်မှန်း မသိဘူး"

"ဝတ်မှုန်က အမိုက်စားလေးကွ"

"မင်း အမိုက်စားတွေ များနေပြီ"

"စကား မများစမ်းပါနဲ့၊ ဟော. . . မာန်ရေ ကြည့်စမ်း၊ ဝတ်မှုန်အခန်းက မီးပိတ်သွားပြီကွ"

"သူ့ဘာသာ အိပ်တော့မှာမို့လို့ မီးပိတ်တာပေါ့"

"ငါ့ကို ကြိုဆိုမလို့ပါ"

"ဆင်းရော ဆင်းလာမှာမို့လို့လား"

"ဟော. . . ဘေးလှေကားကနေဆင်းတာ ဖြစ်မယ်"

နိုက်ထဒရက်စ် အနက်ရောင်နှင့် လည်မှာ ပုဝါဖြူလေး



www.burmeseclassic.com

www.burmeseclassic.com



ရင်ခုန်သံတို့က ပိုပြီး မြန်ဆန်ကြမ်းလာသည်။

ပတ်ဝန်းကျင်ကို တခဏတော့ မေ့မေ့လျော့လျော့ ဖြစ်သွားကြသည်။

ညသည် မှောင်မိုက်တိတ်ဆိတ် ငြိမ်ချက်သား ကောင်းနေသည်။ သူတို့နှစ်ဦး၏ အသက်ရှူသံ ခပ်ပြင်းပြင်းလေးတွေမှလွဲလျှင် အရာရာက ငြိမ်သက်လျက်ရှိသည်။

ဖြိုးသည် အချစ်မှာ ပျော်ဝင်နစ်မြုပ်နေသဖြင့် အချိန်ကုန်လို့ ကုန်မှန်း မသိချေ။ ထိုအချိန်မှာပင် ပြဿနာက စ၏။

"ဟာ"

ညှော်ခန်းမီးက လင်းသွားသည်။ အိမ်ရှေ့မျက်နှာစာက မီးချောင်းလည်း ဖြန်း‌ခနဲ လင်းလာ၏။

"ဟယ်တော့. . . ဖေဖေ. . ဖေဖေ. . ဘယ်လိုလုပ်မလဲမောင်၊ အိမ်က နိုးကုန်ပြီ"

ဝတ်မှုန်က သူ့ရင်ခွင်မှ အလန့်တဖျပ် ရုန်းထွက်ကာ တုန်တုန်လှုပ်လှုပ် အသံနှင့် ဗျာများသွားပါသည်။

အိမ်နောက်ဘက်ပဲ ပတ်ပြေးရမလို. . . ဟန့်မပျက်ဘဲ အတွေ့ခံလိုက်ရမလိုလို။

"မောင်. . . အမြန်သွားလေ"





သူ့ကျောကို တွန်းလွှတ်မှ ပြေးဖို့ သတိဝင်သည်။

ဟိုကောင်မာန်လည်း ကြိုပြီး အရိပ်ပြပါ၊ လက်ဖျောက်တီးပါဆိုတာ ဘာလုပ်နေသလဲမသိ။

အရေးအကြောင်းပေါ်တော့ ဆုန်ဖြိုးက မာန့်ကို အရင်ဆုံး သတိရသည်။

ဝတ်မှုန်က သူ့ဟာသူ လွတ်ရာလွတ်ကြောင်း ခြံနောက်ဖက် ဝင်ပြေးကာ လှစ်ခနဲ ပျောက်၏။

ဝတ်မှုန်အပေက မသက်သာသဖြင့် ဓာတ်မီးပါဆွဲကာ ခြံထဲ ဆင်းရှာသည်။ အဲဒါမှ ပြဿနာပဲ။

မှောင်ရိပ်ကို ပုန်းကွယ်ရင်း ဖြိုး လန့်လာမိ၏။

တွေ့သွားရင်တော့ မလွယ်။ အသက်ရှူ အောင့်ထားမိ၏။

"ငါ ဒီနားမှာ လူရိပ်တွေ့လိုက်တယ်ကွ၊ ဘယ်ရောက်သွားတာလဲ. . . ဟေ့ကောင်. . . ရှာ. . ရှာ"

အဘိုးကြီးနှင့် လူရွယ်တစ်ယောက်က ပတ်ရှာလိုက်၊ သက်နိုပ်ဓာတ်မီး ထိုးလိုက်မို့ ဖြိုး ရင်တွေ တဒိန်းဒိန်းနှင့် ဒရမ်းဒသာ တုန်ခါလာသည်။

"ဟေ့ကောင်. . . မြန်မြန်လာ"



www.burmeseclassic.com

www.burmeseclassic.com



သူ လန့်အော်မိတော့မှ ...

ဟိုကောင်. . . ဒိုးမာန်. . သက်ကို အားကင်းဆွဲပြီး ပြေးစေသည်။

ပြီးတော့ ခွေးတိုးပေါက်လို အပေါက်ငယ်ကနေ သူ့ကို အရင် အတင်းတိုးထွက်စေ၏။

ဖြိုး ဘာဘာညာညာ မစဉ်းစားအား၊ ချုံဘတ်တွေကြားထဲက အပေါက်ကနေ ကုန်းကုန်းကွကွ အမြန်တိုးထွက်လာသည်။

နောက်ကနေ သူ့ကို ဖွတ်တွန်းရင်း ပါလာသူကမောင်

"ဟိုမှာ. . . ဟိုမှာ၊ ပြေးပြီးထင်တယ်. . ပြေးပြီကွ"

"သူခိုး. . . သူခိုး"

နောက်က အော်ဟစ်သံတွေကြားတော့ သူတို့နှစ်ယောက်သား အူယားဖားယားနှင့် ကားပေါ် ဝရုန်းသုန်းကား ပြေးတက်ကာ စက်နှိုးမောင်းထွက်ခဲ့သည်။

"ဟော. . . ပြေးပြီ၊ ကားနဲ့လာတာ အဖေရ၊ သူခိုးတော့ မဖြစ်နိုင်ဘူး၊ အဖေ့သမီး ရည်းစားနဲ့ ချိန်းတွေ့တာပဲ ဖြစ်မယ်"

"ဘယ်မလဲ မိဝတ်မှုန်"

မောင်ဖြစ်သူရဲ့ အပြောကြောင့် အဘိုးကြီး ဒေါသဖြစ်စွာနှင့် နောက်ကြောင်းလှည့်ကာ သမီးဖြစ်သူကို ရှာဖွေပါတော့သည်။





လွတ်လွတ်ကျွတ်ကျွတ် ကားအမြန်မောင်းပြီး ထွက်ပြေးလာနိုင်သော ဖြိုးနှင့်မာန်တို့မှာ အတော်အတန် ဝေးဝေးရောက်မှ မအောင့်နိုင်ဘဲ သူတို့အဖြစ်ကို သူတို့ပြန်ပြောကာ ခွက်ထိုးခွက်လန် ရယ်မိကြသည်။

"ဟား. . . ဟား၊ ခွေးတိုးပေါက်ကနေ ထွက်လာရတယ်၊ မင်းတော့ ရှားတယ်"

"အောင်မာ. . . ငါ အချိန်မီကယ်လို့၊ နို့မို့ဆိုရင် မင်း အဘိုးကြီးတုတ်စာ မိပြီ"

"အေးပါကွာ. . . ဟုတ်ပါတယ်၊ ပြေးပေါက်ရှာတဲ့ နေရာမှာတော့ မင်း အရမ်းတော်ပါတယ်၊ ငါ ချီးမွမ်းပါတယ် ဒိုးရာ၊ ဟား. . . ဟား"

"ခွေးကောင်. . . အခုမှ ရယ်နေ၊ ငါ့မှာတော့ ညကြီး မိုးချုပ် ခွေးတွေတောင် ပြန်တယ်"

"ငါလည်း ကြောက်တာပဲကွ"

"နောက်များတော့ အဲလို မချိန်းကြပါနဲ့ကွာ၊ တောင်းပန်ပါတယ်"

"မင်းကလဲ. . . ဘာမှမဖြစ်ပါဘူး"

ဖြိုးက သူ့ကို ပြန်နှစ်သိမ့်ပေးနေ၏။



www.burmeseclassic.com

www.burmeseclassic.com



တကယ် တရားကျဖို့ကောင်းတဲ့ကောင်ပါပဲ။

ဖြိုးကြောင့် ဒီလိုပြေးပေါက်မှားရတာလည်း အကြိမ်ကြိမ်ပါပဲ။

ဒိုးမာန်တစ်ယောက်သာ ဒီလို ဖြိုးရဲ့ အနှံ့အတာခံနိုင်တာ။



၅

"နင် မှန်မှန်ပြောစမ်း. . . အဲဒါ ဘယ်ကကောင်လဲ"

ဝတ်မှုန်က ပေတေပြီး ခေါင်းငုံ့ထားရာ အဖေက အတင်းမော့စေသည်။

"ဒီလောက် တင်းတင်းကျပ်ကျပ် ထိန်းနေတဲ့ကြားက နင်က ခြံထဲတောင် ခေါ်ချိန်းဝံ့တယ်ဆိုတော့ ဒီကောင်က ဘာကောင်လဲ. . . မိကောင်းဖခင်သားသမီးတော့ ဘယ်နည်းနဲ့မှ မဖြစ်နိုင်ဘူး"

"အို. . . အဲလိုတော့ မပြောပါနဲ့"

"ဒါဆို. . . ဘယ်လိုများ သတ်မှတ်ရမှာလဲ. . . နင်ပဲ ဖြေလေ၊ ညကြီးသန်းကောင် သူများသမီးပျိုကို လာဖြားယောင်းတဲ့ကောင်ကိုများ"



www.burmeseclassic.com

www.burmeseclassic.com



"သူက အပြင်က မဟုတ်ပါဘူး"

ဝိုင်းမေးမြန်းနေသဖြင့် အမှန်အတိုင်း ဖြေရန် ဝတ်မှုန် ဆုံးဖြတ်လိုက်သည်။

"အပြင်က မဟုတ်ရင် အတွင်းကပေါ့ ဟုတ်လား"

ဝတ်မှုန်က မဝံ့မရဲနဲ့ ပါးလေးကိုပွတ်ရင်း ဖေဖေ့ရဲ့ ဒေါသမျက်ဝန်းတွေကို မရဲတရဲ မျက်လွှာလှန်ကြည့်ရင်း. . .

"ဟို. . ဟို. . ဖေဖေ့ဘော့စ်. . ."

"ဘာ"

"ဦးရဲသီဟရဲ့သားပါ"

"ဘယ်လို. . . ပြန်ပြောစမ်း၊ ဦးရဲသီဟသား ဟုတ်လား၊ ဒီကောင်က သူဌေးသား လူရှုပ်လူပွေ. . . သူ့အဖေတောင် ထိန်းမရတဲ့ကောင်"

"ကိုဆုန်ဖြိုးက ဒီလောက်ကြီးမဆိုးပါဘူး ဖေဖေ"

"ဘာမဆိုးတာလဲ၊ နင် စုံစမ်းကြည့်လိုက်ဦး. . . ဆိုဆုံးမ လို့ရတဲ့ကောင် မဟုတ်ဘူး၊ သူ့အဖေတောင် လက်လျှော့ရတာ နင် ဒီကောင်နဲ့ ဖြတ်လိုက်"

ဝတ်မှုန်က ခေါင်းမညိတ်။ ဒီကောင်မလေး ငယ်က တည်းက ခေါင်းမာပြီး တဇွတ်ထိုးဆန်သည်။





ဆယ်တန်းကတည်းက ရုပ်ချောတဲ့သမီးဖြစ်သူနောက် ကောင်ကလေးတွေ တတန်းတန်း ပါတတ်သဖြင့် မောင်လေးဖြစ် ေသ၊ အဖေကြီးဖြစ်စေ နေ့စဉ် ကျောင်းကြိုပို့၊ ကျူရှင်ကြိုပို့လုပ်ပြီး ာင်းကျပ်ထားရတာ။

ဝတ်မှုန်ကို အိမ်မှာ ဖုန်းပြောခွင့်လည်း မပေး။

အပြင်ထွက်ရင်လည်း တစ်ယောက်ထဲ ပေးမလွှတ်။

ဒီလို စည်းကမ်းဘောင်တွေထဲကပင် ခဲရာခဲဆစ် ည်းစားသနာကိစ္စက ရှုပ်ထွေးလာသေးသည်။ ဦးသိန်းမင်းဟန် ာ သမီးဖြစ်သူကို စိတ်ပျက်လက်ပျက် တောက်ခတ်မိသည်။

"တောက်"

ဟိုကောင် ဖြိုးကိုလည်း ဒေါသဖြစ်သည်။

တစ်နိုင်ငံလုံးက မိန်းကလေးတွေနှင့် ရှုပ်ရှုံနှင့် အားမရ ဲ သူ့သမီးဘက်ပါ လှည့်လာသေးသည်။

ဒင်းဟာ ကောင်းတဲ့ကောင်မဟုတ်။ ဝတ်မှုန်ကို အပျော် ြဲလို့ကတော့ မရ။

ဒင်းအဖေနှင့် တိုင်ရမည်။

မိန်းကလေးတွေကို တန်ဖိုးမထားသော ဦးရဲဦဟသားကို ဦးသိန်းမင်းဟန် ကြည့်မရခဲ့တာလည်း ကြာပြီ။



www.burmeseclassic.com

www.burmeseclassic.com



"နင် မဖြတ်ရင့်တော့ ငါ့အကြောင်း သိသွားမယ်နော် ဝတ်မှုန်၊ ဒီကောင့်ကို ချိန်းတွေ့တာ ဒါနောက်ဆုံး ဖြစ်ပစေ၊ နောက်ထပ် ဘာသံမှ မကြားချင်ဘူး၊ အကောင်းဆုံးကတော့ အဲဒီမိသားစုနဲ့ သွားမပတ်သက်ဖို့ဘဲ၊ အမေကြီးနော် မင်း သမီးကို ကြည့်ပြောထား၊ နောက်မှ ငါ့အဆိုးမဆိုနဲ့ ဒါပဲ"

ဝတ်မှုန်အမေက ဝတ်မှုန်အဖေကြီးကို ဒေါသလျှော့ရန် ချော့မော့ဖျောင်းဖျနားချနေ၏။

ဝတ်မှုန်ကတော့ ခုထိ ရင်တုန် မပြယ်သေးပါ။



သူတို့ကားရပ်လိုက်တာနှင့် ဒက်ဒီကြီးခြံထဲမှာ လမ်းလျှောက်နေချိန်နှင့် တည့်တည့်တိုးပါသည်။

ကားပေါ်ကဆင်းပြီး အလှျိုလှျိုလစ်ဖို့ ကြံနေဆဲမှာ. . .

"ဟေ့ကောင်တွေ. . . ဒါ ဘယ်ကပြန်လာတာလဲ"

ဦးရဲသီဟက လှမ်းမေးလိုက်သဖြင့် နှစ်ဦးသား မျက်နှာပိုးသေသေနှင့်. . .

"ကျွန်တော်တို့ အပြေးလေ့ကျင့်ပြီး ပြန်လာတာပါ"

"ဒီပုံစံတွေနဲ့ အပြေးလေ့ကျင့်တယ်"

ဂျင်းဘောင်းဘီနှင့် ကမ်းထရီးရှပ်တွေနှင့် အဝတ်အစားတွေကလည်း တွန့်တွန့်ကြေကြေ။



www.burmeseclassic.com

www.burmeseclassic.com



ချုံပုတ်ထဲက ဖြတ်တိုးလာသဖြင့် အင်္ကျီမှာ မြက်ခြောက်ပင်တွေတောင် ကပ်ငြိနေသေးသည်။

"ဟုတ်ကဲ့"

"ငါ့ကို ညာဖို့ မစဉ်းစားနဲ့ပ၊ ညက မင်းတို့ အိမ်မပြန်ဘူးမို့လား"

"အဲဒါက နိုက်ကလပ်"

ဒိုးမာန်က တတောင်နှင့် တစ်ချက်တွတ်သဖြင့် ဖြိုးဇော် ပြောလက်စစကား ချက်ချင်း ရပ်တန့်သွားသည်။

"မဟုတ်ပါဘူး ဒက်ဒီ၊ ညက သန်းထိုက်တို့အိမ်မှာ ဂစ်တာတီးရင်း ညဉ့်နက်သွားလို့ အဲဒီမှာပဲ အိပ်လိုက်တာပါ မနက်ရောက်မှ အားကစား နည်းနည်းလုပ် ပြန်လာတာ၊ ဒက်ဒီ မယုံရင် ကားထဲမှာ ဂစ်တာပါတယ်၊ ကြည့်လိုက်ပါ"

"တော်စမ်းပါကွာ၊ တစ်ယောက်တစ်မျိုး အဖြီးအဖြန်းတွေနဲ့၊ ငါ့ကို ဘာထင်နေကြလဲ"

"ဒက်ဒီကို ဘာမှ မထင်ပါဘူး"

"နေပုံထိုင်ပုံက ပေါ့ပျက်ပျက်နဲ့၊ အခုထိ ဘာအလုပ်မှ မလုပ်ဘူး"

မွေးစားသားက နည်းနည်းတော်ပါသေးသည်။





သားအရင်း ကဆုန်ဖြိုးက ပြန်မပြော နားမထောင်နှင့် သင်ရာစိုင်းတတ်တာ။

အပျော်အပါးလည်း အင်မတန် ခုံမင်သည်။ ပိုက်ဆံလည်း ဖြုန်းအားကောင်းသည်။

တစ်ဦးတည်းသောသားမို့ ဒီကောင် မိဘရှာထားတဲ့ စည်းစိမ်ပုံပေါ်မှာ မီးကုန်ယမ်းကုန် သောင်းကျန်းနေတာ။

"အလုပ်လုပ်စေချင်ရင် ကျွန်တော့်ကို ကုမ္ပဏီခွဲတစ်ခု သပ်သပ်ထူထောင်ပေး"

"ပြောလိုက်ရင် ဒါပဲ. . . မင်းမှာ ဘာအရည်အချင်းရှိလို့ ကုမ္ပဏီပိုင်ရှင် လုပ်ချင်တာလဲ"

"ဒက်ဒီ"

"မင်းတို့ကိုပြောရရင် လေကုန်တာပဲရှိတယ်"

"ဒါဆို ကျွန်တော်တို့ အိမ်ထဲဝင်တော့မယ်"

"နေဦး"

"ဗျာ"

"မနက်အစောကြီး ငါ့ဆီ ဘယ်သူဖုန်းဆက်လဲသိလား ဗြဲ"

"ကျွန်တော် ဘယ်လိုသိမှာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"မင်းအကြောင်း သတင်းကောင်းတွေကြားရတာလေ၊ မင်း ညက ဦးသိန်းမင်းဟန်သမီးနဲ့ သွားချိန်းတွေ့တယ်ဆို"

"ဗျာ"

"မဟုတ်ပါဘူး ဒက်ဒီ"

"ဘာမဟုတ်တာလဲကွ. . . ငါ ဖြိုးကို ဆုံးမရင် မင်းရှေ့က ဝင်ဝင်မဖာထေးနဲ့၊ ဒီကောင် တရားလွန်နေပြီ၊ မိန်းကလေးကိစ္စနဲ့ နာမည်ပျက်လွန်းတယ်"

ဒက်ဒီမန်နေဂျာက သတင်းပို့ မြန်လှချည်လား၊ ဝတ်မှုန်က သူ့ကို ဖော်ကောင်လုပ်လိုက်တာလား။ ဒီကိစ္စ နှစ်ဦး သဘောတူ ချိန်းတာပဲ။ သူ့ကို လက်ခံလို့သာ သူ သွားတွေ့တာပါ။

ကဆုန်ဖြိုးမျက်နှာက မှုန်တည်သွားသည်။

"ငါ့ကို မျက်နှာပျက်အောင် မလုပ်စမ်းနဲ့ ဖြိုးကြီး၊ မင်း အပြင်မှာရှုပ်တာ လွန်ပြီ၊ အခု အိမ်ထိ ပြဿနာတွေ သယ်ကင် လာပြန်ပြီ"

"ဒက်ဒီ အထင်မှားနေပြီ၊ အဲဒီ ဦးသိန်းမင်းသမီးက လည်း ရည်းစားတွေ ပွနေတာပါဗျာ၊ သက်သက်မယ့် ဖြိုးကို ခေါင်းစဉ်လာတပ်တာ၊ ဒါ မရိုးသားတဲ့အကြံပါ ဒက်ဒီရာ၊ စွပ်မစွဲ ပါနဲ့"





"ဒါဆို. . . မင်းတို့ မျက်နှာချင်းဆိုင် ရှင်းမလား၊ မင်းတို့ဘက်က ကင်းရှင်းရင် ရင်ဆိုင်ရဲရမှာပေါ့"

"အဲဒီလူကြီးက ဖြိုးကို ဒက်ဒီသားမှန်းသိလို့ အလကားနေ သားမက်ဖမ်းချင်နေတာဗျ၊ ဒက်ဒီနော် လူတွေကို လျှော့မတွက်နဲ့"

"အောင်မာ. . . ဒိုးမာန် မင်းကများ မိကျောင်းမင်းခေါင်းပြဦးမယ်"

"ဟို. . . အဲလိုမဟုတ်ပါဘူး၊ ကျွန်တော်က ဖြိုးကို ထောင်ချောက်ဆင်မှာစိုးလို့ပါ"

"မင်းက ထိန်းပေးရမှာကွ၊ ဒီကောင့်ကို မချောက်ပေးနဲ့"

"ဟုတ်ကဲ့. . . စိတ်ချပါဒက်ဒီ"

"ပြောလိုက်ရင်တော့ စိတ်ချပါဒက်ဒီပဲ၊ ပြီးမှ ထင်ရာလုပ်ကြတာ၊ နောက်တစ်ခါ ဦးသိန်းမင်း ဖုန်းဆက်တိုင်ရင်တော့ မင်းတို့ကိစ္စ မင်းတို့ ရှင်းရမယ် ကြားလား. . . ဒါပဲ. . ဒါပဲ. . ငါ့ မျက်စိရှေ့က သွားကြစမ်းကွာ"

ဦးရဲသီဟသည် နာမည်ကျော် စီးပွားရေးလုပ်ငန်းရှင်တစ်ယောက် ဖြစ်တာကြောင့် မိသားစုအရေးတွေ၊ အိမ်တွင်းရေးတွေ သိပ်အချိန်မပေးနိုင်ပါ။



www.burmeseclassic.com

www.burmeseclassic.com



ပြောရမည်ဆိုလျှင် ဇနီးဖြစ်သူအတွက်ပင် အချိန်များများ မပေးနိုင်။

ထို့ကြောင့်မို့လည်း လူမှုရေးကိစ္စ သေးသေးဖွဲဖွဲ ပြဿနာများကို ဖြေရှင်းပေးဖို့ သူ စိတ်မရှည်။

စိတ်လည်း မဝင်စား။ သူ့ခေါင်းထဲမှာ အချိန်ပြည့် စိုးမိုးထားတာ စီးပွားရေး ကိစ္စရပ်များပဲ ဖြစ်သည်။

သူ့မှာ မိသားစုအပေါ် လစ်ဟင်းမှုတွေ၊ လိုအပ်မှုတွေ အစဉ်အမြဲရှိသည်။

သူသည် အချိန်နှင့်အမျှ ငွေကြေးနောက်ကို လိုက်နေရသူဖြစ်တာကြောင့် ဇနီးနှင့် သားဘက်ကို ပြန်လှည့်မကြည့်အား။

အငှမလုပ်သူကလည်း သူ့နည်းတူပါပဲ။

ဒေါ်ပန်းခက်ခက်ကလည်း စိန်ရွှေရတနာဆိုင်များနှင့်မို့ သူ့ကိစ္စတွေနှင့်သူ အမြဲ ရှုပ်ထွေးပြီး အားလပ်ချိန် မရှိရှာ။

အထီးကျန်သော သူတို့ရဲ့သား ကဆုန်ဖြိုးဟာ ငယ်စဉ်ကပင် နေဒိုးမာန်ကိုသာ ပေါင်းသင်းခင်မင်ခဲ့သည်။

ဆုန်ဖြိုးကြောင့်ပဲ ဒိုးမာန်ကို မရည်ရွယ်ဘဲ မွေးစားဖြစ်ခဲ့တာပါ။



မိုးလင်းတာနှင့် သူ့ဒက်ဒီနှင့် မာမိက အသီးသီး ပြင်ဆင်လှုပ်ရှားကာ အပြင်ထွက်ကြဖို့ အသင့်ပြင်သည်။

ကလေးဖြစ်သူ ဖြိုးရဲ့အမြင်မှာ ဒီမြင်ကွင်းက ရိုးနေပြီဖြစ်ပေမယ့် ဒါကို သူ မကျေနပ်။

ထို့ကြောင့် ဂျစ်ကန်ကန် မျက်နှာပေးလေးဖြင့်. . .

"ဒက်ဒီ. . . သားလည်းလိုက်မယ်၊ သားကိုခေါ်ပါ"

"ဟာ. . . ရုံးသွားမှာ မင်းလိုက်လို့ ဘယ်ဖြစ်မလဲ"

"ဒါဆို မာမိနဲ့လိုက်မှာပဲ"

ဒက်ဒီ ငေါက်လိုက်သဖြင့် မာမိဘက်လှည့်ကာ အပူကပ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



မာမီ့ရင်ခွင်ထဲ တိုးဝင်ဖို့ပြင်သည်။

"ဟဲ့. . . ဟဲ့. . . မာမီ့ရင်ထိုး ပြုတ်ကုန်မယ်"

စိန်ရင်ထိုး၊ ပတ္တမြားရင်ထိုးတွေ လိုက်ဖက်အောင် ဆင်ယင်တတ်သော မာမီက သူ့ကို အကပ်မခံဘဲ နောက်ဆုတ်သည်။

မျက်နှာထားတင်းတင်းဖြင့် တားမြစ်သည်။

"ဖြူး. . . သားကြီး၊ ကောင်းကောင်းနေစမ်း၊ လူကြီးတွေကို မရှုပ်ရဘူး၊ မပူဆာရဘူးလို့ မင်းကို ပြောထားတယ် မဟုတ်လား"

မာမီ့ အမူအယာက သူ့အပေါ် ဘယ်တော့မှ စိတ်မရှည်။ အလုပ်များတာကြောင့် ကိုယ်မွေးထားသော ကလေးတစ်ယောက်အပေါ် ဘဝနှင့်ရင်းပြီး မြှုပ်နှံအချိန်မပေးနိုင်။

ငွေကြေးပြည့်စုံဖို့ပဲ အဓိကထားသည်။

သူ့မှာ ကစားစရာအရုပ်တွေ အခန်းနှင့် အပြည့်ရှိသည်။

ကလေးစီးဆိုင်ကယ်၊ မော်တော်ကား၊ စက်ဘီး ဘာမှမလို။

ခြံထဲမှာ ဒန်းတွေ၊ စီးဆောတွေလည်း လုပ်ပေးထားသည်။





အဝတ်အစားတွေဆိုရင်လည်း ဘီရိုအမြင့်ကြီးနှင့် နှစ်လုံးတောင် ရှိသည်။

ဖိနပ်စင်မှာ ဖိနပ်တွေက အရံပေါင်းများစွာ။

သူ့ကိုထိန်းတဲ့ နာနီ ဒေါ်အဲလစ်ရှိသည်။

သူစားချင်တာ ချက်ကျွေးမည့် ထမင်းချက်ကြီး ဒေါ်အုန်းစိန်လည်း ရှိသည်။

ဒါပေမယ့် သူ့မှာ ကလေးအဖော်မရှိ။

မေတ္တာဖြင့် နွေးနွေးထွေးထွေး ပိုက်ထွေးယုယမည့်သူ မရှိခဲ့။

ငယ်ငယ်ကတည်းက ဗိုက်ဆာရင် နို့ဘူးသောက်၊ ကလေးအာဟာရစား၊ ဒါနှင့်ပဲ တစ်စတစ်စ ကြီးပြင်းလာရတာဖြစ်သည်။

အသက်ပင်ငယ်သော်လည်း ဖြူးသည် အထီးကျန်ပြီး စိတ်ဒဏ်ရာ ရနေသူပါ။

သူ့စိတ်မှာ အရာရာ မကျေနပ်။

တံခါးပိတ်ရင် ဒုံးခနဲ၊ ဒိုင်းခနဲ ဆောင့်ပိတ်သလို လမ်းလျှောက်ရင်လည်း ကြမ်းပြင်ကို ဖနောင့်နှင့်ပေါက်ပြီး ခပ်ကြမ်းကြမ်းလျှောက်၏။



www.burmeseclassic.com

www.burmeseclassic.com



ငိုစရာတွေ့လျှင် အာပြဲနှင့် အာခေါင်ခြစ်ပြီး အော်တတ်သည်။ မာမီနှင့် ဒက်ဒီ အပြင်ထွက်သွားပြီဆိုလျှင် သူ့ကို အိမ်မှာ ဘယ်သူမှ မနိုင်တော့ပါ။

သူဟာ ကလေးဆိုးဟု သတ်မှတ်ခံရသည်။

ဒီနေ့လည်း ဖေဖေက ခြံထဲ သွားဆော့ပါဟု ဆိုသည်။

"သား ဘယ်သူနဲ့ ဆော့ရမှာလဲ"

"ဘောလုံးပစ်ချင်ရင် အဲလက်စ်ကို ခေါ်လေ"

"ဒေါ်အဲလက်စ်က သားသူငယ်ချင်းမှ မဟုတ်တာ"

"ဪ. . . ငါနှယ် အပြင်သွားခါနီးရင် ဒီကောင်လေး ရစ်နေတာကတစ်မျိုး"

မာမီက သူ့ပုခုံးကို တွန်းလွှတ်ရင်း. . .

"စကား မများစမ်းနဲ့သားရယ်၊ ဟိုဘက်ခြံက ကလေးတွေနဲ့ဆိုလည်း မင်းက မကစားချင်ဘူး"

"သူတို့ အမွှာညီအစ်ကိုက သားကို အနိုင်ကျင့်တယ်"

"အမျိုးမျိုးပါလား ဖြိုးရယ်၊ ဒီအရွယ်လေးနဲ့တောင် အပေါင်းအသင်းကိစ္စ အဆင်မပြေရင် ကြီးလာတော့ မင်းဘယ်လိုလုပ်မလဲ၊ သူများချည်း အားကိုးရင် ပျော့ညံ့တတ်တယ် နော် ဖြိုး၊ အခုကတည်းက ကိုယ့်အားကိုယ်ကိုးစမ်း၊ မင်းဘာသာ





နေတတ်အောင်နေစမ်း၊ သိပ် ဂျီဂျောင်ကျရင် မာမီ ရိုက်မှာနော်. . . ဖယ်. . . ကားနားမှာ မနေနဲ့"

ဒက်ဒီနဲ့ မာမီက ကားတစ်စီးစီနှင့် အသီးသီး ထွက်ခွာသွားကြပါသည်။

ဖြိုးက လက်လည်းမပြ၊ နှုတ်လည်းမဆက်တော့၊ ဘာတာလည်း မပြော။ ဒီအတိုင်း ပေကပ်ကပ်ကြီး နောက်ဆုတ်ဟာ မျက်နှာပျက် မှုန်ကုပ်နေ၏။

ဒါပေမယ့် သူ့ဟာသူ မှုန်ကုပ်ရုံမကလို့ အော်ပဲငိုငို၊ မာမီတို့က သွားစရာရှိတာ သွားကြမှာပင်။

အရင်က ငိုယိုခုန်ပေါက်ခဲ့ဖူးပြီ။

နာနီ ဒေါ်အဲလစ်က လာဖမ်းချုပ် ချီပိုးချော့မော့တာပဲရှိမည်။ သူ့ဆန္ဒကတော့ မပြည့်ပါ။ မာမီက သူ့ဆိုင်ကို ဘယ်တော့မှ ကလေးတန်းလန်းတန်းလန်း ခေါ်မည့်သူ မဟုတ်ပါ။

အိမ်မှာပင် ဦးနှောက်စားခံသူမှ မဟုတ်တာ။

ဖြိုးသည် လက်လျှော့ကာ လက်ပိုက်ကျုံ့ရစ်ရသော်လည်း မျက်မှောင်တွန့်က တော်တော်နှင့် မပြေနိုင်။

ကျောင်းပိတ်ရက်ဆို အိမ်မှာ သူ အရမ်းပျင်းမိ၏။

ဟိုဘက်ခြံက အမွှာညီအစ်ကိုနှင့်လည်း သူမခေါ်။



www.burmeseclassic.com

www.burmeseclassic.com



အောက်ကျခံပြီး အတူတူ သွားဆော့ဖို့လည်း စိတ်မကူး။

သူတို့က လူလည်ကျပြီး ဖြိုးကို စက်ဘီးတွန်းခိုင်းမည်လေ။ ဖြိုးက ဒါမျိုးမရ။ မာကြောကြော ဂျွတ်ဆတ်ဆတ်နှင့် ပြောရဆိုရခက်သော၊ နားဝင်မလွယ်သော ဂျစ်ကန်ကန်ကလေးမို့ တော်ရုံလူနှင့် အဆင်မပြေတတ်ပါ။

ဒက်ဒီနှင့် မာမီက သူ ဘာတွေ ခံစားနေရသလဲ၊ ဘာတွေ ဖြစ်နေသလို၊ စိတ်ပိုင်းဆိုင်ရာအတွက် မေတ္တာမာတ်လိုနေသလား၊ ဘာဘာညာညာ သူ့ဘက် ပြန်မကြည့်ခဲ့။

ဘောလုံးကို အိမ်ရှေ့တံခါး မှန်ကွဲမတတ် သူ တဒိုင်းဒိုင်း အားနှင့် ပိတ်ကန်လျှင်. . .

"ဟဲ့. . . ဟဲ့. . . မှန်ကွဲမယ်လေ"

ဟုအလန့်တကြားအော်ရင်း အိမ်ထဲကနေ ဒေါ်အုန်းစိန် အူယားဖားယား ပြေးထွက်လာသဖြင့် သူ သဘောတကျနှင့် မျက်နှာမော့ပြီး အော်ရယ်ပစ်လိုက်သည်။

"အဟစ်. . . ဟစ်. . . ဟစ်. . . ဟစ်"

ပါးဖောင်းဖောင်းနှင့် ရယ်လိုက်သော ကလေးဖြိုးမှာ တကယ်တော့ ချစ်စဖွယ်အရွယ်လေးပါ။



တစ်နေ့မှာ ဒက်ဒီကားပေါ် ကြိုတင်တက်ထိုင်နှင့်ကာ ဘယ်လိုမှ ပြောမရတဲ့အဆုံး ဒက်ဒီက သူ့ကို စက်မှုဇုံရှိရာ ခေါ်ဆောင်လာပါသည်။

ဒက်ဒီပိုင်သော စက်ရုံနှင့် ဂိုဒေါင်ကျယ်ကြီးများက ဘစ်မျှော်တစ်ခေါ်။

"ဟေး. . ."

သူ ဟေးခနဲ အော်ဟစ်ကာ ပြေးလွှားဆော့ကစားဖို့ ရည်ရွယ်သည်။

"သား. . . ဒီမှာ အန္တရာယ်များတယ်၊ သိပ်မဆော့နဲ့ ငြိမ်ငြိမ်နေ. . . ကြားလား"



www.burmeseclassic.com

www.burmeseclassic.com



ဒက်ဒီက ဒါပဲမှာပြီး လုပ်ငန်းခွင်ထဲက ရုံးခန်းဆီ ထွက်သွား၏။

ကဆုန်ဖြိုးက စက်ရုံထဲမှာ လှည့်ပတ်ကြည့်ရှုသည်။

စက်ရုံမှူးအိမ်က ကစားစရာတွေ ယူဆော့သည်။

လူကြီးစီး စက်ဘီးအဟောင်းတစ်စီး တွေ့သဖြင့် သော့လည်း မခတ်ထားတော့ သူ ယူပြီး ခြေတစ်ဖက်နှင့် တော့ကာတော့ကာ နင်းကြည့်သည်။

စက်ဘီးကြီးက သူနှင့် အဆမတန်ကြီးနေပေမယ့် ဒါမျိုး မစီးဘူးတော့ သူ ပျော်သည်။

စက်ရုံဝင်းထဲ လှည့်ပတ်စီးနေရင်း သူ့ကို တစ်ယောက် မဟုတ်တစ်ယောက်က မြင်ပြီး အော်ဟစ်ဟန့်တားလိမ့်မည်။

'ဟေ့ကောင်လေး. . . လိမ့်ကျမယ်၊ စက်ဘီးသွားထား' ဆိုရင် သေပြီပဲ. . . စီးရတော့မှာ မဟုတ်။

ဒီလိုနှင့် ကဆုန်ဖြိုးသည် စက်ဘီးကြီးကို ခြေတစ်ဘက် တော့ကာတော့ကာ နင်းကြည့်ရင်း ဝင်းတံခါး အပြင်ဘက်က လမ်းမပေါ် အထိ အတင့်ရဲပြီး ထွက်လာပါတော့သည်။

လူနှင့် စက်ဘီးနှင့်က မလိုက်။

လူက စပို့ရှပ်အနီရဲရဲ၊ ဘောင်းဘီတိုအဖြူလေးနှင့်





ဘွင်းထိုးဖိနပ်အနက်လေးစီးကာ အသားဖြူဆွတ်ဆွတ် ချောချောကစ်ကစ်ကောင်ကလေး။

စက်ဘီးက ခပ်စုတ်စုတ် ချေးတွေ အလိမ်းလိမ်းနှင့် ဟောင်းနွမ်းနေသည်။

သို့သော် ဖြိုးက ထိုစက်ဘီးပေါ် တက်မရပေမယ့် ခြေတစ်ဘက်ထိုးပြီး စောင်းကာစောင်းကာ နင်းရတာ ပျော်မဆုံးပေ။

မနိုင်မနင်းနှင့်ပင် သဘောတကျ ရအောင်စီးလာခဲ့သည်။

"ဟေ့ကောင်. . . ဟိုမှာ ကား. . . ကား"

လမ်းချိုးထဲက အရှိန်နှင့်ပန်းထွက်လာတဲ့ကားကို သူမြင်။ တစ်စုံတစ်ယောက်က အော်ဟစ်ကာ အားနှင့်တွန်းဖယ်လိုက်သဖြင့် စက်ဘီးရော၊ လူရော ပစ်လဲကျသွားသည်။

"အား"

ဖြိုး လန့်သွားသည်။ လက်ရော၊ ခြေထောက်ရော ပေကျံသွားသည်။ ဟိုကားနှင့်သာ တိုက်မိလို့က တွေးရဲစရာမရှိ။ မျက်လုံးပြူး ဝိုင်းလျက် ကြောက်လန့်ကာ အသံပင် မထွက်။

"ကျွတ်. . . သေတော့မှာပဲ၊ မစီးတတ်ဘဲနဲ့ လမ်းပေါ် ထွက်စီးရလားကွာ"



www.burmeseclassic.com

www.burmeseclassic.com



သူနှင့် ရွယ်တူခန့်ရှိမည့် ချာတိတ်လေးတစ်ယောက် သူ့ကို လာဆွဲထူသည်။

"မင်း . . . ထ,ရပ်နိုင်ရဲ့လား"

"အင်း"

"မင်း စက်ဘီးလည်း စပုတ်တိုင် ကျိုးသွားပြီ"

"ဟုတ်လား"

"ဒါပေမယ့် လူကို ကားမတိုက်မိတာဘဲ တော်လှပြီ"

"မင်း ကယ်လိုက်တာပါ။ ကျေးဇူးပဲ"

"မင်းက ဒီက မဟုတ်ဘူးထင်တယ်"

"ငါ့ဒက်ဒီက ဟောဟိုက စက်ရုံပိုင်ရှင်ပဲကွ . . . ဒက်ဒီနဲ့ လိုက်လာတာ"

"ငါ့ဦးလေးက အဲဒီမှာစက်ရုံမှူးကွ၊ ညစောင့်အိပ်ပေးတာ"

"ဟုတ်လား"

ထိုကောင်လေးက စက်ဘီးကို တွန်းရင်း သူ့ကို လိုက်ပို့သည်။

ဖြိုးက ထော့နင်းထော့နင်း လျှောက်သည်။

"ဟာ . . . မင်း ဒူးခေါင်းမှာ သွေးတွေနဲ့"





"လက်လည်း နာတာပဲ"

"ယောက်ျားပဲကွာ၊ တောင့်ခံပေါ့"

"မင်းနာမည် ဘယ်လိုခေါ်လဲ"

"ဒိုးမာန်"

"နေဒိုးမာန်တဲ့ . . . မင်းကရော"

"ငါက ကဆုန်ဖြိုး"

"ကဆုန်လမှာ မွေးတာပေါ့"

"အေး . . . ဟုတ်တယ်"

"မင်းက သူဌေးသားပေါ့"

"အေး . . . ဟုတ်တယ်"

"သူဌေးသားဆိုရင် ခင်ဖို့မကောင်းဘူး၊ သူဌေးသားတွေက သောက်ကြီးကျယ်တတ်တယ်ကွ"

"ဟာ . . . အဲလို မဟုတ်ပါဘူး"

ဖြိုးက အထင်မှားမှာစိုးရိမ်သည်။

အသားညိုညိုနှင့် နွမ်းပါးပုံရသော်လည်း ရုပ်ချောပြီး သွားသားဖြူစင်တာလည်း အမှန်။

"မင်း ကူညီလို့ ငါ ကားအောက်ရောက်မသွားတာပါ၊ မင်းကို ကျေးဇူးတင်ပါတယ်ကွာ"



www.burmeseclassic.com

www.burmeseclassic.com



"ကျွေးဖူးတွေထားလိုက်စမ်းပါ ကဲ.. မင်းလျှော
ရော လျှောက်နိုင်ရဲ့လား၊ အရမ်းနာနေလား"

"နာတော့ နာတာပေါ့ကွာ"

"မင်းက တအားဆော့တာကို"

"ဟား...ဟား...စက်ဘီးတွေ့လို့ ခိုးပြီးစီးကြ
တာပါ၊ စီးလို့ အရမ်းကောင်းတယ်ကွ"

"တော်ပါတော့ ဖြိုးရာ"

နှစ်ယောက်သား စိတ်လက်ပေါ့ပါးစွာ ရယ်မိကြသည်

ဖြိုးက သူငယ်ချင်းအသစ်ရတာကို ပို၍ပျော်ပါသည်
ကိုယ့်ရဲ့ဒဏ်ရာတွေကိုတောင် မေ့ပြီး အားတက်ရွှင်လန်းမိသည်

"မင်း ဘယ်မှာနေတာလဲ"

"ရွာထဲမှာ..."

"မင်းရဲ့ အဖေနဲ့အမေကရော..."

"မရှိတော့ဘူး"

"ဒါဆို မင်းက ဘယ်သူနဲ့နေတာလဲ"

"ငါ့ဦးလေးနဲ့ အဒေါ်နဲ့ အခုတလော အဒေါ်က န
ထားလို့ ငါ ဒီမှာ ဦးလေးနဲ့လာအိပ်တာ၊ နံနက်ပိုင်းဆို စ
ပန်းတွေ ဖောက်သည်သွားပေးရတယ်၊ အလုပ်မလုပ်ရင် ထ





းဖို့ ခက်တယ်ကွ၊ ဒါတွေ မင်းလို သူဌေးသားက ဘာမှသိမှာ
တ်ပါဘူး၊ ငါကလည်း လျှာရှည်ပြီး လျှောက်ပြောနေတာ"

"ငါ့ကို သူဌေးသားလို့ မရိုစမ်းပါနဲ့၊ အခု မင်းနဲ့ငါနဲ့
သူငယ်ချင်းဖြစ်သွားပြီပဲ"

"မင်း ငါ့ကို တကယ်ပေါင်းမှာလား ဖြိုး"

"တကယ်ပေါ့ကွာ ... အား..."

"မင်း ဒဏ်ရာနာနေပြီလား၊ မြန်မြန်ဆေးသွားထည့်မှ
မယ်"

"မင်းမှာ ဆေးရှိလား"

"ဦးလေး အိမ်မှာ ရှိတယ်"

ဒီလိုနဲ့ ဒက်ဒီမသိအောင် ဒိုးမာန်တို့ဦးလေးရဲ့သစ်သား
လေးပေါ်မှာ နှစ်ယောက်သား ထိုင်မိကြသည်။

ဒိုးမာန်က ဖြိုးခြေထောက်နှင့် တံတောင်ဆစ်က ပွန်းပဲ့
ရာတွေကို သေချာဆေးကြောပြီး ဆေးထည့်ပေးသည်။

အသက်ချင်း မကွာပေမယ့် ဒိုးမာန်အမူအယာက
ကြီးလေးကဲ့သို့ရှိသည်။

သူ့ထက် အများကြီး လိမ္မာရေးခြားရှိပြီး ရင့်ကျက်နေ



www.burmeseclassic.com

www.burmeseclassic.com



တာ သတိထားမိသည်။ ဒဏ်ရာကို ဂွမ်းနှင့် ဖိကပ်ထားပြီး ပလာစတာကပ်ပုံမှာ ပညာသားပါ၏။

“ငါကတော့ နည်းနည်းပါးပါး ထိမိခိုက်မိရင် အိမ်မှာပဲ ဆေးလိမ်းပြီး ပတ်တီးစီးလိုက်တာပဲ”

“ဒါတွေ ဒက်ဒီမြင်သွားရင် ငါ့ကို ဆူမှာ ဒိုးရ”

ဖြိုးက တရင်းတနှီးနှင့် ဒိုးမာန်ပခုံးကို လက်သီးဖွဖွ တစ်ချက်ထိုးလိုက်သည်။

“ညနေရောက်ရင် မင်းပြန်မှာပေါ့နော် ဖြိုး”

“ငါတို့အိမ် လာလည်ပေါ့ကွာ၊ ရတာပဲ၊ ငါ့အိမ်မှာ စစ်တုရင်ခုံလည်း ရှိတယ်၊ မင်း ကစားတတ်လား”

“ရပါတယ်”

“ဒါဆို မင်းနဲ့ငါနဲ့ စစ်တုရင်ထိုးရအောင် လာခဲ့ကွာ”

ဒိုးမာန်က သူ့မေးစေ့သူပွတ်ရင်း လိုင်းကားအမှတ် ဘယ်လောက်ကို စီးသွားရင် ဖြိုးပြောတဲ့ ကမာရွတ်သံလွင်လမ်းကို ရောက်နိုင်မလဲ စဉ်းစားကြည့်နေမိသည်။ လှည်းတန်းအထိကတော့ ဒိုးမာန်ကောင်းကောင်းသွား တတ်သည်။

သူ စံပယ်ပန်းပို့ရင်း ဟိုမှဒီ ဘတ်စ်ကားစီးနေကြမို့ ကျွမ်းကျင်ပြီးသားပါ။





ဖြိုးကို တွေ့တွေ့ချင်း သူအတော်ကြီး ခင်မင်သဘောကျမိသည်။ ဖြိုးကလည်း ထိုနည်းတူစွာပင်။



www.burmeseclassic.com

www.burmeseclassic.com

ကျောင်းပိတ်ရက်မို့ အိမ်မှာ နေ့လည်နေ့ခင်း တီဗီဂိမ်းထိုင်ဆော့နေတုန်းမှာပဲ ခြံဝက တံခါးဘဲလ်သံကြားသည်။

သို့သော် ဖြိုးက မလှုပ်ပါ။

အိမ်က မဘဲဥက ထွက်ကြည့်သည်။

"အမ်မယ်လေးတော်၊ ဘယ်သူများလည်း မှတ်တယ်၊ ဝံပယ်ပန်းရောင်းတဲ့ကောင်လေးက လွန်လှချည်လား၊ လူကို အလကားနေရင်း တံခါးဖွင့်ခိုင်းပြီးတော့တောင် ပန်းအတင်းရောင်းရတယ်လို့ပဲ၊ တွေ့မယ် . . . ဒီပန်းသည်တော့ . . ."



www.burmeseclassic.com

www.burmeseclassic.com



ကျွန်းမာရေး ဖိနပ်ကြမ်းကြီးကောက်စီးကာ ဖျစ်တောက်ဖျစ်တောက်ရေရွတ်ရင်း မဘဲဥက တံခါးဝသို့သွားသည်။

"ပန်းသည်. . နင်ဘာလို့ တံခါးဘဲလ်လာဆော့တာလဲ၊ ဒီမှာ အလုပ်မအားဘူး၊ ပန်းလည်း မဝယ်နိုင်ဘူး၊ သွား သွား"

ပန်းတစ်အုံတစ်ထွေးကြီး ကိုင်ထားသော ဒိုးမာန့်မှာ မျက်နှာငယ်သွားရင်း . . .

"မဟုတ်ပါဘူး အန်တီ၊ ကျွန်တော် ဒီအိမ်က ဖြိုးရဲ့ သူငယ်ချင်းပါ၊ ဖြိုး ရှိသလား မသိဘူး၊ ဒိုးမာန့်လို့ ပြောရင် သူ သိပါတယ်"

"ဘယ်လို မင်းက ဖြိုးသူငယ်ချင်း ဟုတ်မှဟုတ်ရဲ့လား ဟယ်"

မဘဲဥက ကောင်းလေးပုံစံ ခပ်နွမ်းနွမ်းကို ကြည့်ပြီး အံ့ဩသွားရသည်။

ခြံတံခါးကို မဖွင့်ပေးသေးဘဲ နောက်ဘက်ပြန်လှည့်ကြည့်တော့ ဖြိုးက လူကြီးစတိုင်လ်နှင့် လျှောက်လာသည်။

"အန်တီဘဲဥ အပြင်မှာ ဘယ်သူလဲ"

"မင်းသူငယ်ချင်းတဲ့ ပြောတာပဲ"

"ဖြိုး. . . ငါပါကွ"





"ဒိုးလား . . . လာ. . . လာ. . . မင်းကို သတိရနေတာကွ"

ဖြိုးက ခြံတံခါးကို မြန်မြန်ဖွင့်ရင်း ထိုကောင်လေးကို ပခုံးဖက်ကာ တိုက်အိမ်ကြီးဆီခေါ်သွားသဖြင့် မဘဲဥမှာ အငေးသားနှင့် ဘာမှမပြောနိုင်တော့။

"မင်း ရောက်လာတာ ဝမ်းသာတယ်ကွာ၊ ငါ့အခန်းထဲ လိုက်ခဲ့"

ကျွန်းလှေကား ဝေ့ဝေ့ဝိုက်ဝိုက် ပြောင်လက်လက်လေးပေါ်မှ တက်ရသည်။ စတီးတန်းအလုံးခပ်ကြီးကြီးကို လက်ဝါးနှင့် ပွတ်ဆွဲရင်း ဒိုးမာန် မယုံချင်။

သူသိတဲ့ဖြိုးက ဒီမျှ ခမ်းနားကြီးကျယ်သော နန်းတော်ပမာ အိမ်ကြီးမှာ နေထိုင်သတဲ့။

ပုံပြင်တွေထဲက ရွှေမင်းသားလေးအတိုင်းပါပဲ။

ဟိုဒီငေးကြည့်ကာ ဒိုး မယုံချင်။

သူ့တစ်သက်မှာလည်း ဒီလောက်လှပကျယ်ဝန်းတဲ့ အိမ်ကြီးကို မရောက်ဘူးပါ။

မြင်ကို မမြင်ဘူးတာ။

ဧည့်ခန်းက ထိုင်ခုံကြီးတွေ၊ ပန်းချီကားတွေ ပန်းအိုးတွေ



www.burmeseclassic.com

www.burmeseclassic.com



ကအစ ရုပ်ရှင်ထဲမှာ ကြည့်နေရတဲ့အတိုင်း သားနားလှပလွန်းသည်။ ဒိုးသည် လှေကားတက်ရင်း ပြန်ငုံ့ကြည့်မိသည်။

ဖြိုးက ကျွန်းတံခါးရွက်ကို တွန်းဖွင့်ပြီး သူ့ကို အခန်းကျယ်တစ်ခုတွင်းသို့ ခေါ်ဆောင်လာသည်။

"ဒါ မင်းအခန်းလား ဖြိုး"

"ဟုတ်တယ်လေ"

"ဟာ. . . . မိုက်တယ်ကွာ၊ ဒီမွေ့ယာကြီးပေါ် ငါ ထိုင်ကြည့်လို့ရလား"

"ရတာပေါ့"

စပရိန်မွေ့ယာပေါ် ဗိမ်ကျကျ ထိုင်ကြည့်မိသည်။

"အိပ်ယာကြီးက နူးညံ့လိုက်တာကွာ၊ အိနေတာပဲ၊ မင်းဒီမှာ အိပ်တာလား"

ဒိုးမာန်မှာ သဘောကျမဆုံးပါ။

သူ့ပန်းတွေကိုလည်း အခန်းထဲက တန်းကလေးမှာ ချိတ်ထားလိုက်တာမို့ စံပယ်ပန်းရနံ့က တစ်ခန်းလုံး ပျံ့ပျံ့သင်းအောင် မွှေးကြိုင်နေသည်။

ဒိုးက ဖြိုး၏ပြည့်စုံသားနားမှုတို့ ကြည့်ကာ ပျော်ရွှင်စိတ်ချမ်းသာလှသည်။





လေယာဉ်ပျံအရုပ်တွေ၊ တင့်ကားအရုပ်တွေ၊ တစ်ခြားမွေးပွအရုပ်တွေကြည့်ရှုဆော့ကစားပျော်မကုန်နိုင်။

ကလေးပီပီ နှစ်ယောက်သားအခန်းထဲမှာ ဂျွမ်းပြန်အောင် ဆော့ကစားခုန်ပေါက်ကြ၏။



www.burmeseclassic.com

www.burmeseclassic.com

အဲဒီနောက်တော့ အိမ်မှာ ဖြိုးပျောက်နေပြီလားဆိုရင် စက်မှုဇုံက ဒိုးမာန်ထံ ရောက်သွားတာချည်းပါပဲ။

ဒိုးရဲ့ရွာထဲက တဲအိမ်လေးကို လိုက်သွားကြည့်တဲ့အခါ ဖြိုးက သူ့ကို ပိုသနားသွားမိပါသည်။

အဒေါ်ဖြစ်သူရဲ့ အရိုက်အဆဲလည်း ခံရသေးတာ။

ထို့နောက် ဖြိုးနဲ့ဒိုးဟာ တကယ့်ညီအစ်ကိုရင်းပမာ မခွဲမခွာနိုင်လောက်အောင် ချစ်ခင်ကျွမ်းဝင်မိကြသည်။ နှစ်ယောက်သား စက်မှုဇုံကိုဒေါင်က မပြန်ဘဲ အဲဒီမှာပင် အိပ်ကြတာကြောင့် ဒက်ဒီရော မာမီပါ စိတ်ပူပြီး လိုက်လာကြသည်။

♦ ဉာဏ်ဝင်းစာပေ ♦

www.burmeseclassic.com

www.burmeseclassic.com



"သား အိမ်မှာ ပျင်းတယ်၊ မလိုက်ဘူး"

"ဟဲ့ . . . ဒါက ဘယ်လိုပြောတာလဲ"

"ဒိုးမာန် မပါဘဲ သား ပြန်ကို မပြန်ဘူး ဒါပဲ"

မိဘတွေကို အကြီးအကျယ် ဂျီကျပူဆာပါတော့၏။

"အဓိပ္ပာယ်မရှိတာ၊ မင်းက သူ့ကို ဘယ်လိုအိမ်ခေါ်လို့ရမှာလဲ"

"မသိဘူး . . . သား . . . ဒိုးနဲ့ပဲ နေမယ်"

ကလေးငယ်၏ စွဲမိစွဲရာ သံယောဇဉ်မှာ ကြောက်ခမန်းလိလိ ပြင်းထန်နေပါသည်။ ဘယ်လိုမှ ဖျောင်းဖျနားချလို့မရ။

နောက်ဆုံးတော့ ဒိုးမာန်ရဲ့ဦးလေးဆီကနေ ဒိုးမာန်ကို မွေးစားပြီး ခေါ်ယူလိုက်ဖို့အထိ ဖြိုးမိဘတွေက စဉ်းစားဆုံးဖြတ်ရပါတော့သည်။



ခြံထဲက လူရိပ်လူခြည်ကို ဆောင်းနဒီ တစ်ချက်အကဲ[...]ခတ်လိုက်သည်။

အတော်ပဲ . . . ဘယ်သူမှ မရှိ။

ဒီပန်းတွေကို ခူးချင်နေတာ ကြာပြီ။ လက်ကို ယားနေ[...]တာပဲ။ အလစ်ချောင်းနေတာ လူမလစ်သေးလို့။

ဒီညနေမှာတော့ ခြံဝင်းတံခါးနှစ်ချပ်စလုံးကလည်း [...]လို့ အဆင်သင့်လိုက်တာ။

ဆောင်းနဒီ လှစ်ခနဲ လှမ်းဝင်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



နှင်းဆီအဖြူတွေ၊ ကြက်သွေးရောင်နှင်းဆီပွင့်ကြီး...

ဟာ ငှားငှားစွင့်စွင့်နှင့် လှချင်တိုင်း လှနေလိုက်ကြတာ။

နဒီ့ကို ဒီပန်းတွေက ဆွဲဆောင်နေကြသည်။ နဒီ...

နှင်းဆီပန်းဆို အရူးအမူး ကြိုက်သည်။ ဈေးကလည်း မဝယ်နိုင်...

မနက်ဆို ပဲပြုတ်နှင့် ထမင်းကြမ်းပဲ စားရပြီး ဦးလေးက မုန့်...

မပေးတာ ကြာပြီ။

ဒီတော့ ဆောင်းနဒီဆီမှာ ပိုက်ဆံလည်း တစ်ပြား...

မရှိဘူးလေ။ ပန်းကိုလည်း လိုချင်လွန်းတယ်ဆိုတော့ ဒီ...

စွန့်စားမှပဲ ရတော့မည်။

ကလေးပီပီ ပန်းအိုးနား လှစ်ခနဲ ချဉ်းကပ်ပြီး ပန်း...

ကို ဆတ်ခနဲ ခူးသည်။

တဂ သံတမ်းမှာ နှင်းဆီးကိုင်းက ချိုးဖို့ မလွယ်။

တိုက်ဂျိုးဆီ မော့ကြည့်ရင်း ရင်တထိတ်ထိတ် ခုန်...

သည်။ အဖြူသုံးပွင့်စလုံး . . . လာစမ်း။ လက်ထဲကို ...

ရောက်တဲ့အချိန်မှာ အော်သံတစ်ခု ကြားရ၏။

"ဟိတ် မပြေးနဲ့ . . . ပန်းသူခိုးမ"

သူ မပြေးနဲ့ဆိုမှ နဒီ အမြန်လှည့်ပြေး၏။

နောက်ကနေ ခြေသံတဖုတ်ဖုတ်နှင့် ပြေးလိုက်လာ...





နဒီ ရှေ့ကနေ အသားကုန် စွပ်ပြေးသည်။

စူပါမားကတ်ပိုင်တယ်ဆိုတဲ့ ဒီနာမည်ကြီးခြံနှင့် သူ့...

...ဦးလေး ဒရိုင်ဘာလုပ်နေသောခြံက ဘယ်လောက်မှ မဝေးတာ...

...ကြောင့် အားကုန် စွပ်ပြေးလာသည်။

ဂါဝန်အဖြူလေးဝတ်ထားသော သူမရဲ့ခြေတံရှည်တွေ

...က တင်းပါးဆီ ပြေးကပ်တော့မလို မာရသွန်ပြိုင်သလား မှတ်ရ...

...သည်။ နောက်က လိုက်လာသူကလည်း မခေ။

ထပ်ကြပ်မကွာ ပါလာသည်။

လမ်းမှာကလည်း လူရှင်း၊ ကားရှင်းနှင့် တိတ်ဆိတ်နေ...

...သည်။

တကယ့်ကို ဆိတ်ငြိမ်ရပ်ကွက်ထဲက ခြံဝန်းတိုက်တာ...

...တွေချည်းပဲ မဟုတ်လား။

"နင် မပြေးနဲ့နော် . . . မိပြီ . . . ကဲ ပြေးဦး"

လူချင်းလုံးထွေးပြီး မြေကြီးပေါ်ကျတာတောင် နဒီက...

...န်းတွေကို မလွှတ်သေး။

ခိုးရာပါ ပန်းတွေနှင့်ကို မိထားတာ။

ဖိုးချိုနှောက သူမဆံပင်ကို ဆောင့်ဆွဲထားသည်။

"လွှတ်စမ်း"



www.burmeseclassic.com

www.burmeseclassic.com



"နင်ဘာလို့ ပန်းခိုးလဲ၊ ဟင်း ဒီပန်းတွေကို ငါကြိုက်လွန်းလို့ မာမီက မှာပေးထားတာဟဲ့၊ အင်္ဂကလေးကထဲက ငါ စောင့်ကြည့်နေတာ၊ နင်က ဝင်ခိုးစရာလား ပြောစမ်း"

"ဆောရီးပဲ . . . ငါလိုချင်လို့ ပိုင်ရှင်မရှိဘူးထင်ပြီး ခူးတာပါ. . . ခိုးတာ မဟုတ်ပါဘူး"

"ဟဲ့. . . ပန်းခိုးတာလည်း သူခိုးပဲပေါ့. . . သူခိုးမရဲ့"

"နင် အဲလို မရိုင်းနဲ့၊ မကျေနပ်ရင် နင့်ပန်းတွေပြန်ယူ"

"ဒီမှာ ကြည့်စမ်း၊ ပွင့်ဖတ်တွေတောင် ကြွေကုန်ပြီ"

"အေးလေဟယ်. . . နှမြောစရာကြီး"

ဆောင်းနှင်းဒီ ပန်းကို ကိုင်တွယ်ပုံလေးက တယုတယနှင့် အလွန်မြတ်နိုးဟန်။ သို့သော် နှင်းဆီဖြူသုံးပွင့်ကို မိုးချိုနှောင်း လက်ထဲ လှမ်းပေးလိုက်၏။

"ငါ တောင်းပန်ပါတယ်၊ ပြန်ယူပါ"

"နင်လိုချင်ရင် တစ်ပွင့်ယူပေါ့"

"မယူတော့ပါဘူး"

ကလေးမလေးနှစ်ယောက်သည် လမ်းနံဘေးမှာ ထောက်ထိုင်ချကာ ပန်းသုံးပွင့်နှင့် ရှုပ်ယှက်ခတ်နေရ၏။

"မပြေးနဲ့ဆိုတာ နင်က ရပ်လိုက်တာ မဟုတ်ဘူး"





"ငါလည်း ကြောက်ပြီး ပြေးတာပေါ့"

သွေးအေးသွားတော့လည်း ကိုယ့်အဖြစ်ကိုယ် ရယ်မိကြသည်။ မိုးချိုနှောင်းကလည်း သဘောထားဆိုးတဲ့ မိန်းကလေး တစ်ယောက် မဟုတ်ပါ။

သူမမှာလည်း ရွယ်တူမိန်းကလေး အဖော် မရှိပါ။ မိုးချိုနှောင်းက တစ်ဦးတည်းသော သမီးလေး။ သူတို့နှစ်ဦးရဲ့ တူညီတဲ့ အချက်က ပန်းတွေချစ်တတ်တာပါပဲ။

"နင် ဘယ်အိမ်ကလဲ"

"ဟို တိုက်ဝါဝါကြီးက . . ."

"အဲဒါ အန်တီသူဇာတို့ တိုက်ပဲ"

"မဟုတ်ဘူး. . ငါ့ဦးလေးက နောက်ဖက်က တန်းလျားမှာ နေတာ၊ ကားဒရိုင်ဘာ"

"သြော်"

မေးမိတာပင် နှောင်း အားနာသွားမိပါသည်။

ဆောင်းနှင်းဒီ၏ ရုပ်ရည်လေးမှာ ဖြူဖြူစင်စင် ဝင်းဝင်း မွတ်မွတ်လေးမို့ အိမ်ကြီးရှင် သူဌေးသမီးနှင့်သာ တူပါသည်။

အင်းလေ . . . သူဌေးသမီးသာဆိုရင်တော့ နှင်းဆီပန်းကလေးတွေကို လိုချင်တပ်မက်စွာ လာခူးမှာ မဟုတ်ဘူးလေ။



www.burmeseclassic.com

www.burmeseclassic.com



"နင့်နာမည်က ဘယ်လိုခေါ်တာလဲ"

"ဆောင်းနဒီ"

"ငါက မိုးချိုနှော ငါတို့နှစ်ယောက်ပေါင်းရင် မိုးဆော
ဖြစ်ပြီ၊ နွေပဲလိုတော့တယ်၊ နောက်ထပ်သူငယ်ချင်းတွေ့လို့ နွေ
ဆိုရင်တော့ ပွဲသိမ်းပြီးပဲ ဟင်း . . . ဟင်း"

နှောက မာနကင်းစွာ ပွင့်ပွင့်လင်းလင်းရယ်ရင်း
သည်။

နှောမျက်နှာမှာ နှာတံစင်းစင်း နှုတ်ခမ်းဖူးအာအာလေ
နှင့် ငေးချင်အောင် ချစ်စရာကောင်းသည်။

"ဘာကြည့်နေတာလဲ"

"နင်က အရမ်းလှလို့ပါ"

"အံမယ်. . . မမြှောက်ပါနဲ့ နဒီရယ်၊ ပန်းတွေယူ
လည်း ယူပါနော်"

နှော မျက်နှာလေးက ရှက်စနိုးဟန်ပန် တွေ့တဲ့သူတို
က သူမ အလွန်ချောမောကြောင်း ချီးကျူးကြတာချည်းပါပဲ

နဒီက နီးနီးကပ်ကပ်ကြည့်ရင်း . . .

"နင့်မျက်နှာလေးက ချစ်စရာကောင်းတယ် ဖိုးချိုနှေ
ရဲ့၊ တကယ်ပြောတာပါ"





"နှောပဲ ခေါ်ပါဟယ်"

နှောကလည်း ဆောင်းနဒီရဲ့ ဆံပင်ရှည်လေးတွေကို
ကိုင်တွယ်ကြည့်ရင်း . . .

"နင့်ဆံပင်တွေက နူးညံ့ပြီး ပြောင်လက်နေတာပဲနော်၊
ကောင်းလိုက်တာ"

"ငါက ဆံပင်ရှည်ထားမှာ . . ."

"အခုတောင် ခါးထိရောက်တော့မှာပဲ"

"တင်ပါးဖုံးအောင် ရှည်ပါစေ ဆုတောင်းနေတာ"

"ရှည်မှာပေါ့"

"ကဲ . . . ထ. . . ထ. . ငါတို့နှစ်ယောက်လမ်းလယ်
ကောင် ထိုင်ပြီး စကားကောင်းနေတယ်"

"ဟုတ်ပါ့နော် . . . နဒီ၊ ငါတို့ အိမ်လိုက်ခဲ့ပါလား၊
နောက်ထပ်ပန်းတွေ အများကြီးရှိသေးတယ်၊ ခြံထောင့်မှာ သစ်ခွ
အိမ်လေး မတွေ့ဘူးလား"

"သစ်ခွကို ကြိုက်တော့ ကြိုက်ပါတယ်၊ ဒါပေမယ့် ဈေး
ကြီးလို့ ဝယ်မပန်နိုင်ဘူး"

"နဒီက ပန်းပန်တယ်"

"အင်း. . . ငါက ပန်းပန်ရတာ သိပ်သဘောကျတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို နှင်းဆီတစ်ပွင့် ပန်လိုက်ရော့. . . နင့်ခေါင်း ကလစ်လည်း ရှိတာပဲ၊ ပေး. . . ပေး. . . ငါပန်ပေးမယ်"

ပန်းသူခိုးဆိုပြီး လိုက်ဖမ်းခဲ့တဲ့ နွှောဟာ အခုတော့လည်း သဘောကောင်းကောင်းဖြင့် ဆောင်းနုဒီရဲ့ဆံပင်မှာ ပန်း ကိုယ်တိုင်ပန်ပေးလိုက်ပါသည်။

ထိုပန်းတစ်ပွင့်ကြောင့် ယဉ်စစနှင့် မြန်မာဆန်ဆန် ချောသော ဆောင်းနုဒီမှာ အပျိုမလေးကဲ့သို့ တင့်တယ်ရှု ဖွယ်ဖြစ်သွားသည်။

"နုဒီရယ် နင့်မျက်နှာက ပန်းနဲ့လိုက်တယ် သိလား"

"ဟုတ်လား"

ပန်းပွင့်လေးကို လက်ဖျားနှင့် ဖွဖွတို့ထိစမ်းသပ်ရင်း မျက်နှာက ကျေနပ်ပျော်ရွှင်သွားသည်။

"အပျိုမကြီး စတိုင်လ်နဲ့"

"မဟုတ်ပါဘူးနော်"

"လာ . . . အိမ်ကို လိုက်ခဲ့"

နွှောက နုဒီ့လက်ကလေးကို ဆွဲခေါ်လာပါသည်။

အိမ်နီးနားချင်း သူငယ်ချင်းအသစ်ရသဖြင့် နွှော သဘောကျနေသည်။





သူမတို့တစ်အိမ်သားလုံးက အဆင့်အတန်း မခွဲခြား။

မိုးချို့နွှောတို့ မိဘများသည် ယခုနောက်ပိုင်းမှ ရန်ကုန်မှာ အခြေချပြီး အချိန်တိုအတွင်း ကြီးပွားချမ်းသာလာတာ။

ယခင်ကဆို ရှမ်းပြည်ဖက်က ရွာငယ်လေးမှာ ဆင်းဆင်းရဲရဲ နေထိုင်စားသောက်ခဲ့ရသူတွေမို့ ဘဝမမေ့ဘဲ လူ့တန်ဖိုးကိုပဲ အဓိကထား ခင်မင်သည်။

နွှောက ခြံနီးနားချင်းကားဒရိုင်ဘာရဲ့ သမီးလေးကို ခင်မင်ဖော်ရွေသောအခါ မိဘများက မကန့်ကွက်ပါ။

ညှော်သည် ဆောင်သည်ပမာ ကော်ဖီနှင့် ဘီစကစ်မုန့်ပုံး နှင့် သစ်သီးဝလံတွေနှင့် ကျွေးမွေးဧည့်ခံသည်။

ပန်းသီးနှင့် စပျစ်သီးအလုံးခပ်ကြီးကြီးတွေဟာ ဒီလောက်ထိ ချိုမြိန်တာ နုဒီ အခုမှ သိသည်။

စပျစ်သီးချိုချိုတို့ဟာ ရင်ထဲ အေးမြသွားစေသည်။

"စားနော် နုဒီ၊ ဘာမှအားမနာနဲ့၊ ကိုယ့်အိမ်လိုပဲ သဘောထား"

ကိုယ့်အိမ်မှာသာဆို ပန်းသီးဆိုတာ တစ်နှစ်နေလို့ လည်း တစ်ခါ မဝယ်ဘူးတဲ့အရာပါ။ နွှောရဲ့ဘဝ ပြည့်စုံချမ်းသာ မှုကို နုဒီ ကြိတ်ပြီး အားကျမိသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒီလို အိမ်ကြီးမှာသာနေခွင့်ရရင်တော့ လူဖြစ်ကျိုးနပ်
ပါပြီ။ သူမတို့ကျတော့လည်း ဆင်းရဲနွံ့ချာလိုက်တာ။

မိဘမရှိလို့ ဦးလေးနဲ့ ကပ်နေပါတယ်ဆိုမှ ဦးလေးက
လည်း သူများအိမ်မှာ ယာဉ်မောင်းအဆင့်သာရှိတာမို့ နှောကို
ကောင်းကောင်းမွန်မွန် မထားနိုင်ပါ။

ဒါပေမယ့် ရန်ကုန်မှာက နေစရာ၊ စားစရာရှိသေး
သည်။

ရွာကိုသာ ပြန်သွားရင် အခုထက် ပိုဆိုးမှာ သေချာ
သည်။

နဒီ ဘယ်တော့မှ ရွာမပြန်ချင်။

"နဒီ. . . နင်ဘယ်နှစ်တန်းလဲ"

"လေးတန်း . . . နင်ရော"

"နဒီနဲ့ အတူတူပဲပေါ့"

နှစ်ယောက်သား မွေးနေ့တွေမေးကြ၊ ကျောင်းတွေ
အတန်းတွေ မေးကြနှင့်။

နဒီကတော့ အနီးအပါးက မူလတန်းကျောင်းလေးမှာ
တက်တာဖြစ်ပြီး နှောကတော့ နာမည်ကြီးအထက်တန်းကျောင်း
ကြီးမှာ . . .။





"နှောင်နှစ်ကျရင် နှောတို့ကျောင်းကို ပြောင်းခဲ့ပါလား
နဒီရယ်၊ နှော မာမီတို့ကို ပြောပေးမယ်လေ"

"ငါ့ဦးလေး ဆက်ပြီး ကျောင်းထားပေးရင်တော့ တက်ရ
မှာပေါ့၊ ဆယ်တန်းအထိတော့ ထားပေးမယ် ပြောတာပဲ၊ မသိ
သေးဘူး"

နဒီသည် နှောနှင့်ဆုံရတော့ မိမိဘဝကို အားငယ်လှပါ
သည်။

ဘဝတူချင်းမှ ပေါင်းလို့အဆင်ပြေမှာဟု ထင်ထားပေ
မယ့် နှောကျတော့ နားလည်မှုရှိပြီး သဘောထားပြည့်ဝလှတာ
မယုံချင်ပေမယ့် ယုံရသည်။

နဒီ့ကို လုံးဝအဆင့်အတန်းမခွဲခြားဘဲ တန်းတူရည်တူ
ဆက်ဆံတာကို စိတ်ထဲ တုန်လှုပ်ဝမ်းသာရပါသည်။

သူမရဲ့ဘဝမှာ သူဌေးသမီးနှင့် သိကျွမ်းခင်မင်ခွင့်ရတာ
ဟာ အိပ်မက်ဆန်လှပါသည်။

တစ်ခါမှ မမျှော်လင့်ဖူးတဲ့ အိပ်မက်မျိုးပါ။

ပြီးတော့ သူတို့နှစ်ဦးရဲ့ခင်မင်မှုက တစ်ရက်ကလေး
တခဏလေးနှင့် ပြီးမသွားခဲ့ပါ။ နှောက နဒီ့ကို မတွေ့ရင်
အန်တီသူဇာတို့ ခြံရှေ့မှာ လာခေါ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ပထမတော့ နဒီကို ကိုယ့်ဘဝနှင့်ကိုယ် အားတုံ့အား
နာ ခပ်ခွာခွာလေး နေကြည့်ပါသေးသည်။

သို့သော် သူမလည်း ရင်ထဲကနေ နော့အပေါ် သံယော
ဇဉ်ဖြစ်ကာ ချစ်ခင်တွယ်တာသွားမိသည်။

ဘဝအခြေအနေချင်း မတူသော်လည်း ရှေးရှေးက
ရေစက်အကြောင်းခံပါသလား မသိတော့ပါ။

ညီအစ်မရင်းချာလို တတွဲတွဲနှင့် မခွဲမခွာဖြစ်လာကြ
သည်။



"နဒီ လာလေ. . . ကားပေါ်တက်"

"ဟင့်အင်း ငါ ကြောက်တယ်"

နဒီက ခေါင်းလေး ခါယမ်းကာ မြန်မြန်ငြင်းဆန်သည်။

နော့မာမီနှင့်ဒက်ဒီ အခုလေးပဲ အပြင်ထွက်သွားတာမို့
နော့က ခြံထဲက ကားတစ်စီးပေါ်တက်ကာ စက်နှိုးကြည့်ဖို့
နဒီကိုပါ အဖော်ခေါ်သည်။

"ဖြစ်ပါ့မလား နော့ရယ်၊ ကားကြီး ထွက်လာဦးမယ်"

"ဖြစ်ပါတယ်၊ နော့ မောင်းတတ်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



နော်သည် ငယ်စဉ်ကတည်းက မိဘတွေ ကားမောင်းရင်း ဘေးက ငြိမ်ငြိမ်ထိုင်မစီးဘဲ မောင်းပုံမောင်းနည်းကို အမြဲ လေ့လာခဲ့သည်။

ဒက်ဒီကလည်း သဘောတရား သင်ပေးသည်။

အရွယ်ရောက်တာနှင့် အဆင်သင့် ကားမောင်းခွင့်ရမှာ ဖြစ်ပေမယ့် နော်ဝက အခုကတည်းက ကားမြင်ရင် မောင်းကြည့်ချင်တဲ့ ဝါသနာရှိသည်။

"လာပါဆို နဒီရယ်၊ နည်းနည်းစမ်းကြည့်ရုံလေးပါ ဘာမှ မဖြစ်ပါဘူးဟဲ့"

"ဟင့်အင်း"

"စကြောက်မ"

"ပြန်ဆင်းခဲ့ နော်ရာ"

နော်က သူမကို အတင်းအကျပ်ခေါ်နေသဖြင့် နောက်ဆုံးတော့ ငြင်းဆန်မရဘဲ နော်နံဘေးက ကူရှင်မှာ ခပ်တောင့်တောင့်လေး သတိစွဲကာ ထိုင်ရတော့သည်။

နော်ကတော့ ခပ်တည်တည်။

ပထမဆုံး လီဗာနင်းကာ စက်နှိုး၏။

စက်နှိုးသွားပြီဆိုတော့မှ အဆုံးထိနင်းထားတဲ့ ကလပ်





ကို ဖြေးဖြေးချင်း တစ်ဆင့်ပြီးတစ်ဆင့် လွှတ်သည်။ ရှေ့ကို ကားနည်းနည်းထွက်သွားပြီဆိုရင် ဘရိတ်ပြန် နင်း၏။

"နင် မောင်းတတ်သားပဲ နော်ရဲ့၊ ဟင်း. . . ဟင်း ပျော်စရာကြီး"

နော်၏ အစွမ်းအစနှင့် ကားလေး သပ်သပ်ရပ်ရပ် ရွေ့လျားနိုင်တာကိုကြည့်ပြီး နဒီက သဘောကျမဆုံးပေ။

အိမ်မှာဆို ဦးလေးစံက ယာဉ်မောင်းဆိုပေမယ့် သူဌေးပိုင်တဲ့ ကားနားတောင် နဒီတို့ ကပ်ခွင့်မရှိပါ။

ကားထွက်သွားရင်သာ ငေးမောကျန်ရစ်ရတာ။

အခုတော့ ကားအကောင်းစားကြီးရဲ့ ရှေ့ခန်းမှ နဒီ ခမတ်ကျကျ ထိုင်လျက်သား။

နှုတ်ခမ်းလေး မစေ့နိုင်အောင် ရယ်နေမိသည်။

ဘုရားစူးပါရဲ့. . .။

ကိုယ်ပိုင်ကားဆိုတာကို ဒီနေ့မှပဲ သေချာစီးဖူးတာ။

သွားစရာရှိရင်တောင် ဦးလေးစံတို့က တက္ကစီ ငှားစီးတာမှ မဟုတ်တာ။

သုံးလေးမိုင်လောက်ဆိုရင် လမ်းလျှောက် ခြေလျင် ဒီထက်ဝေးရင် ဘတ်စ်ကားစီးမည်။



www.burmeseclassic.com

www.burmeseclassic.com



ဒါပဲလေ။

ကားလှလှလေးထဲ သက်တောင့်သက်သာ ထိုင်ရတဲ့ အရသာကို နုဒီ ကြည်နူးလှ၏။

နှောကတော့ ကားကို ရှေ့နည်းနည်းတိုးလိုက်၊ ဘက်ခ်ဂီယာသွင်းပြီး နောက်ပြန်ဆုတ်လိုက်နှင့် တကယ့် ဝါရင့်ဆရာမကြီး စဆိုင်လ်. . .။

"နှောရေ. . . တော်ပြီလေ၊ ဒေါ်မိမိတွေ့သွားလို့ နှင့်မာမီကို ပြန်တိုင်နေဦးမယ်နော်"

"ခဏလေးပါဟယ်. . . မတွေ့ပါဘူး"

သူမ နည်းနည်း ထပ်အတင့်ရဲလျှင် ခြံလယ်မှာ စီတန်းထားတဲ့ ပန်းအိုးတွေကို တိုက်မိသွားပါတော့သည်။

"ဒုတ်"

"ဟဲ့. . . အမယ်လေး"

"ဟီး. . . ဟီး. . . မာမို့ပန်းအိုး. . ."

"ကွဲပြီ ထင်တယ်နော်. . . ဆင်းကြည့်မယ်လေ"

"ကွဲတာတော့ သေချာတယ်"

စွန့်စွန့်စားစား ရယ်ကြမောကြရင်းပဲ ပန်းအိုးတွေကို အစဖျောက် ရှင်းလင်းထားလိုက်ကြသည်။





"ပြန်လာလို့ သိသွားရင်ရော"

"ပန်းအိုးပျောက်နေတာ ချက်ချင်းကြီး မသိလောက်ပါ

"နှင့်မာမီက ပန်းခြံထဲ ဆင်းနေကျဟဲ့ သိသွားမှာပဲ"

နုဒီက ဘေးကနေ ပူပူပန်ပန် သောကရောက်၊ စိတ်ပူများနေသည်။ နှောကတော့ ခပ်အေးအေးသာ။

မိုးချိုနှောကိုက သူမထက် သွေးအေးတည်ငြိမ်တာပါ။

နုဒီကတော့ အဆူခံရမှာလားဟု ကြိုတင်ကြောက်ရွံ့နေသည်။ ဒါပေမယ့် နှော ကားမောင်းတာလည်း ရင်ခုန်စရာ။ ပျော်စရာကောင်းတာအမှန်။

ခိုးမောင်းကြည့်ရတာကြောင့်ပဲ ရင်တထိတ်ထိတ်နှင့် ပျော်စရာကြီး ဖြစ်နေခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com

နွေရာသီကျောင်းပိတ်ရက်ရှည်တစ်ခုမှာ နှောနှင့် နုဒီတို့ အင်္ဂလိပ်စပီကင် တက်နေကြသည်။

သင်တန်းတက်ရက် တစ်လမပြည့်ခင် တစ်ခုသော နေ့လည်ခင်းမှာတော့. . . ။

"နှော. . . ငါ ဒီနေ့ သင်တန်း မတက်တော့ဘူး"

ငိုထားသော မျက်ခွံမို့မို့ မျက်နှာနီနီနှင့် နုဒီက အပြေးလာ ပြောသည်။

"ဟယ်. . . အိမ်ထဲဝင်ဦးလေ၊ နင်ဘာဖြစ်တာလဲ၊ ငါ့ကို သေချာပြောပါဦး"

"နှောရယ်. . . နုဒီတို့ ခွဲရတော့မယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်"

ဆောင်းနဒီက ပြောရင်းက မျက်ရည်ကျလာပါသည်

"ဦးလေးစံကို အလုပ်က ထုတ်လိုက်ပြီ"

"ဘာဖြစ်လို့လဲ နဒီ"

"ဦးလေးက မျက်စိတအားမှုန်တော့ ညဖက်ကော ကောင်း ကားမမောင်းနိုင်ဘူးလေ။ သူတို့ကလည်း အထည် စက်ရုံတွေ၊ လုပ်ငန်းစုံတွေနဲ့ဆိုတော့ နေ့နေ့ညည အပြင် ချောင်းချောင်းထွက်နေတာ၊ အဲဒါကြောင့် တစ်ခြားအသက် တဲ့ ဒရိုင်ဘာခေါ်လိုက်ပြီ နဒီတို့ အိမ်ပြောင်းပေးရတော့မ

ကြားရသောစကားတွေကြောင့် နှောလည်း အလွန် ညစ်သွားရသည်။ နဒီနှင့်ခွဲရမှာ သူမလည်း စိုးသည်။ မခွဲချင်

"ဘယ်ကို ပြောင်းရမှာလဲ"

"ဦးလေးစံက ရွာပြန်မယ်တဲ့"

"ဟယ် . . . နင်ကလည်း အဲလိုတော့ မလုပ်ပါနဲ့၊ မ ပါနဲ့"

နှောစကားကြောင့် နဒီက ရှိုက်ငိုလိုက်သည်။

"နဒီလည်း မပြန်ချင်ပါဘူး နှောရယ်၊ ဒါပေမယ့် တတ်နိုင်မှာလဲ"





နှောက နဒီပခုံးလေးကို ဖက်လိုက်သည်က သူမရင်ထဲ ငှ်ကျပ်သွားမိသည်။

အချိန်တိုတိုနှင့် သူမတို့ သံယောဇဉ် ကြီးမားခဲ့ပြီလေ။ အတူတူကျောင်းတက်ကြ၊ ပျော်ရွှင်ကြဖို့ စိတ်ကူးတွေ ပျက်စီး ပြီလား။

နှောသည် နဒီမှ မပါလျှင် ဘာမှ မလုပ်တတ်တော့ လို တစ်ယောက်နှင့်တစ်ယောက် ခပ်ပြင်းပြင်း နှောင်ဖွဲ့ထား ပြီ။

ဒီနှောင်ကြိုးက ဖြေဖို့ မလွယ်တော့ပါ။

နှောသည် ဘယ်လို နှစ်သိမ့်ရမှန်းမသိသဖြင့် ဆောင်း ကိုဖက်ပြီး သူပါ တဟီးဟီးနှင့် ရောငိုချလိုက်ပါသည်။ ကလေး စ်ယောက်အနေနှင့် ထိုကိစ္စကို ဘယ်လိုမှ မဖြေရှင်းတတ်။

ညှော်ခန်းမှာ မတ်တပ်ရပ်လျက် တစ်ယောက်ကိုတစ် ယောက်ကျစ်ကျစ်ပါအောင် ဖက်ငိုနေကြသော နှစ်ယောက်ကို ကားမှ ဆင်းလာသော နှောမာမီက တွေ့သွားပြီး အလန့် ကြား ရင်တုန်သွားရ၏။

"ဟဲ့ . . . ဟဲ့ . . . ဒါက ဘာဖြစ်ကြတာတုန်း"

အပြေးအလွှား အနား ရောက်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



ရွှေပေါ်မြတင် ဖူးဖူးမှုတ် အလိုလိုက်ထားသော သူ့သမီးကလေး ဤမျှငိုရှိုက်နေတာမြင်တော့ မာမီ ပျာယာခတ်သွားပါသည်။

"သမီးလေး ဘာဖြစ်လို့လဲ၊ တိတ်တိတ်၊ မာမီ့ ပြောစမ်း ဘာဖြစ်လို့လဲ၊ ဘာလို့ ဒီလောက်ငိုရတာလဲ သမီးလေးရယ်"

နှော မာမီက လာချော့မော့မေးမြန်းသည်။

အကြောင်းရင်းကို သိသွားတော့မှ ရင်ဘတ်ဖိကာ သက်ပြင်းချ၏။

"ကြော်. . . နှောလေးရယ်၊ ဖြစ်မှ ဖြစ်ရလေ၊ မာမီက ဘာများ ဖြစ်သလဲဆိုပြီး လန့်သွားတာပဲ၊ ကဲ . . . ကဲ၊ တိတ်တော့ နဒီလည်း တိတ်. . . ဒီမှာ လာထိုင်ကြဦး"

မာမီက ဖျောင်းဖျရင်း နှောကို မျက်ရည်သုတ်ပေး၏။ ဆောင်းနဒီကတော့ ပါးပေါ်က မျက်ရည်ပူတို့ကို လက်ခုံနှင့် ပွတ်သတ်ဖယ်ရှားလိုက်ပါသည်။

နှစ်ဦးသား ရင်ထဲနင့်ကာ ငိုလို့ မောသွားကြပြီ။

မာမီက အအေးတိုက်သည်။

သူ့သမီးလေးက တစ်ဦးတည်းသော သမီးဆိုတော့ အဖော်ငတ်သည်။





အထူးသဖြင့် ရွယ်တူအပေါင်းအဖော် မိန်းကလေး ငတ်လှသည်။

ဒေါ်မာလာကလည်း ထပ်မွေးမပေးနိုင်တော့။

"မာမီ . . . နဒီက ရွာပြန်မယ်တဲ့၊ သူ့ကို မပြန်ခိုင်းပါနဲ့နော်"

"အေးပါ သမီးလေးရယ်"

ဒေါ်မာလာလည်း မနှစ်သိမ့်တတ်အောင် ဖြစ်နေသည်။ ဆောင်းနဒီလေး အပေါ်လည်း ဂရုဏာသက်သံယောဇဉ်ဖြစ်နေတာ အမှန်ပါ။

နှောကလည်း ဖျပ်ဖျပ်လူး ချစ်ခင်နေသည်။

သူ့အရမ်း ကြိုက်တဲ့ ချော့ကလက်တို့ ဒူးရင်းသီးတို့ တစ်တောင် တစ်ယောက်ထဲ မစားဘဲ နဒီ့ကို ခေါ်ကျွေးတတ်သည်။

ကိုယ်လည်း နှောလေးလိုအပ်တဲ့ အဖော်ကို မပေးနိုင်။

ကျောင်းက သူငယ်ချင်းတွေကျတော့ ခပ်တန်းတန်းနှင့် ဒီ့လို မနွေးထွေး မချစ်ခင်လှပေ။ ခက်တော့ ခက်သည်။

"မာမီ နှော နဒီနဲ့ပဲ အတူတူနေချင်တယ်၊ နဒီ့ကို သမီး အိမ်မှာ ခေါ်ထားလိုက်မယ်နော်"



www.burmeseclassic.com

www.burmeseclassic.com



"အေးပါကွယ်၊ မာမီ ကြည့်စီစဉ်ပါဦးမယ်၊ ဘာမှ မပူ[ပါ]နဲ့၊ သမီး ဒက်ဒီပြန်လာရင် တိုင်ပင်ကြည့်မယ်လေ၊ ဟုတ်ပြီလား"

လူကြီးတွေ အတွက်ကကလေးတစ်ယောက် မွေးစား[ဖို့] မလွယ်လှတဲ့ ကိစ္စပါ။

နှောကတော့ ကလေးပီပီ နဒီနှင့် အတူတူနေချင်တာ[ပဲ] သိသည်။ ကျန်တာ ဘာမှ မစဉ်းစားတတ်။

ဒေါ်မာလာ ဆုံးဖြတ်ရခက်နေသည်။ ရှေ့ရေးရှေ့ရာက ရှိသေးသည်။

သူတို့အနေနှင့် လူတစ်ယောက်ရဲ့ စားဝတ်နေရေး တတ်နိုင်သည်။ ကုန်ကျပေးကမ်းနိုင်သည် ဆိုပေမယ့်လည်း သမီးတစ်ယောက် တရားဝင် ထပ်မွေးစားဖို့ဆိုတာ တစ်ခါမှ စိတ် မကူခဲ့မိ၍ အကျပ်ရိုက်နေသည်။



"ဟော့ကောင် ဒိုး. . . လန်းတယ် မဟုတ်လား"

"ဘာလဲကွ"

"ခုဏ ပြိုင်ဘီး အနီရဲလေး နှစ်စီးလေ"

"သြော်. . . မင်းပြိုင်ဘီးစီးချင်လို့လား အခုလည်း စကိတ်စီးနေသားပဲ"

သူတို့ခြံပြင် ဂုန်းလျှောလေးမှာ စကိတ်ထွက်စီးခိုက် ပြိုင်ဘီလေးနှစ်စီးအပြိုင်နင်းကာ ချစ်စရာမိန်းကလေးနှစ်ဦး ဖြတ် သန်းသွားတာပါ။

တစ်ယောက်က ဆံပင်ရှည်ကြီးကို ပိုနီတေးစည်းနှောင်



www.burmeseclassic.com

www.burmeseclassic.com

ထားပြီး ကျန်တစ်ယောက်က ကျောပေါ်ဝဲရုံရှိသည့် ဆံပင်ဖွားဖွား ခွေခွေလေးတွေနှင့်။

မျက်စိလျှင်သော ဖြိုးက သေချာလိုက်ကြည့်နိုင်၏။

တကယ်ဆို စက်ဘီးဖြတ်သွားချိန်က ဘာမှမကြာပါ။

"ဟာ. . . ဒိုး. . . ကြည့်စမ်း (၂၄) တွမ်တီဖိုးထဲ ဝင်သွားပြီ၊ 24 B ကို ပြောင်းလာတာကွ၊ အစက ချိုင်းနိစ်တွေ ပြောင်းသွားပြီ ထင်တယ်"

"ဟုတ်မှာပေါ့"

"နည်းနည်းပါးပါး ပတ်ဝန်းကျင် လေ့လာမှပေါ့ ဒိုးရာ မင်းကလည်း . . ."

"ငါ စိတ်မဝင်စားဘူး"

ဒိုးက နည်းပညာတက္ကသိုလ်တက်နေပြီ။

ခုထက်ထိ မိန်းကလေးကိစ္စ အဖော်စပ်လို့ မရသေး။

"ချစ်စရာလေးကွ၊ ဆံပင်ရှည်လေးရဲ့မျက်နှာက ဘယ်လိုလေးမှန်း မသိဘူး၊ ရေလည် ဆွဲအားပြင်းတယ်၊ ငါ့ကို လှစ်ခနဲ တစ်ချက် ငဲ့ကြည့်သွားတယ်"

"ဖြိုး မင်းနော်၊ ခြံနီးချင်းတွေ ပြဿနာသွားမရှာနဲ့၊ မင်းဖားသားကြီး ပွမ်လိမ့်မယ်နော်"



"ကျွတ်. . . ဒီမှာ ထိသွားပြီကွ၊ မရတော့ဘူး"

"ဒီတစ်ခါ ပြေးပေါက်မှားရင် ငါမပါဘူးနော်. . . ဒါပဲ"

"ဒါလေးက အမှန်အကန်ပါ၊ မင်းသူငယ်ချင်းကို နည်းနည်းပါးပါး ယုံကြည်စမ်းပါ"

သူတို့ စကိတ်စီးတာနားရင်း ခြံတံခါးဝမှာ စကားရပ်ပြောနေတာ။

"အိမ်ပြောင်းလာတာဆိုရင်တော့ အိမ်သစ်တက်ပွဲတွေ ဘာတွေ လာဖိတ်နိုင်တယ်ကွ၊ အဲဒီခြံဖုန်းနံပါတ်လည်း စာအုပ်ထဲမှာ ရှိပါတယ်၊ ငါ နည်းနည်းလှုပ်ရှားလိုက်မယ်"

ဖြိုးက တက်ကြွအားပါနေ၏။

ဒိုးမာန်က သူ့ကိုကြည့်ပြီး မျက်နှာရှုံ့ပခုံးတွန့်လိုက်၏။

ကိုဖြိုးတို့ကတော့ ဇာတ်လမ်းစပါတော့မည်။

"သူတို့ယောကျ်ားတွေရှိရင် မင်းကိုနှာလိမ့်မယ်နော်"

"အပျိုလေးတွေပါ"

"မင်း ဘယ်လိုသိနိုင်မှာလဲ"

"ကိုဖြိုးတို့ ဒီလောက်မညံ့ပါဘူး၊ မင်းနဲ့ ငါနဲ့ လောင်းမလား"

စိတ်ပျက်အောင် ပြောလည်း မရပါ။



www.burmeseclassic.com

www.burmeseclassic.com



"ဒိုး ငါ မေးမယ်"

"ဘာကိုလဲ"

"ခုနနှစ်ယောက်မှာ ဘယ်သူ့ကို ကြိုက်လဲ"

"ကျွတ်. . . ဘာတွေလာမေးနေတာလဲ၊ ငါ သေချာတောင် မကြည့်လိုက်မိပါဘူးကွာ"

"မင်းကို အရင် ချိုက်စ်လုပ်ခွင့်ပေးမလို့"

"နေပစေ. . . ဘိုးတော်ရယ် တော်ပါပြီ"

"အေးလေ. . . အခြေအနေအရပေါ့၊ ငါ ဖုန်းနဲ့ မိတ်ဆက်ကြည့်လိုက်မယ်"

ဖြိုးက ချက်ချင်း အကောင်အထည် ဖော်ချင်နေပြီ။

ခဏလောက်ကြာလျှင် ဟဲန်းဖုန်း သွားယူလာပြီး ဖုန်းခေါ်ပါသည်။

ဒီကောင့်မှ ရှာရှာဖွေဖွေ ဖုန်းနံပါတ်တွေလည်း ဆက်သွယ်စရာ အဆင့်သင့်ရှိနိုင်ပါဘိ။

"ဟက်လို . . ."

တစ်ဖက်က ထူးသံကြားလျှင် ဖြိုးက ခပ်တည်တည်ဖြင့်. . .

"ခြံအမှတ် 24-B ကလာ ခင်ဗျာ"





"ဟုတ်ပါတယ်"

"လူသစ်တွေ ရောက်နေတာလား"

"ကျွန်မတို့ ဝယ်လိုက်တာပါ"

"ခုန ပြိုင်ဘီးနဲ့ ဝင်သွားတာတွေ့တယ်"

"အခု ပြောနေတာ ဘယ်သူပါလဲ"

"ကျွန်တော်လား. . . ကဆုန်ဖြိုးပါ၊ ခင်ဗျားတို့ရဲ့ ခြံနီးချင်းပါ၊ သုံးခြံပဲခြားတယ်၊ အခုန စကိတ်စီးနေတာလေ"

"သြော်. . . ဘာကိစ္စများလဲ"

"နဒီရေ. . . ဘယ်သူလဲဟေ့"

နှောက ကွန်ပျူတာရှေ့က ဆုံလည်ခုံမှာ ထိုင်ဖို့ ဟန်ပြင်ရင်း ဒီဘက်လှည့်မေးသည်။ ခုမှ အိမ်ပြောင်းခဲ့တာ တစ်ပတ်တောင် မပြည့်သေးတော့ ဒီအိမ်ရဲ့ဖုန်းကိုတောင် ဘယ်သူ့မှ လှမ်း အသိမပေးရသေးပါ။

ကိုယ့်ဘာသာ အလုပ်တွေရှုပ်ပြီး ပစ္စည်းတွေ နေရာချနေဆဲမို့ ဒီညနေမှပဲ ပြိုင်ဘီး ထွက်စီးဖြစ်တာ။

ဖုန်းမြည်လာတော့ အရင်လူဟောင်း တရုတ်မိသားစုထံ ဆက်တယ်ပဲ ထင်မိတာ။ နဒီက ပြန်မဖြေဘဲ လက်ယပ်ခေါ်၏။

ဖုန်းခွက်ကိုလည်း လက်နှင့် ပိတ်ထားရသေးသည်။



www.burmeseclassic.com

www.burmeseclassic.com



"ခုန စကိတ်စီးနေတဲ့လူတဲ့"

"ဘာရယ်"

နော ချက်ချင်း သဘောမပေါက်။

"ခြံနီးနားချင်း မိတ်ဆက်တာ"

"ဩော် . . ."

"ဒီမှာ . . . ဟက်လို . . . ဟက်လို"

"ရှင်"

"အသံတိတ်သွားလို့ပါ"

"ရှင်ဘာပြောစရာရှိလို့လဲ"

"အခုန တစ်ခုခု ကျကျန်ခဲ့တာ သတိထားမိလား"

"ရှင်"

ဆောင်းနဒီ မျက်မှောင်ကုပ်သွားမိသည်။

ဘာကျကျန်ခဲ့ပါလိမ့်။ လည်ပင်းက ဆွဲကြိုးလား ပြန်စမ်းသည်။

နားဆွဲကတော့ နားမှာ လှုပ်နေတာ ခံစားမိသည်။

ဘာမှတော့ မကျခဲ့လောက်ပါဘူး။

"ဘာလဲ . . . သိလား"

"ဟင့်အင်း"





"ကျွန်တော် ကောက်ယူလိုက်ပြီ"

"ဘာလဲရှင့်"

ဆောင်းနဒီ နားမရှင်းသဖြင့် ပြန်မေးလိုက်သည်။

"မသိဘူးလား၊ အချစ်တွေ ကျခဲ့တာ"

"ဘာ"

"အဟဲ . . . ခင်လို့ စတာပါ၊ စိတ်မဆိုးပါနဲ့၊ တစ်လမ်းတည်းသားချင်း မိတ်ဆွေဖွဲ့တဲ့ သဘောပါ၊ ဘာရယ် မဟုတ်ပါဘူးဗျာ"

"ရှင် စကားကို ကောင်းကောင်းပြောပါ၊ နောက်စရာ မဟုတ်ဘူး"

"ဟုတ်ကဲ့"

"အခုမှ ဘာဟုတ်ကဲ့လဲ၊ တောင်ပြောမြောက်ပြောနဲ့"

"ကျွန်တော့်စကားတွေ မှတ်မထားပါနဲ့"

"အံမယ်"

"နဒီ နေမကောင်းလို့လား"

"ဘာရယ်"

"အနိမ်မယ်ဆိုလို့ မေးကြည့်တာ"

"ရှင် တော်တော် ပေါက်ကရပြောပါလား"



www.burmeseclassic.com

www.burmeseclassic.com



"ပျော်တတ်တာပါဗျာ"

"ကျွန်မနာမည် ဘယ်လိုသိလ"

"စုံစမ်းလိုက်တာ"

"ဘယ်မှာ စုံစမ်းလိုက်တာလဲ"

"ဒီလိုပဲပေါ့ဗျ၊ ဟဲ. . . ဟဲ၊ အခုန ခင်ဗျားနာမည် ခေါ်သံလားလို့၊ နဒီလို့ ကြားလိုက်လို့ မှန်းကြည့်တာ"

"တယ်နားပါးပါလား"

"တစ်ခြား အရည်အချင်းတွေလည်း အများကြီး ရှိသေးတယ်"

"ရှင့်ကို ဘယ်သူ အင်တာဗျူးလို့လဲ"

"နဒီနဲ့ ကျွန်တော်နဲ့ မိတ်ဆွေ ဖြစ်သွားပြီနော်၊ အိမ်အလည်လာလို့ရပြီလား"

"မရဘူး"

"ဟ. . . တစ်မျိုးကြီးပါလား၊ လူမှုရေးအရတော့ ခေါ်သင့်ပါတယ်"

"ရှင့်ပုံက တကယ်လာမယ့်ပုံကိုး. . . "

"မလာစေချင်ဘူးလား"

"လူချင်းတောင် မသိသေးဘဲနဲ့"





"ကျွန်တော် ပြောနေသားပဲ၊ ဘာအကြောင်း သိချင်လဲ၊ းလိုက်. . . အကုန်ဖြေမယ်"

"မေးချင်ရာမေး ကဏ္ဍကပေါ့"

ဒိုးမာန်သည် ဖြိုးရဲ့ စကားကြောရှည်နိုင်မှုကို အံ့ဩနေည်။ ပထမတော့ ဟိုဘက်က ဖုန်းမကိုင်ဘဲ ဒီဘက်မှာ ်ယောက်တည်း ရှိနေတာ။ သူ့ကို ကပ်ကြွားနေတာဟု ထင်မိးသည်။

ဖြိုးကတည်း သူ့အမူအယာကို ရိပ်မိသလို ကောင်မး အသံကို နားနားလာကပ်နားထောင်စေသည်။

ဟောဗျာ. . . တကယ် အချီအချ ပြောနေကြတာ။

"ဟက်လို. . . ဟက်လို"

"ပြော. . . ပြော နဒီ ကျွန်တော် ကြားတယ်"

"ပြောစရာကုန်ပြီ. . . ဒါပဲလို့ နှုတ်ဆက်မလို့"

"နေပါဦး. . . လာလည်ခွင့်လေးတော့ ပေးပါ"

"အံမယ်. . . မပေးနိုင်ပါဘူး၊ စကားပြန်ပြောတာင် လွန်လှပြီ၊ ရှင် ကျွန်မနဲ့တွေ့လို့ ကံကောင်းတယ်မှတ်၊ ်မညီမသာဆို ချက်ချင်း ဖုန်းချပစ်မှာ. . . သိလား"

"ဒါဆို ခင်ဗျားညီမက မာနကြီးတဲ့သဘော၊ နေစမ်းပါဦး



www.burmeseclassic.com

www.burmeseclassic.com



ဗျာ၊ တစ်ခုလောက် မေးပါရစေ၊ နဒီက ဆံပင်ရှည်နဲ့လား၊ ဆံ
ကောက်ကောက် အသားဖြူလေးလား"

"ဘာကိစ္စမေးတာလဲ"

"သိချင်လို့ပေါ့ဗျာ"

"ရှင့်ဘာသာ ခန့်မှန်းကြည့်"

"မှားသွားမှာစိုးတယ်"

"ဒါဆိုလည်း မမှန်းနဲ့တော့"

"ဟာ. . . နေပါဦး၊ မှန်းတာက မှန်းချင်ပါတယ်"

ဖြိုးက တစ်ချက် စဉ်းစားသည်။

သူ့အာရုံထဲမှာ မှတ်မိလိုက်တာက ဆံပင်ရှည်ရှ
ကိုယ်လုံးလှလှလေးရဲ့မျက်နှာ"

"ဆံပင်ရှည်ရှည်လေးဗျာ"

"မဟုတ်ဘူး"

ငြင်းသံကြောင့် စိတ်ဓာတ်ကျသွားသလို ဖြစ်မိရင်း

"ဒါဆို အကောက်မလေး"

"မဟုတ်ဘူး"

"ဘာလဲဗျာ"

"ရှင့်ကို မပြောပါဘူးနော်"





"ဟာ. . . နဒီ ညစ်တာပဲ"

သူမဆီက ရယ်သံချိုလေး ကြားရသည်။

အင်မတန် ရင်ခုန်စရာကောင်းတဲ့ ရယ်သံတိုးမွှမွှလေး။

ကြားရရုံနှင့် ဖြိုးရင်မှာ လှုပ်ခတ်အသည်းယားမိသည်။

သူမဟာ ဘယ်သူပဲဖြစ်ဖြစ် ဒီအသံကြားရုံနှင့် ကြိုက်ချင်
စရာပါ။

တော်တော် နားဝင်ချိုတဲ့အသံရှင်လေး။

"ဒါပေမယ့် နာမည်ကတော့ နဒီ သေချာပါတယ်၊
နောက်တစ်ယောက်ကရော"

"လျှောက်ပြောရင် သူ စိတ်ဆိုးလိမ့်မယ်၊ အခုတောင်
ဒွန်မကို လာဆိတ်နေတာ သူးချက်ရှိပြီ ဟင်း. . . ဟင်း"

တကယ်လည်း စကားကြောရှည်၊ လျှာရှည်လှတဲ့
အောင်းနဒီကို နှောက မျက်စောင်းရွယ်ရင်း နာနာဆိတ်လို့ သတိ
ပေးနေသည်။ နဒီက ဖုန်းပြောတာတို့၊ အင်တာနက်ရှာဖတ်
တာတို့၊ ချက်ကင်ဝင်တာတို့ အင်မတန် ဝါသနာပါတာ။

ညဆို တော်တော်နှင့် မအိပ်ဘဲ ကွန်ပျူတာရှေ့
ထိုင်တတ်တဲ့ မိန်းမလေး။ အခုလည်းကြည့်၊ ဘုမသိဘမသိနဲ့
ကြုံတဲ့လူနှင့် လေပေးဖြောင့်နေပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"အ. . ဟင်း. . . ဟင်း၊ တော်ပြီနော် ကိုကဆုန်ဖြိုး"

"ညကျ ထပ်ဆက်မယ်"

"မလုပ်နဲ့. . . ဖုန်းဘီလ်တွေ သိပ်တက်နေလိမ့်မယ်"

"တက်တက်ဗျာ. . နဒီနဲ့ စကားပြောရတာ ပျော်တယ်"

"အောင်မာ. . . ကျွန်မက ရှင့်အတွက် ဟာသလား ပျော်ရအောင်"

"စိတ်ချမ်းသာတယ်ဗျာ. . . ဒါဆိုရင်ရော"

"ဟော့လူ. . . ဘောင်မကျော်နဲ့နော်၊ သွယ်ဝိုက်ပြ ရည်းစားစကားပြောမယ်ကြံရင် ရှင်နဲ့အပြတ်ပဲ"

"ဒါဆို တဲ့တိုးပြောရင်ရော"

"ရှင်နော်"

"စတာပါ. . . မပြောသေးပါဘူး"

ဆောင်းနဒီမှာ မျက်စောင်းခဲ၊ နှုတ်ခမ်းဆူမိပါသည်။

ဆွဲဆောင်မှု ရှိလွန်းတဲ့အသံနှင့် သူဟာ ဘယ်သူလ

စောစောက တွေ့ခဲ့တဲ့ နှစ်ယောက်ထဲက တစ်ယော တဲ့။ လှစ်ခနဲ တွေ့လိုက်တဲ့ လူရွယ်လေးနှစ်ယောက်မှာ ယောက်က ခပ်ပုဟော့ဟော့ပုံစံ၊ ခပ်မြောက်မြောက် စတိုင်လ် ခေါင်းမှာ ပုဝါချည်နှောင်ထားတာ သတိပြုမိခဲ့သည်။





ကျန်တစ်ယောက်ကလည်း ဘောင်းဘီနှင့်ပါပဲ။

ဒါပေမယ့် သူမတို့စက်ဘီးကို လှည့်တောင် မကြည့်။

အငမ်းတူပြီး လည်ပင်းလိမ်အောင် ရှိုးတာကတော့ ပုဝါ မ်းနှင့် တစ်ယောက်ပါပဲ။

ရှင် အခုန ပုဝါစည်းထားတဲ့သူလားမေးရင် သူ့ကို တ်ဝင်စားရာကျမှာစိုး၍ နဒီ မမေး။ ဒါပေမယ့် သူမစိတ်ထဲမှာ ား ကိုပုဝါပဲ ဖြစ်စေချင်သည်။

ရင်ထဲက ရုတ်တရက် တောင့်တချက်ပေါ့နော်။

ဘာရယ်လို့တော့ အမည်တပ်ရခက်သည်။

◆ ဉာဏ်ဝင်းစာပေ ◆

www.burmeseclassic.com

www.burmeseclassic.com

ညစာစားအပြီး ဧည့်ခန်းမှာ တီဗွီကြည့်နေကြချိန်မှာပဲ
င်းသံက မြည်လာပါသည်။

"နုဒီရေ. . . နင့်ဖုန်းထင်တယ်"

"ဟုတ်ပါ့မလား"

"ကြည့်လိုက်လေ"

"ဒီမှာ ကားကောင်းနေတယ်၊ ခဏလေး"

ကိုရီးယားဇာတ်လမ်းတွဲကို တစ်ဖက်က အကြည့်
ပျက်။

နွေ့ာကပဲ ဖုန်းနားထောင်လိုက်ရသည်။

"ဟက်လို"



www.burmeseclassic.com

www.burmeseclassic.com



"နဒီလား"

"မဟုတ်ဘူး"

"ဟုတ်ပါတယ်ဗျာ. . . မညာပါနဲ့"

"နဒီ တီဗွီကြည့်နေတယ်၊ နောက်မှ ပြန်ဆက်လိုက်

အသံချင်း နည်းနည်းကွာတာ၊ ကွဲပြားတာကို ဖြိုး သ ပြုံးမိသွားသည်။

"ဒါဆို နဒီ့ညီမ ထင်တယ်"

သူမက မဖြေ။ ဖုန်းချသွားသည်။

စိတ်ပျက်စရာကောင်းမလေး။ အိမ်က ဒိုးလိုမျိုးပဲ အ က မဖြေ။

"ကျွတ်"

ဖြိုးက စိတ်ပျက်စွာ ကျွတ်ခနဲ ရေရွတ်ပြီး ဖုန်းကို ပိ လိုက်သည်။

"ဘယ်လိုဖြစ်တာလဲ"

"နဒီ့ညီမက မင်းလိုပဲ ထောင့်မကျိုးဘူး"

"ဟ. . . ငါနဲ့ ဘာဆိုင်လဲ"

"မင်းလိုပဲ ထုံပေပေကြီးနဲ့ ခပ်ပိန်းပိန်းပဲ ထင်ပါတ

ဖြိုးက နှိပ်ကွပ်လိုက်သည်။





ဒိုးမာန်က သိပ်ဂရုမစိုက်လှသလို. . .။

"မင်းသာ ဇာတ်လမ်းတွေများပြီး ကိုယ့်ဇာတ်ကိုယ်မနိုင်ဘဲ ရှာလည်နေတယ်မို့လား၊ အခု နဒီ နဒီ စလာပြန်ပြီ"

"ဒီတစ်ခါ တကယ်ပါဆိုကွာ"

"ဘာ တကယ် ဖီးလ်ဝင်ပြနေတာလဲ၊ ဘယ်နှစ်ရက်ခံမှာမို့လဲ"

"ကြည့်နေစမ်းပါ၊ မင်းအစ်ကိုကြီး နည်းနည်းပါးပါး အားကျမှပေါ့၊ အစ်ကိုကြီး အဲဒီလောက်စွံပြီး ညီလေးက ရည်းစားတောင် မရှိဘူး"

"တော်ပါပြီ. . မင်းကိုကြည့်ရတာနဲ့တင် စိတ်ပျက်နေပြီ"

"ငါ. . . နဒီနဲ့ အိုကေသွားရင် မင်းကို နဒီ့ညီမနဲ့ မိတ်ဆက်ပေးမယ်"

"နေစမ်းပါ"

"အဲဒီကောင်မလေးလည်း လှတော့လှပါတယ်"

"စိတ်ကူးယဉ်မနေနဲ့"

"သူတို့ညီအစ်မနဲ့ ငါတို့ညီအစ်ကို၊ အဆင်ကိုပြေလို့ တစ်ရက်တည်းတောင် မင်္ဂလာဆောင်လို့ရမယ်"

ဖြိုးက သူ့စိတ်ကူးနှင့်သူ ဟုတ်နေပါသည်။

www.burmeseclassic.com



ဘာမှန်း မသေချာသေးဘဲ မင်္ဂလာဆောင်ဖို့အထိ ဆွဲဆန့်နေတာ ဒီကောင့်ပုံက ရယ်စရာ။

"ဟား . . . ဟား . . . ဟား"

"မင်းက ဘာရယ်တာလဲ"

"မင်း အစက လက်တွေ့သမားပါ"

"အခုလည်း လက်တွေ့ပဲ၊ ငါ နှင်းဒီကို ရအောင် ကြိုးစားလိုက်မယ်"

"အေး . . . လိုက် . . လိုက်၊ မင်းဘာသာလိုက်၊ ငါတော့ နားအေးပါးအေးလေး နေပါရစေကွာ"

"လိုအပ်ရင်တော့ ကူညီရမှာပေါ့ကွ"

"မင်းအတွက် အကူအညီလိုဦးမှာလား၊ မလိုပါဘူး"

"ငါ ဖုန်းထပ်ခေါ်ဦးမယ်"

"ဟော့ကောင် . . . လူကြီးတွေနဲ့ တွေ့နေဦးမယ်"

"နှင်းဒီအသံမဟုတ်ရင် ဖုန်းချပစ်မှာပေါ့"

ပြောပြောဆိုဆို ကဖုန်ဖြိုးက ဖုန်းပြန်ခေါ်၏။

ဒီတစ်ခါက ကြော်ငြာဝင်နေချိန်ဖြစ်တာမို့ . . .။

"ကဲ . . . နှင်းဒီရေ နင့်ကြော်ငြာက ဝင်ပြန်ပြီ"

နှင်းဒီက ပြုံးစိစိနှင့် ဖုန်းသွားကိုင်ပါသည်။





"နှင်းဒီလား"

"ဟုတ်တယ် . . . ကြော်ငြာချိန်ပဲပြောနော်၊ ရုပ်ရှင်မကြည့်ဘဲတော့ ရှင်နဲ့ ပြောလို့ မဖြစ်ပါဘူး"

"ကျွန်တော်က ကိုရီးယားကားလောက် စိတ်ဝင်စားစရာမကောင်းဘူးဆိုပါတော့"

"ဟင်း . . . ဟင်း"

တော်တော် အမှန်အတိုင်း ပြောနိုင်တဲ့လူ။

နှင်းဒီက မငြင်းပါ။

ဖြိုးမှာ အောင့်သက်သက် ဖြစ်သွားရပါသည်။

သို့သော် သူ လွယ်လွယ်နှင့် လက်လျှော့ဖို့ စိတ်ကူးမရှိ။

"နှင်းဒီက ကျောင်းတက်တုန်းလား"

"ဘာကျောင်းလဲ"

"မသိလို့ မေးကြည့်တာ"

"မပြောချင်ပါဘူး . . ကျောင်းသိရင် လိုက်လာရင်ရော"

"အဝေးကြီး လိုက်စရာလားဗျာ . . . အိမ်နီးချင်းတွေပဲ"

"အံမယ် . . . လွယ်လွယ်တွက်နေတယ်ပေါ့"

"အဲလိုသဘော မဟုတ်ပါဘူး"

"နှီတို့က ယူအက်ဖ်အဲယ်လ်မှာ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်လား. . . ဘာတက်တာလဲ"

"အင်္ဂလိပ်စာ"

ကဆုန်ဖြိုးကလည်း သူ့ညီဒိုးက နည်းပညာစက်မှု တက္ကသိုလ် တက်နေတာ။ သူကတော့ သမိုင်းပဲရလို့ အဝေးသင်ပဲ ယူလိုက်တာတွေ စိတ်လိုလက်ရ ပြောပြလိုက်သည်။

"ရှင်က စာမတော်တာ ကြွားတာပေါ့လေ"

"စာမတော်ပေမယ့် ရုပ်ချောပါတယ်"

"အံမယ်"

"နဒီက ဘယ်သူလဲ၊ အမှန်အတိုင်း ပြောပါ"

"ဩော် . . နဒီက နဒီပေါ့၊ ဘယ်သူဖြစ်ရဦးမလဲ"

"ဆံပင်ရှည်နဲ့လား"

"ဒါပဲ မေးနေတာပဲ"

"မဟုတ်ဘူးလား"

"မသိဘူး"

"မဖြေချင်လည်းနေဗျာ၊ မနက်ဖြန်တွေ့ရအောင်"

"ဟောတော့"

"ကော်ဖီတိုက်ချင်လို့ပါ"

"ဒါတွေ ရှိနေပြီ"





"ကျွန်တော်က ရိုးရိုးသားသား ဖိတ်ခေါ်တာပါ၊ နဒီ တစ်မျိုး တွေးနေပြီ ထင်တယ်"

"ရှင့်ကိုများ . . . တစ်မျိုးတွေးရဦးမယ်"

"ကျွန်တော် ဘယ်သူလဲ သိလား၊ ပိုချောတဲ့သူ"

"မသိဘူး . . မြင်မှ မမြင်ဘူးတာ"

"ညနေက မြင်လိုက်ပါတယ်၊ မညာပါနဲ့ ဆံပင်ရှည်လေး မျက်လုံးက ဒိုင်းခနဲတစ်ချက် ရောက်လာတယ်"

နှဆောင်းနဒီ မျက်လုံးလေး ဝိုင်းသွားရသည်။

အဲဒီခဏမှာ အကြည့်ချင်းဆုံလိုက်တာ သူက မှတ်မိ သလား။

ဒါဆို သူက ပဝါစည်းထားတဲ့သူပဲပေါ့။

ရင်ထဲ လှိုက်ခနဲ ပျော်သွားရသည်။

အပျော်စိတ်နှင့် နှုတ်ခမ်းလေးတွေပင် ပြုံးသွားရ၏။

ကဆုန်ဖြိုးဖက်ကလည်း တိတ်သွားသည်။

သူ တိတ်တာက တကယ်လို့ နဒီဆိုတာ ဆံပင်ရှည်လေး နဲ့ မဟုတ်ခဲ့ရင် ပြဿနာပဲလို့ တွေးမိပြီး ငြိမ်သွားတာ။

သူက ဒီအသံလေးကို စိတ်ဝင်စားမိပြီးမှတော့ တစ်စုံ တစ်ရာ အမှားအယွင်း မဖြစ်စေချင်ပါ။



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆိုရင် ပွင့်ပွင့်လင်းလင်း တစ်ခုမေးမယ်"

"မေးပါဗျာ"

"ရှင် ခင်ချင်တာ နဒီ့ကိုလား၊ ဆံပင်ရှည်ကိုလား"

သူ ဖြေရခက်သွားသည်။

သူ ဖြစ်စေချင်သလို မဖြစ်ခဲ့ဘူးထား။

သူ့အနေနှင့် နဒီဆိုတာကိုပဲ. . . ခုပြောနေတဲ့အသံ လေးကိုပဲ ရွေးချယ်ချင်ပါသည်။

စောစောက မာဆတ်ဆတ်၊ ခပ်ပြတ်ပြတ်အသံကို သူ သဘောမကျပါ။

"နဒီ့ကို ခင်တယ်၊ ဆံပင်တိုတာ. . ရှည်တာက အရေး မကြီးပါဘူး၊ အရေးကြီးတာ အခု ကျွန်တော့်ကို စကားပြောနေတဲ့ မိန်းကလေးကိုပဲ သဘောကျတယ်"

"ဒါဆို ပြီးရောပေါ့၊ ဘာလို့ ဆံပင်ကိစ္စ လာမေးနေ သေးလဲ"

ဆောင်းနဒီက သူ့အဖြေကို ကျေနပ်သွားပါသည်။

ကောင်လေးတွေက ဒီဆံပင်ရှည်ရှည်ကြောင့် နဒီ့ကို ပိုစိတ်ဝင်စားကြသည်။

ခရေဇီ ဖြစ်ကြသည်။





သူမက ဆံပင်ရှည်ကို မြတ်နိုးလို့ထားတာ ဖြစ်ပေမယ့် ဆံပင်နှင့် ဆွဲဆောင်ဖမ်းစားဖို့ မရည်ရွယ်။

ဆံပင်ကြောင့် မဟုတ်ဘူးဆိုရင် စိတ်ထဲ တစ်နည်းတစ်ဖုံ ကျေနပ်လက်ခံမိသည်။

ဒါပေမယ့် သူမရဲ့ နောက်ထပ်အားနည်းချက်တစ်ခု ကျန်သေးသည်။

သူမဟာ ဒီအိမ်ကြီးရဲ့ အိမ်ရှင်သမီးအရင်းမဟုတ်။

တရားဝင် မွေးစားခဲ့တာလည်း မဟုတ်။

ဒီလိုပဲ နေ့ာနှင့်အတူ လာကပ်နေရင်း ညီအစ်မလို သဘောမျိုး ဖြစ်နေတာ။

ဒါကို သိပြီးတဲ့အခါ သူမအပေါ် သဘောထား ပြောင်း မပြောင်းဆိုတဲ့ကိစ္စက အရေးကြီးသေးသည်။

အကယ်၍များ ဂုဏ်ငွေကြောင့် သဘောထားပြောင်း သွဲနိုင်သေးတယ် ဆိုရင်လည်း စောစောစီးစီးသာ ပြောင်းပေ ရော့။

သူမ ခွင့်ပြုနိုင်သည်။

တစ်ချို့တလေ ချဉ်းကပ်လာသူတွေထဲမှာ ပထမပိုင်း ဆံပင်ရှည်လေးကြောင့် နဒီ့ဘက်ကျလာပေမယ့် သမီးရင်း



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်တာသိရင် နှောဘက် ပြောင်းတတ်ကြတာလည်း ရှိဖူးလေ၊ တော့ ယောက်ျားတွေကို နဒီက သိပ်မယုံချင်ပေ။

"မနက်ဖြန် တွေ့မှာလား"

"ရှင်"

"ကော်ဖီ အတူတူ သောက်ချင်လို့ပါ"

"နဒီတို့ဆရာက ပြောတယ်၊ ကိုယ်နဲ့ စကားပြောတဲ့ ဘွိုင်းဖရင့်ရှိရင် 'Are you married?' လို့ ရှင်းအောင် အရင်ဆုံး မေးတဲ့"

"ဟား . . . ဟား . . . ကျွန်တော် လူပျိုပါ၊ လုံးဝ လက်မ ထပ်ရသေးပါဘူးဗျာ၊ စိတ်ချ"

"ဒါဆို နောက်တစ်ခု"

"ဘာများလဲ"

"Have you lover? ပေါ့၊ ရည်းစား ရှိ၊ မရှိ"

"နိုး"

ကဆုန်ဖြိုး တစ်ခါတည်း တန်းဖြေလိုက်သည်။

သူမက ထုံးစံအတိုင်း ခပ်တိုးတိုးလေး ရယ်သည်။

အသည်းထဲစွဲရတဲ့ ဆည်းလည်းသံချိုလေးပါပဲ။

"ကျွန်တော်လည်း နဒီ့လိုပဲ အဲလို ပြန်မေးရင်ရော"





"အို . . . မေးစရာမှ မလိုတာ"

"တစ်ကယ်နော် နဒီ"

နှစ်ဦးသား ပွင့်လင်းစွာ ရယ်မိကြသည်။

နဒီသည် ဟန်ဆောင်မှု မရှိဘဲ ပွင့်လင်းဖော်ရွေတာကို အရမ်း သဘောကျမိ၏။

"ဒါဆို မနက်ဖြန် ဘယ်အချိန်လောက် အားနိုင်မလဲ"

"နဒီလား . . . အင်း . . . နေ့လည်ဖက်"

"ဘယ်အချိန်လဲ"

နှုတ်ခမ်းလေးတစ်ချက် ဖိကိုက်ရင်း နှောထံ ကြည့်ရပါ ၏။

သွားတွေ့ရင် နှော ကြိုက်ပါ့မလား။

နဒီ ငြင်းလည်း မငြင်းချင်။

"နှစ်နာရီလောက်ဆိုရင် မဆိုးဘူး"

"အိုကေ . . . ဘယ်မှာ တွေ့မလဲ"

" BLAZON ဆိုရင်ရော"

အချိန်နှင့်နေရာကို အတိအကျ ချိန်းနေမိကြသည်။

နဒီကလည်း သူ ဘယ်လိုလူစားလဲဆိုတာ သိရအောင် နှင့် မျက်နှာချင်းဆိုင် စကားပြောကြည့်ချင်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒီဘက်က ဖြိုးမှာတော့ ကောင်မလေးက တွေ့အ
လက်ခံသဖြင့် အူမြူးစွာ ခုန်စွခုန်စွ လုပ်နေတာကြောင့် ဘေး
ကြည့်ရင်း ဒိုးမာန် မျက်စိနောက်နေရလေသည်။



"လာကွာ. . . အပေါ်ထပ် လသာဆောင်မှာ ဂစ်တာ
တီးရအောင်"

ပျော်မြူးနေသော ကဆုန်ဖြိုးက ဂစ်တာကို ကိုယ်တိုင်
ယူလျက် အပေါ်တက်သည်။

တကယ်တမ်း သူ သိပ်မတီးနိုင်။

ဂစ်တာကို လက်က မချစတမ်း တီးခတ်တတ်တာက

ဒိုးမာန်လည်း နောက်ကနေ လှေကားပေါ် လိုက်တက်
သည်။



www.burmeseclassic.com

www.burmeseclassic.com



ဝရုံတာက ပန်းဆိုင်းမီးကို ဖွင့်လိုက်သည်။

အရောင်ဖျော့ဖျော့ အမိုးလေးအောက်မှာ ကော် ခင်းထားပြီးသား၊ ကုလားထိုင်နှင့် စားပွဲလည်း ရှိသည်။

ဒေါ်အုန်းစိန်ကို အမြည်းနည်းနည်း စီစဉ်ခိုင်းပြီး ဖြ တိုက်ဂါးဘီယာတစ်လုံးပါ သွားဆွဲလာ၏။

ဂစ်တာဝိုင်း မစခင် ဘီယာဝိုင်းလေး လုပ်လိုက်သ

ပြီးမှ ဂစ်တာကို အသံစမ်းသည်။

တိတ်ဆိတ်သော ညချမ်းလေးက မီးရောင်လဲ့ အောက်မှ ငြိမ်းချမ်းလှပနေသည်။

လူခြေတိတ်သွားပြီမို့ သုံးခြံကျော်ကနေ သူတို့ရဲ့ ဂီတလက်သံကို နားထောင်လျှင်တော့ ကြားရနိုင်ကောင်းပါ

ဖြိုးဆိုတဲ့ သီချင်းက ကြည့်ဦး. . .။

Rဇာနည်ဆိုထားတဲ့ သီချင်း. . .။

သိပ်ပျော်လိုက်တာ. . . ရင်တောင်တုန်တယ်. . .

ပြန်စာ. . . ပြန်စာ. . . သူကလေးပေးလာ. . .

ဝမ်းလည်းသာ. . . ပျော်တယ်အချစ်ရယ်. . .

စိန်စီသောလမ်း ဖြောင့်တန်းစွာ. . .

ရှားလား. . . ဂုဏ်ရည်လေးများတူရင်နော်. . .





အပြေးကလေး လက်ထပ်ထားမယ် အဟုတ်တကယ်. .

ရွှေရုပ်ကလေး ကောက်ရသလို. . . ဝမ်းလည်းသာ. . ပျော်တယ်အချစ်ရယ်. . .

မာနကြီးလေး. . . မောင့်ရဲ့ချစ်သူ. . . ပေးလိုက်တဲ့ ကလေးကြောင့်. . . အသည်းလေးရွှင်၊ ကိုကိုခေါ်သံ သိန်း ထက်ခင်. . .

မိုးလေး အမြင့်ပေါ် ခုန်ကာတက်ချင်. . .

ချစ်သူရှိတယ်. . . ဆိုနိုင်ပြီကွယ်. . .

ရှားလား. . . ဂုဏ်ရည်လေးများ တူရင်နော်. . .

အပြေးလေး လက်ထပ်ထားမယ် အဟုတ်တကယ်. .

မျက်စိကို မှိတ်ကာ ကဆုန်ဖြိုး အော်နေတာ။

ဟိုဘက်အိမ်မှာလည်း နဒီက နှောကိုခေါ်ပြီး ဝရုံတာ က်ရပ်သည်။ လေအေးစိမ့်စိမ့်လေးက တသုန်သုန် တိုက်ခတ် သည်မှာ ကြည်နူးစရာ။

ပျံ့လွင့်လာသော သီချင်းသံကြောင့် ရင်က ဖိုချင်သည်။

တိတ်ဆိတ်သောညမှာ ထိုအဆိုရှင်ရဲ့အသံကို နဒီ ကောင်းကောင်းကြီး မှတ်မိပါသည်။

"သြော်. . . နင် ဝရုံတာထွက်ချင်တာ ဒါကြောင့်ကိုး"



www.burmeseclassic.com

www.burmeseclassic.com



နှောက အခုမှ ရိပ်မိသည်။

. . . သူ့ရုပ်က ညှိုချော့ပဲ. . . မြင်သူဝေးလို့မဝတယ်

စကားပြောပုံလေးက. . . တကယ်ကိုချစ်စရာလေး.

မြင်မြင်ချင်းကို ချစ်မိပြီ. . .

တကယ်ပါ အလှဆုံးသူရယ်. . .

နှုတ်ခမ်းပါးလေးက အရဲလေး. . .

နှုတ်ခမ်းနီ ဆိုးသလားကွယ်. . .

ပါးကလေးကအိုမို့မို့. . . တကယ့်ကို ချစ်စရာလေး.

မြင်မြင်ချင်းကို ချစ်မိပြီ. . .

တကယ်ပါ အကြင်နာဆုံးသူရယ်. . .

မိုးချိုနှော မျက်နှာလေးတစ်ချို့နဲ့ပြုလိုက်သည်။

မကြိုက်ပါဘူးနော်။ သူမို့ နားထောင်ချင်တာ။

ဆောင်းနုဒီကို တွေ့ပြီလားဆို ကောင်လေးတွေတ
သီချင်းပဲ အော်ဆိုပါပြီ။ နုဒီဆိုတဲ့ မိန်းမကလည်း ကြည်
ကျေနပ်စွာ ခပ်ပြုံးပြုံး။

အခုအချိန်ထိ လာလာသမျှသော ယောကျ်ားတို့
ညို့အပြုံးရှင်လေး ဆောင်းနုဒီထံသာ ရစ်ဝဲကြပါသည်။

တကယ်ကို အမြင်ကပ်စရာပါ. . .။





ခပ်တည်တည်လေး နေတတ်တဲ့ နှောဟန်ပန်ကိုတော့
ကြသည်။

တော်ရုံနှင့်လည်း မစရဲ၊ နှောကလည်း ရည်းစား ထားရ
ကြောက်သူ. . .။

နုဒီလိုမျိုး ဖုန်းထဲကနေလည်း မအီတတ်။

စာဖတ်ဝါသနာပါပြီး ခပ်အေးအေး နေတတ်တဲ့ နှော
ပြောရမည်ဆိုလျှင် နုဒီလောက် လူကြိုက်မများပါ။

"သူတို့က ဘယ်အချိန်ထိ ဆိုမှာလဲ"

"မသိဘူးလေ. . . ဘာဖြစ်လို့လဲ"

"ဒီမှာ လေအရမ်းတိုက်တယ်. . . ငါ ချမ်းလာပြီ"

"ဆွယ်တာ သွားဝတ်ခဲ့လေ"

"အံမယ်. . . မဝတ်ခဲ့ပါဘူး၊ ငါမှ နားမထောင်ချင်
"

"ဟယ်. . . နှောရယ်၊ မသွားပါနဲ့ဦး၊ ငါတစ်ယောက်ထဲ
ကြောက်တာပေါ့"

"ဘာကြောင်ရမှာလဲ. . . နင် နားထောင်နေတာ သူတို့
သိတာ"

"ဒီဖက်နား ဖြတ်လျှောက်လာရင် လာမှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ဩော်. . . ဒီလို မျှော်လင့်ချက်ကလည်း ရှိသေး
ကိုး"

"နှောနော်. . ."

နဒီက ရှက်ရှက်နှင့် နှောလက်မောင်းကို ဖျပ်ခနဲ ရိုး
လိုက်၏။

မျက်နှာလေးကတော့ ရှက်ပီတိနှင့် ပြုံးချိုနေပါသည်။



နှောက နံ့ရံကို မှီပြီး MP4 ထဲက ဂီမ်းတစ်ခုကို စိတ်ပါဝင်စားစွာ နှိပ်ဆော့နေချိန်မှ နဒီက မှန်တင်ခုံမှာ ထိုင်ပြီး သူမရဲ့ မျက်နှာပြင် ဝင်းပပလေးကို ပိုမို နူးညံ့ချောမွေ့သွားစေရန် ဂျပန်နိုင်ငံလုပ် Simplea နို့ရည်လေးကို ခပ်ဖွဖွ ပွတ်လိမ်းသည်။

ပြီးလျှင် ပေါင်ဒါကို တို့ပတ်နှင့် တဘုတ်ဘုတ် ရိုက်ပြန်၏။ ဒါတောင် အမြန်နည်းနှင့် အလှပြင်တာ။

မျက်ဝန်းတစ်ဝိုက်ကို ရျယ်လိမ်းပြီးမှ မက်ကာရာဆိုးသည်။ အိုင်းလိုက်နာနှင့် မျက်ခမ်းစပ်လေးကို လိုင်းဖော်သည်။



www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ မက်ဒီယာ Media နှုတ်ခမ်းနီဗူးလေးကို ဖွင့်ကာ နှုတ်ခမ်းပေါ် ဆိုးပြီးနောက် နှောဖက် လှည့်ကြည့်သည်။

“နှောရေ”

နှောက မထူးပါ။ သူ့ MP4 က မျက်လုံးမခွာ။

“ဟဲ့. . .”

“ဘာလဲဟာ”

“ငါနဲ့ အဖော်လိုက်ခဲ့နော်”

“မလိုက်ပါဘူး”

“ငါတစ်ယောက်ထဲသွားတော့ ဘယ်ကောင်းမလဲ၊ သူ တစ်မျိုးထင်နေဦးမယ်”

“ထင်ချင်စရာပဲလေ၊ မနေ့ကမှ တွေ့ပြီး ဒီနေ့ စကားပြောဖို့ ချိန်းလိုက်ပြီ”

“စကား ပြောကြည့်ရုံလေးနဲ့ ဘာမှ မထိခိုက်ပါဘူး”

“အဲဒါ ကိုယ့်ဘာသာ သွားပါလား နဒီရယ်၊ နှောက ဘေးမှာ ငုတ်တုတ်ကြီး ဘာလုပ်ရမှာလဲ”

“သူ့မှာလည်း အဖော်ပါမှာပဲထင်တယ်”

“ဟင့်အင်း. . . အဲဒါဆို ပိုတောင် မလိုက်ချင်ပါဘူး”

“မလုပ်ပါနဲ့ နှောရာ. . . လာပါ. . . အလှပြင်လိုက်ပါ”





ဆောင်းနဒီက အတင်းဆွဲခေါ်သည်။

ဒီမိန်းမက ရည်းစားထားဖို့ ဟိုရွေး၊ ဒီရွေး လုပ်နေပြီလေ။

သူ့မှာ လေ့လာအကဲခတ်နေဆဲ၊ ပုရိသတွေ မနည်းမနောရှိသည်။ သူ့ဖို့ဦးနှောက်အစားလည်း ခံနိုင်သည်။

“မပြင်ချင်ပါဘူး”

“နင် မျက်စိမှိတ်ထား. . . ငါ လိမ်းပေးမယ်”

မှန်တင်ခုံပေါ် အတင်းအကျပ် ထိုင်ခိုင်းပြီးလျှင် တူးဝေးကိတ်နှင့် မျက်နှာကို ပွတ်လိမ်းကာ နှုတ်ခမ်းဆိုးဆေး ပုံဖော်ဆိုးပေးသည်။ နှာတံကော့ကော့၊ နှုတ်ခမ်းဖူးဖူးလေးနှင့် နှော မျက်နှာမှာ မင်းသမီးပမာ ဆွဲဆောင်မှုရှိသူပါ။

ဒါနှင့်များတောင် အဲဒီနှောက အလှပြင်ဖို့ ပျင်းသည်။

တီရှပ်ပွပွကြီးနှင့် ကိုယ်လုံးအလှတောင် ပျောက်နေသည်။ အနီကွက်လေးတွေနှင့် အလှဆင်ထားသော ဂျင်းဂါဝန်ကို ဝတ်လိုက်သောအခါ နှောပုံစံလေးက ချစ်စဖွယ် ကြော့ရှင်းသွားပါသည်။

ပြောရမည်ဆိုလျှင် နှောက နဒီလောက် ပြင်ဆင်ချယ်သဖို့မလို။



www.burmeseclassic.com

www.burmeseclassic.com



နဂိုအတိုင်းလေး ကြည့်ကောင်းသူပါ။

နဒီကတော့ ဆံပင်ရှည်ရှည်၊ အရုပ်မြင့်မြင့်မို့ ထင်ရှားပေမယ့် မျက်နှာက နှော့လို နဂိုချော့မဟုတ်။

မျက်ခုံးမွှေးလေး သေးသေးသွယ်သွယ်နှင့် မျက်နှာလေး ဖူးကြွနေအောင် နေ့စဉ်မပျက် ဂရုစိုက် မွမ်းမံထားရတာ၊ ယဉ်တာလေးကို ဆွဲဆောင်မှုရှိအောင် ပြင်ထားရတာမျိုး။

လက်သည်းရှည်ထားပြီး ပုံဖော် အလှဆင်ဖို့ကအစ နဒီက ကိုယ့်ကိုယ်ကိုယ် အလွန် ဂရုစိုက်သည်။

ပထမဦးဆုံး တွေ့ဆုံမှုဖြစ်တာကြောင့် နဒီက နှော့ကို ချော့မော့ကာ ရအောင် အဖော်ခေါ်လာခဲ့သည်။

ဒီဘက်က ဖြိုးနှင့် ဒိုးမာန်တို့မှာလည်း ကော်ဖီဆိုင်ရှေ့ ကားရပ်ပြီးမှ အချီအချ ငြင်းခုန်နေရပါသည်။

"မင်းဘာသာ အေးအေးဆေးဆေး သွား၊ ငါ ကားထဲ ထိုင်စောင့်နေမယ်"

"ဟာ. . . ဘယ်ဖြစ်မလဲ၊ ပျင်းစရာကြီးကွာ. . လာပါ"

"ဟာကွာ. . . ဖြိုးရာ၊ သူများ သမီးရည်းစားကြားထဲ ငါက ဘာထိုင်လုပ်နေရမှာလဲ၊ မင်း ဒီနေ့ ဘာဖြစ်နေတာလဲ အရင်က ဒီလို မဟုတ်ပါဘူး"





တစ်ကိုယ်တော်မင်းသားက ဒီနေ့မှ ဘာကြောင့်ပြီး ဘုန်းဆုတ်တွန့်ဆုတ် ဖြစ်နေသလဲမသိ။

"ငါတို့က ရည်းစားမှ မဖြစ်သေးတာ၊ ဒါ ဖတ်စ်အင်ထရို"

"ဖတ်စ်ရော ဘာဖြစ်လဲ၊ နှစ်ယောက်ထဲ လွတ်လွတ်လပ်လပ် ပို အဆင်ပြေတာပေါ့"

"ဟ. . . သူက တစ်ယောက်ထဲ လာပါ့မလား၊ သူ့ညီမ ခေါ်လာရင်ရော၊ ငါ့ဘက်က တစ်ယောက်ထဲသွားရင် တစ်မျိုးကြီးပေါ့"

"ဘာတွေ ဇီဇာကြောင်နေတာလဲ ဖြိုးရာ၊ စိတ်ညစ်ဖို့ကောင်းလိုက်တာကွာ"

"မင်း ငါနဲ့ ခဏလေး လိုက်ပြီး၊ ကော်ဖီတစ်ခွက်သောက်ဖို့ ဘာ အပန်းကြီးနေတာလဲ"

"ဒါဆို ငါ မင်းတို့ စားပွဲမှာ မထိုင်ဘူး"

"လာစမ်းပါ. . . နောက်ကျတော့မယ်ကွ"

ကဆုန်ဖြိုးက မရအရ အတင်းအကျပ် ခေါ်နေတာကြောင့် ဒိုးမှာ လိန်ပိန်ကာ ပါလာရ၏။

ဖြိုးက နေကာမျက်မှန်နှင့်၊ လက်မှာ ပုဝါချည်ထားရတာနှင့် စတိုင်လ်ဘောင်းဘီကလည်း အဖြူရောင်။



www.burmeseclassic.com

www.burmeseclassic.com



အပေါ်က လယ်သာကုတ်နှင့် ပုံစံက မင်းသား ရှုံး လောက်၏။

ကမ်းထရီးဘွတ်ရှူးကြီးကလည်း လှမှလှ။

အဖိုးတန် အကောင်းစားမှန်း ကြည့်တာနှင့် သိသာ နေပါသည်။

သာမန် အိမ်နေရင်း ဂျင်းဘောင်းဘီနှင့် အော်တာ ရှပ်ပြာစင်းလေးနှင့် ဒိုးမှာ သူ့နံဘေး မှိန်ဖျော့နေတော့မှာ ကျိန်း သေပါ။

သို့သော် ဒိုးက ဒါတွေကို သိပ်ဂရုစိုက်သူ မဟုတ်။

ဖြိုးက ဒိုးလည်းပင်းကို အတင်းသိုင်းဖက်ကာ ဆိုင်ထဲ လျှောက်ဝင်လာသည်။ ဆိုင်လေးမှာ မီးရောင် ခပ်မှိန်မှိန်နှင့် အေးမြ တိတ်ဆိတ် ရှင်းလင်းနေသည်။

ပထမတုန်းကတော့ BLAZON မှ ချိန်းဖို့ပင်။

နောက်မှ ဒီကော်ဖီရှော့လေးကို သတိရပြီး နေရာ ပြောင်းလိုက်တာ။

ဖြိုးတို့စားပွဲရဲ့ တစ်ဖက်ခြမ်းမှာ အတူထိုင်လိုက်သည်။

ကော်ဖီမှာထားပြီး သိပ်မကြာခင် နဒီက နှောလက်ကို ဆွဲပြီး ကောင်လေးဖွင့်ပေးသော မှန်တံခါးမှ လှမ်းဝင်လာပါ၏။





စိုလက်အိရွှဲနေသော ဖြောင့်ဝဲဝဲ ဆံနွယ်ရှည်ရှည်တွေကို ဒီအတိုင်း ကျောပေါ် ချထားသော သူမဟာ အားလုံးအမြင်မှာ ေးချင်စရာ။

ဖြိုးက ဝမ်းသာအားရနှင့် မျက်လုံးအစုံက အရင်ဦးဆုံး ဆံပင်ရှည်လေးဆီမှာ စိုက်တွဲမိသည်။ ဒိုးကတော့ ပါးပြင်ကို ှတ်ရင်း နှစ်ယောက်စလုံးကို ခပ်အေးအေး မော့ကြည့်မိသည်။

ဒီနှစ်ယောက်မှာ ဘယ်သူက နဒီလည်းဆိုတာ သူ မသိ။ ထို့အတူ ဖြိုးလည်း သေချာမသိပေ။

“ကိုကဆုန်ဖြိုးဆိုတာ”

“ကျွန်တော်ပါ”

နဒီ လှပစွာ ပြုံးလိုက်သည်။

ထင်တဲ့အတိုင်းပဲ ကိုပုဝါလေးက ကဆုန်ဖြိုးတဲ့။

“နဒီကကွာ. . . ဆံပင်ရှည်နဲ့လား မေးတာ မဖြေဘူး”

သူမက ရယ်နေပါသည်။

ဖြိုးလည်း ကျေနပ်ဝမ်းသာသွားသည်။

မျက်နှာထား တင်းတင်းလေးဘက် သူ ကြည့်ကို မကြည့် ချင်တာ။ ဒါပေမယ့် ဒိုးအတွက် မိတ်ဆက်ပေးဖို့ လိုအပ်သေးတာ ကြောင့်။



www.burmeseclassic.com

www.burmeseclassic.com



"သူက နေဗိုးမာန်. . . . ကျွန်တော့ညီပဲဆိုပါတော့"

"ဆိုပါတော့ဆိုတာက ဘာလဲ၊ ညီအရင်း မဟုတ်ဘူးလား"

ဖြိုး ဖြေရခက်သွား၏။ ဒီလို ရှင်းရှင်း ပြန်မေးလိမ့်မည်ဟု သူ မထင်။

ညီဆိုပါတော့လို့ မိတ်ဆက်ရင် ဘယ်သူကမှလည်း ညီအရင်းမဟုတ်ဘူးလားဟု ရိုင်းမှာစိုး၍ ပြန်မေးကြလေ့မရှိကြပါ။ သူမကျမှ အထူးတဆန်း. . .။

ဗိုးလည်း တစ်ချက်မျှ မျက်နှာပျက်သွားရင်း. . .

"ဟုတ်တယ်. . . ညီအရင်း မဟုတ်ဘူး၊ သူငယ်ချင်းပါ"

"သြော်"

နှောက ဘေးမှ အားနာသွားမိကာ နဒီကို တစ်ချောင်းနှင့် မသိမသာ တွတ်သည်။

"တစ်အိမ်တည်းနေတဲ့ သူငယ်ချင်းလား"

"ဟုတ်ပါတယ်"

နဒီက တစ်ခွန်းထပ်မေးလျှင် ဗိုးက မြန်မြန်ဆန်ဆန်ပဲ ဖြေလိုက်၏။

"ဟဲ့. . . နှော. . . ငါတို့လိုပဲပေါ့"





နှောကတော့ အခုမှတွေ့တဲ့ သူစိမ်းတွေကို ထိုမျှ တရင်းနှီးနှင့် အတွင်းရေးတွေ မပြောစေချင်ပါ။

"နဒီတို့ကရော ညီအစ်မရင်း မဟုတ်ဘူးလား"

"ဟင့်အင်း"

"ရုပ်ချင်းတော့ မတူဘူးလို့ တွေးမိပါတယ်"

"ဒါပေမယ့် ညီအစ်မသူငယ်ချင်းပါပဲ"

နှောက မခွဲခြားစေလိုသဖြင့် တစ်ခွန်းဝင်ပြောလိုက်သည်။

ဗိုးက နှောစကားပြောပုံ နှုတ်ခမ်း အဖွင့်အပိတ်ကလေးအမှတ်တမဲ့ ငေးမိသွားသည်။

အင်မတန် လှပဖူးကြွတဲ့ နှုတ်ခမ်းထူလေး။

ပထမဆုံးအကြိမ်အဖြစ် မိန်းကလေးတစ်ယောက်ရဲ့ မျက်နှာကို စေ့စေ့စပ်စပ် ခပ်ကြာကြာ ကြည့်ဖြစ်သွားသည်။

သဘာဝ မျက်ခုံးထူတန်းတန်းလေးကလည်း ကျက်သရေရှိလှပါဘိ။ ပုံသွင်းထားတဲ့ နဒီမျက်ခုံးသေးသေး ကော့ကော့လေးမျိုးဆို သူ လုံးဝ မကြိုက်။

မီးရောင်မှာ ဒီလောက် အချိုးပြေလှပလွန်းတဲ့ မျက်နှာလေးဆီမှာ သူ အငိုက်မိသွားတာ ဝန်ခံပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ သူမနှင့် သူက မျက်နှာချင်းဆိုင်။

"ဘာစားမလဲ"

နှောကို ကြည့်ပြီး သူ မေးမိသည်။

"ဟုတ်သားပဲ. . . ဘာမှာမလဲ နှော"

"ကြည့်ဦးမယ်လေ"

နှောက မီနူးကတ်ပြားကို ယူကြည့်သည်။

သူမက လတ်ဆတ်တဲ့ သစ်သီးဖျော်ရည် ကြိုက်တတ်သူ။

"သခွားမွှေးသောက်မယ်. . . နင်ရော"

"ရတယ်. . . အဲဒါပဲမှာလေ"

နဒီက အရေးမကြီးလှဟန်နှင့် ဆိုသည်။

ဖြိုးနှင့် နဒီသည် ဘာမှ မစားချင်အောင် မ... စကားပြောရင်း အလိုလို ဗိုက်ပြည့်နေကြဟန်တူပါ...

ဒိုးက ဝိတ်တာကို ခေါ်ပြီး မှာပေးလိုက်သ...

နှောဆိုတဲ့ ကောင်မလေးနှင့် သူ စကားတွေ... သည်။

ဒါပေမယ့် ခက်တာက ဖြိုးလို မိန်းကလေ... စကား ဖောင်မဖွဲ့တတ်တာပဲ။





ဒီတစ်ခါတော့ ဖြိုးဆီက ပညာကို သူ လိုချင်မိသည်။

ထိုင်ကြည့်နေမိတာကလွဲ၍ သူ ဘာမှ မပြောဘဲ နှုတ်ဆွံ့နေမိတာကြည့်။

နဒီနှင့် ဖြိုးက ခပ်တိုးတိုးဖြင့် တစ်ချိန်လုံး ဘာတွေ ပြောနေသလဲ မသိပါ။

လေးယောက်အတူ တစ်ဝိုင်းတည်း ရှိပေမယ့် သူတို့ နှစ်ယောက်က သပ်သပ်ခွဲထွက်ပြီးသားလို ဖြစ်နေသဖြင့် နှောနှင့် ဒိုးမှာ ကြောင်တက်တက်နိုင်လှပါသည်။

ပထမတော့ ဒိုးက ကော်ဖီသောက်လိုက်၊ အာလူးကြော် ဝါးလိုက်နှင့်။

နှောကလည်း သခွားမွှေးသောက်ရင်း ရှေ့ကလူနှင့် အကြည့်ချင်း မဆုံရဲဘဲ မျက်လွှာချထားမိသည်။

တစ်အောင့်ကြာတော့ ပျင်းရိညောင်းညာလာသည်။

နှောက သိပ်အားမနာနိုင်တော့ဘဲ သူမဘာသာ အမ်ပီဖိုးထဲက သီချင်းကို နားကြပ်တပ်၍ နားထောင်လိုက်ပါသည်။ ဆိုင်တွင်းမှာက တီဗွီ ခပ်တိုးတိုးသာ ဖွင့်ထားသည်။

တီဗွီမှာလာနေတာက ဘိလိယက် စနူကာ ကစားနေတဲ့ ပြကွက်တွေမို့ သူမ စိတ်မဝင်စား။



www.burmeseclassic.com

www.burmeseclassic.com



"ဘာသီချင်းလဲ နှော"

"ရှင်"

ဒိုးက စွန့်စားပြီး စကားစလိုက်သည်။

"ဘာ နားထောင်တာလဲလို့ပါ"

"အိမ်"

"ဗျာ"

"ရဲလေးရဲ့ အိမ်"

"သြော်"

သူ့နှုတ်ခမ်းတွေ ပြုံးသွားရသည်။

"နားထောင်မလား"

သူမက နားကြပ်ဖြုတ်ပြီး လှမ်းပေးသည်။

ဒိုးက ဘာရယ်မဟုတ် ယူလိုက်၏။

"သီချင်းကြိုက်လား"

"အင်း. . . ညက ဂစ်တာတီးနေတာ ရှင်တို့လား"

"နှောတို့ ကြားတယ် ဟုတ်လား"

သူ့ပုံစံက တအံ့တသြနှင့် ဝမ်းသာသွားသလိုပါ။

မေးမိတာကို နှော ခပ်အမ်းအမ်း ဖြစ်သွားရင်း. . .

"နဒီ ဝရံတာ ထွက်ရပ်နေလို့ ကြားမိတာပါ"





"နားထောင်နေတာ မဟုတ်ဘူးပေါ့"

"မသိဘူးလေ. . . နဒီက နားထောင်ချင် နားထောင်မှာပေါ့"

"နှောကရော"

"ဒီလိုပဲ ကြားမိတာပေါ့"

"နှောကြိုက်တယ်ဆိုရင် ဒီညလည်း ဖျော်ဖြေမှာပါ"

စိတ်ထဲမှာ ရှိတဲ့အတိုင်း ဒိုးမာန် ပြောလိုက်သည်။

သူမသာ အားပေးနေမယ်ဆိုရင် တစ်ညလုံး မအိပ်ဘဲ ဂစ်တာတီးရမယ်ဆိုရင်လည်း တီးနိုင်မယ် ထင်ပါတယ်။

ဒိုးရဲ့ ပြုံးထေ့ထေ့ ပုံစံလေးကြောင့် နှောရင်မှာလည်း မှတ်မထင် လှုပ်ရှားလူးလွန့်လာပါသည်။

နေဒိုးမာန်ရဲ့ မျက်လုံးတွေကို သူမ ကြာရှည်ရင်ဆိုင် ကြည့်ရဲ၏။ စူးရှတောက်ပပြီး ချိုရီနွဲ့နေတာက ရင်ဖိုစဖွယ် ကောင်းသည်။

သူ့ရဲ့အကြည့်ငေးကြောင့် နှောမျက်နှာလေး ပူနွေးနေသည်။

မျက်တောင်မခတ်တမ်း ကြည့်နေတော့တာပဲ။

နှော ရှက်ပြီး ဘယ်လိုနေရမှန်း မသိ။



www.burmeseclassic.com

www.burmeseclassic.com



"နော်တို့အိမ်ကို ဖြိုးလာလည်ရင် ကျွန်တော် လိုက်ခဲ့လို့ ရမလား"

ဒီတစ်ကြိမ် သူ နှုတ်သွက်မိသည်။

"ရှင့်သဘောပဲပေါ့"

"နော် အိမ်ထဲမှာ ပုန်းမနေနဲ့နော်"

"ပုန်းသင့်ရင်တော့ ပုန်းရမှာပေါ့"

"ဟာဗျာ. . . ဘာဖြစ်လို့လဲ"

နော်က လှသောမျက်စောင်းလေးတစ်ချက်နှင့်သာ တုန့်ပြန်ပါသည်။ လူကို ဒီလောက် အငေးသန်နေရင် မျက်နှာ ဘယ်မှာ သွားဝှက်ရမှာလဲနော်။

နဒီ့ကို တစ်ချိန်လုံး ဝေဖန်ရှုံ့ချကဲ့ရဲ့နေမိတာ၊ အခုတော့ နော် ဝဋ်လည်ပြီ ထင်ပါရဲ့။

သူ့မျက်ဝန်း အကြည့်ရဲ့ သိမ်းပိုက်မှုနှင့်ပင် နော် နှလုံးသားတွေ ဗရမ်းဗတာ ခုန်နေရပြီ။

ဘာကြောင့် ချက်ချင်းကြီး ဒီလိုဖြစ်သွားရသလဲ နော် မစဉ်းစားတတ်တော့ပေ။

သေချာတာတစ်ခုက နော့်ရင်မှာ အေးလိုက်၊ နွေးလိုက် ဖြင့် မပျော်စဘူး ပျော်နေမိသည်။





မျက်လုံးချင်းဆုံတာနှင့် ရင်ခုန်မြန်ပြီး ပျော်လာရတဲ့ ရှိန်း သာကြီးက ဘာလဲ။

အဲဒါ အချစ်နှင့် သက်ဆိုင်တဲ့ သင်္ကေတတွေလား။

ယုံနိုင်စရာချည်း ဖြစ်နေပါသည်။

နဒီတို့လည်း တိုးတိုးတိုးတိုးနှင့် အခြေအနေ တိုးတက် သည်။

နဒီက မျက်စပစ်ပြသည်။ သူတို့က သူတို့အရှိန်နှင့် သူတို့။

"ကျွန်တော် ခုနပြောတာ နောက်တာ မဟုတ်ဘူးနော်"

"အံမယ်. . . လွယ်လွယ်လေး မပြောပါနဲ့"

"တကယ် ဘာမဆို လုပ်ပေးမှာပါ"

"အပိုတွေပါ"

"တစ်သက်လုံး အတူတူနေရရင် ကောင်းမယ်"

"အမြဲတမ်းလက်တွဲဖို့ဆိုတာ ချက်ချင်း ဆုံးဖြတ်လို့ ရမှာလဲ"

"အချိန်ယူ စဉ်းစားမယ်ဆိုပါတော့၊ ဘယ်လောက် စဉ်းစားမှာလဲ"

"အရင် စမ်းသပ်ကာလတစ်ခု ရှိမယ်"

"ဘယ်လို စမ်းသပ်မှာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ရှင်ပြောတာတွေ တကယ်ဟုတ်၊ မဟုတ် ကြည့်ရဦးမှာ
ပေါ့"

"ကြည့်ပါဗျာ"

"နဒီပြောသလို နေရမယ်"

"နေမယ်. . . ဖြစ်တယ်"

"စည်းကမ်းချက်တွေလည်း လိုက်နာရမယ်"

ဖြိုးက ပုခုံးမြှင့်ပြသည်။

အမိန့်တွေ အတော်များမယ့် ကောင်မလေး။

ဒါပေမယ့် သူကလည်း တအား ချစ်နေမိပြီမို့ မတတ်
နိုင်။

အရင်က ကြုံခဲ့ဖူးတဲ့ ဘယ်မိန်းကလေးနှင့်မှ မတူ။

သူမအပေါ် တမူထူးခြားစွာ ဒီကောင်မလေးကို ဖြိုး
တကယ် ပိုင်ဆိုင်ချင်မိသည်။

ပြောရင် ယုံမှာ မဟုတ်။

အချစ်ဆိုတာကို နဒီနှင့်မှသာ စတင် ခံစားလာမိတာ။



ဒီည ဝရံတာစကားဝိုင်းမှာတော့ ဖြိုးတစ်ယောက် ယခင်
ကထက် ပိုတက်ကြွ လှုပ်ရှားနေပါသည်။

"သူ့အမိန့်တွေ နာခံပြီးနေရမယ် ထင်တယ်၊ ငါ့ကို
ပညာပြ နှိပ်စက်မှာ ထင်တယ်"

"ဒါမျိုးလည်း ရှိရဦးမှာပေါ့"

"နှောက ပိုအေးပုံရတယ်ကွ၊ မင်းနဲ့ဆို လိုက်ပါတယ်"

ဒိုးမျက်နှာက ပြုံးစိစိ။ ဒါတိုင်းလို အကြောက်အကန်
မငြင်းတာ ဆန်းနေသည်။

"မနေ့က မင်းတို့အခြေအနေ ဘယ့်နှယ့်လဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ့်နှယ်မှ မနေဘူး"

"သူ့ကို မင်းရှိုးနေတာ ငါ မြင်ပါတယ်ကွာ"

"မျက်နှာချင်းဆိုင် မြင်နေရတာကိုး"

"မှန်မှန်ပြော. . . နော့ကို မင်း သဘောမကျဘူးလား"

ဒိုးက ခပ်တည်တည်ပင် ခေါင်းယမ်းပြ၏။

ဒီကောင့်ကို ဖြိုး သိပ်ကြည့်မရ။

"မင်း မကြိုက်ရင် ငါ့အစ်ကိုဝမ်းကွဲ ကိုလှိုင်နဲ့ ပွိုင်းပေးလိုက်မယ်၊ ကိုလှိုင် ငါ့ကို ပြောနေတာ ကြာပြီ"

ဖြိုးက ဒိုးမျက်နှာကို အကဲခတ်ရင်း မထိတထိကလိလိုက်သည်။

"ဟ. . . ဘာဆိုင်လဲ၊ မင်းကိစ္စ မင်းလုပ်ပါလား၊ နော့ကို ဘာလို့ ဆွဲထည့်မှာလဲ"

"မင်းနော့က ငါ့နဒီကို ဘေးကနေ ကျပ်ကျပ်ပေးတယ်၊ နဒီ ငါ့ကို ဘီယာသောက်လားတောင် မေးနေတာ"

"သောက်ရင်သောက်တယ်ပေါ့ကွ. . . ဘာဖြစ်လဲ"

"ဟာ. . . အဲလိုပြောလို့ ဘယ်ဖြစ်မလဲ"

"မင်းအကြောင်းတွေ အနှေးနဲ့အမြန် သိသွားမှာပဲ၊ ဝတ်မှုန် ပြဿနာကလည်း မင်းမှာ တန်းလန်း"





"အဲဒါတွေ ထားလိုက်စမ်းပါ"

"မင်းထားလည်း ဟိုက ထားဦးမှ၊ မနက်ကတောင် ဖုန်းဆက်သေးတယ်"

"ငါရှိလည်း မခေါ်ပေးနဲ့နော်၊ မရှိဘူးပဲ ပြောလိုက်"

"မင်းဥစ္စက ဘာလဲ၊ အမျိုးမျိုးပါလား၊ အစတုန်းကတော့ ဝတ်မှုန်ကို အသည်းအသန်"

"အဲဒါတွေက တစ်လိုင်းသပ်သပ်ပါ၊ မင်း မသိပါဘူး အခု အရေးကြီးတာ နဒီလေး ငါ့ကို မြန်မြန် အဖြေပေးဖို့"

"တွေ့ခွင့်ရနေတာပဲကွာ၊ အဖြေက အရေးတကြီး လိုလို့"

"လိုတာပေါ့. . . နဒီ့ကို ငါ စိတ်မချဘူး"

"မင်းကို သူ့အိမ် လာလည်ခွင့်လည်း ပေးထားပြီဆို"

"သူက အကြောင်းသိအောင် လေ့လာဦးမယ်တဲ့"

"မင်း အခုမှ ဘာကြောက်နေတာလဲ"

"အေးကွ. . . မကောင်းသတင်းတွေ ကြားပြီး သူ ပေါ် ပြောင်းလဲသွားမှာ စိုးရိမ်တယ်"

"အဲဒါကြောင့် မင်းက မြန်မြန် ပွဲသိမ်းချင်တာလား"



www.burmeseclassic.com

www.burmeseclassic.com



"မင်း ကိုယ်ချင်းမစာတတ်ပါလား ဒိုးရာ၊ ဒါကြောင့် မင်းကို ငါက ရည်းစားရှိစေချင်တာ"

"ရှိလာမှာပေါ့"

"တကယ်လား"

နှောနှင့် တွေ့ပြီးကတည်းက ဒိုးလေသံ ပြောင်းလာတာ သတိထားမိသည်။

ကြည့်ရတာ ဒီကောင် နှောကို ကြွေနေပြီ။

ဒါပေမယ့် အင်မတန် ဟန်ဆောင်ချင်တဲ့ကောင်။

ရုပ်ကြည့်တော့ တစ်သက်လုံး မိန်းမ မယူတော့မယ့်ပုံ ဖမ်းထားသေးသည်။

"ဒါဆို နှောကို ကိုလှိုင်နဲ့ မိတ်မဆက်ပေးရဘူးလား"

အတင်းအစ်အောက်ထုတ်နေတာမို့ ဒိုး အမြင်ကပ်လာပြီး . . .

"အေး . . . ငါ နှောကို စိတ်ဝင်စားတယ်"

"ဟား . . . မင်း တကယ်လား"

အားရဝမ်းသာ ပုခုံးကို ဖြန်းခနဲ လာဖက်၏။

"ငါ့စိတ်ကူးတွေ နီးစပ်လာပြီပေါ့၊ ဝမ်းသာတယ်ကွာ"

"မင်း နှဒီကို လျှောက်မပြောနဲ့ဦး"





"အေးပါကွာ. . . မပူစမ်းပါနဲ့၊ မင်းကြိုက်ရင် အိုကေ ပါတယ်"

ချက်ချင်းလို အားပေးသည်။

ဒိုးက ဖြိုးရဲ့ အကူအညီတော့ မလိုချင်သေး။

နှောနှင့် သူနှင့်ကြားက နားလည်မှုလေးတစ်ခု ပျက်စီးသွားမှာ စိုးသည်။ အခုဆို ဘာပဲပြောပြော ခိုင်မာတဲ့ နှစ်ကိုယ်ကြား နားလည်မှုလေးတစ်ခု သူတို့ကြားမှာ ရှိနေပြီ။

နှောမျက်လုံးလေးတွေက စကားပြောတတ်တဲ့မျက်လုံးတွေ။ သူတို့ တစ်ယောက်ရဲ့သဘောကို တစ်ယောက် ရိပ်မိစပြုနေပါပြီ။ မျက်လုံးချင်းဆုံမိရင် တော်တော်နှင့် အကြည့်ပြန်မလွှဲနိုင်အောင် ငြိတွယ်မိကြသည်။

ဒါလေးကိုပင် ဒိုးမှာ အိပ်မပျော်နိုင်အောင် ကြည်နူးရင်ခုန်နေမိတာ။ ပျောက်ပျက်သွားမှာ စိုးသည်။

"ဒိုးရေ. . . ဟေ့ကောင်"

"ဘာလဲ"

"ဒီည အိမ်မှာ ဝစ်တာမတီးဘူး၊ အိမ်က ဟိုင်းလက်စ် မောင်းသွားပြီး သူတို့ခြံရှေ့ သွားဆိုရအောင်"

"ကောင်းပါ့မလား. . . ပေါ်တင်ကြီးကွာ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်လဲ. . . ရပါတယ်၊ ငါတို့က အေးအေး
ဆေး ဆိုမှာပဲ၊ အော်ဟစ်ပြီး မူးရူးသောင်းကျန်းမှာမှ မဟုတ်
"တစ်ခြားခြံကလူတွေ ထွက်ကြည့်ရင်ရော"
"မကြည့်ပါဘူး"
ဒိုးက အိမ်မှာ ဂစ်တာတီးတတ်၊ ဆိုတတ်ပေမယ့်
မှာ ဆိုရမှာ ရှက်သလိုကြီး ဖြစ်နေသည်။ အထူးသဖြင့်
အိမ်ရှေ့ သီချင်းနဲ့ သွားပိုးပြီး လူပျိုလှည့်သလိုဖြစ်နေမှာ
ပိုရှက်သည်။

"အဲဒါဆို . . . ဒီည မင်းပဲဆိုနော်၊ ငါ မဆိုဘူး"
"နှောအတွက်တော့ တစ်ပုဒ်လောက် ဟစ်ရမှာ
ဖြိုးက သူ့ကို စနေသည်။ ဒိုးမျက်နှာက ရယ်ကျဲ
နီရဲနေပါသည်။



"ထွက်မလာပါလား ဒိုးရ. . ကားကို ဟွန်းတီးလိုက်ကွာ"
"ဟာ. . . မလုပ်ပါနဲ့"
"တီ. . . တီ. . . တီ"
ဖြိုးက ပြောမရ။
ဟွန်းကို နှိပ်၏။
ဟွန်းနှိပ်နေစဉ်မှာပင် ဖြိုးရဲ့ခါးက ဖုန်းမြည်လာပါသည်၊
"ကိုဖြိုး"
"ဟက်လို"
"ဘာလို့ ဟွန်းတွေတီးနေတာလဲ၊ ပတ်ဝန်းကျင်က လူ
တွေကို အားနာဦးမှပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ဆောရီး. . . နဒီတို့ကို အချက်ပေးတာပါ"

"အချက်ပေးမနေနဲ့. . . အခု ဒီမှာ ဗိုက်ဆာနေတယ်"

"ဗျာ"

"ဟုတ်တယ်. . . ဒီနေ့ အိမ်မှာ ထမင်းစားမကောင်းဘူး ကြေးအိုးစားချင်တယ်"

"ဒါဆို ထွက်ခဲ့လေ"

"အို. . . ထွက်လို့ ဘယ်ဖြစ်မလဲ၊ စားစေချင်ရင် ရှင် သွားဝယ်ပေးပေါ့ ကိုဖြိုးရဲ့"

"ဟာ. . . ဒီအချိန်ကြီးမှ"

"ဆယ်နာရီတောင် မထိုးသေးပါဘူးနော်"

ဖြိုးက ခေါင်းကုတ် ရှုံ့မဲ့သွားပါသည်။

ခြံရှေ့ သီချင်း လာအော်မိတာ မှားပြီထင်ပါသည်။

"ဘယ်လိုလဲ. . . ဝယ်ပေးမှာလား"

"အင်း. . . အိုကေ၊ ဝယ်လာခဲ့မယ်"

"ပြန်လာရင် ဟွန်းတစ်ချက်ပဲတီး၊ အိမ်က ကောင်မလေးကို ထွက်ယူခိုင်းလိုက်မယ်"

"ဟာ. . . နဒီ ထွက်မလာဘူးလား"

"လာလို့ မဖြစ်ဘူးလေ. . . နှောမာမီ ရှိနေတယ်"





"ဒါဆို. . . အိမ်ထဲ ဝင်လာမယ်"

"အို. . . ဘယ်ဖြစ်မလဲ"

"နဒီ့အခန်းက ဘယ်မှာလဲ၊ အခန်းထဲကို ခိုးဝင်လာမယ်"

"အမယ်လေးနော်. . . မလုပ်ပါနဲ့"

ဒင်းပူဆာပုံက ရင်တုန်စရာကောင်းပါဘိ။

သူ့ကိုသာ ရည်းစားတော်လိုက်ရင်တော့ လွယ်မှာ [illegible]တ်ပါဘူး။

"တွေ့ချင်တယ် နဒီရယ်"

"ကဲ. . . မြန်မြန် သွားမဝယ်သေးဘူးလား"

"အိုကေ. . . အခု သွားလိုက်မယ်"

ဖြိုးက ခေါက်ဖုန်းကို ပိတ်ချပြီးတာနှင့် ကားစက်နှိုးဖို့[illegible]သည်။

"မင်းကို ဘာပညာပေးပြီလဲ"

"ကြေးအိုးစားချင်လို့တဲ့"

"ဘာ. . . ဒီအချိန်ကြီးမှ ထွက်ဝယ်ပေးရဦးမယ်"

"အေး"

"ကောင်းကွာ. . . ဖြိုး. . ဖြိုး၊ ဒီတစ်ချီတော့ မင်းခံရပြီ[illegible]. . . ဟား"



www.burmeseclassic.com

www.burmeseclassic.com



ဒိုးမာန် သဘောတကျ အော်ရယ်လိုက်ပါသည်။ ဖြိုး
တဲ့ကောင်ကို ဒီလို နှိပ်စက်မယ့်သူလည်း ရှိဦးမှပေါ့။

ဖြိုးသည် သဘောကောင်းလွန်းစွာ နဒီ စေခိုင်းသ
လုပ်ဆောင်ပေးမယ့်ပုံ ပေါ်နေလေရာ ပုံစံကပင် ဒိုးအတွ
ထူးဆန်း အံ့သြစရာ ဖြစ်နေပါသည်။

သူ ပြောသလိုပဲ အချစ်ဆိုတဲ့အရာကို တကယ် နား
တွေ့ ဒူးတွေ့ ရင်ဆိုင်ရပြီ ထင်ပါသည်။



နှောနှင့် နဒီက သူတို့အိမ်က တယ်ရီယာ မွေးပွခွေးဖြူ
လေးကို ကြိုးနှင့်ဆွဲပြီး လမ်းလျှောက်ထွက်တာ မြင်သဖြင့်
နှင့် ဒိုးမာန်က မယောင်မလည် လိုက်လာကြသည်။

ခွေးလေးက နှောလက်ထဲမှာ လမ်းထွက်ရလို့ ပျော်ရွှင်
သွားနေ၏။

"ဗျို့ . . . အစ်မကြီး"

ကိုဖြိုးက ခြံနှင့် အတော်ဝေးလာလျှင် လှမ်းအသံပြု၏။

"ဟင်"

"အစ်မကြီးရဲ့ခွေးက ကိုက်မှာလား၊ ပုံစံကတော့
စရာလေးပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ရှင်တို့ လိုက်လာတယ်"

"ကျွန်တော်တို့လည်း လမ်းလျှောက်ထွက်လာတာလေ မလျှောက်ရဘူးလား"

ဖြိုးပုံစံက ပြုံးစိစိ မထိတထိနှင့်။

ဒိုးကလည်း နှောကို ပြုံးပြနှုတ်ဆက်ရင်း. . .

"ကျွန်တော် ဆွဲပေးမယ်လေ"

နှောလက်ထဲက သံကြိုးကို ကူဆွဲပေးလိုက်ပါသည်။

ခွေးလေးက လူပြောင်းသွားတာ သိသည်။

'ဂီး. . . ဂီး' ဟု လှည့်မာန်၏။ ဟောင်တာလည်း မဟုတ်။ ထိုအသံလေးကပင် ချစ်စရာ ကောင်းလှသည်။

"ပက်ဂီ. . . နင့်ကို ဘာမှမလုပ်ဘူး. . . စိတ်ချ"

နှောစကားကို နားလည်သလို ခွေးလေးက နားရွ လှုပ်ပြပြီး ငြိမ်သွားပါသည်။

ဒီတော့မှ ခေါင်းငုံ့ထားတဲ့ နှောမျက်နှာလေးကို ချစ် နှင့် ငေးမောမိသည်။

သူ ဒီကောင်မလေးကို မြင်တာနှင့် ရင်ထဲ ပူနွေးလို ခုန်လာတာ ဘာကြောင့်လဲ။ သူ့ဘဝမှာ ဘယ်မိန်းကလေး စိတ်မဝင်စားခဲ့ဘူးတာ အမှန်။





ဖြိုးကနေတစ်ဆင့် ပတ်သက်ရင်းနှီးလာရတဲ့အတွက် လည်း သူ့ရင်မှာ စိုးရိမ်ပူပန်မှု ရှိသည်။

ဖြိုးနှင့် ရောထွေးပြီး သူ့ကို တစ်ချိန်မှာ လူရှုပ်ဟု သတ်မှတ်ခံရမှာ သူ ကြောက်နေသည်။

"နှော. . . စကားလည်း မပြောဘူး၊ ကျွန်တော်တို့ လိုက်လာတာ အနှောက်အယှက် ဖြစ်သွားလို့လား"

"အို. . . မဟုတ်ပါဘူး"

"ကျွန်တော့်ကို ခင်ရဲ့လား၊ ကျွန်တော်ကတော့ နှောကို မြင်မြင်ချင်း စိတ်ထဲမှာ ရင်းနှီးလိုက်မိတယ်"

"နှောလည်း အဲလိုပါပဲ"

"တကယ်လား"

ဖြိုးနှင့် နဒီက နောက်ဘက် ခပ်လှမ်းလှမ်းမှာ စကား ပြောရင်း ကျန်ရစ်သည်။

နှောက တစ်ချက်တစ်ချက် လှည့်ကြည့်တာကြောင့်. . .

"ဘာလို့ လှည့်ကြည့်နေတာလဲ၊ နှောအစ်ကို စိတ်မချလို့ လား၊ ဘာမှ မဖြစ်ပါဘူး၊ အလွန်ဆုံး ရည်းစားစကား ပြောရုံ ဘက်ပါ"

"ကိုဖြိုးက နဒီ့ကို ကြိုက်နေပြီလား"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော့်ကို ရင်ဖွင့်တာတော့ နားတွေ ညည်းနေပြီ
"သူ့ရဲ့ အကျင့်စာရိတ္တကရော"
"ဗျာ"
"ကိုကဆုန်ဖြိုးက ဘယ်လိုလူစားလဲ၊ နဒီက စုံစမ်း
တယ်လို့ ပြောနေတယ်"
"ဒါများဗျာ. . . ကိုယ်တိုင်မေးလိုက်ပေါ့"
"အမှန်တော့ ဘယ်ပြောမလဲ ကိုနေဒိုးရဲ့"
"နှောခေါ်မှ မင်းသားနေတိုးနဲ့ ဆင်သွားပြီ"
ဒိုးက စကားလမ်းကြောင်း လွှဲလိုက်သည်။
ဖြိုး အကြောင်းမေးရင် သူ မဖြေချင်။ စာရိတ္တ ဆိုး
ဝါးဝါး ပျက်စီးနေတာ မဟုတ်ပေမယ့် ဘီယာသောက်
ကောင်မလေးတွေ ရှုပ်တာလောက်တော့ ဖြိုးသမိုင်းမှာ ရှိ
သည် မဟုတ်လား။
သူ ညာလည်း မညာချင်။ အမှန်ကိုလည်း မပြော
"နှောကလေ နဒီလူရွေးမှားမှာ စိုးရိမ်တယ်၊ သူငယ်
ဆိုပေမယ့် ဟိုငယ်ငယ်ကတည်းက အတူတူနေလာတော့
အစ်မလိုပဲ ဖြစ်နေပြီ၊ နဒီမှာက မိဘညီအစ်ကိုမောင်နှမလည်း
မရှိဘူး၊ နှောမိဘတွေလည်းပဲ အုပ်ထိန်းစောင့်ရှောက်လာ





ကြောင့် သူ တစ်ခုခု အမှားတွေ့မှာ နှောစိုးရိမ်တယ်၊ ကိုကဆုန်
က အပြင်ပန်းကကြည့်ရင်တော့ မဆိုးပါဘူး၊ ဒါပေမယ့် လူ
တစ်ယောက်ရဲ့ဇာစ်မြစ်အမှန်ကို အပြင်ကကြည့်ရုံလေးနဲ့ မလုံ
လောက်ဘူး မဟုတ်လား"
"နှောရယ်. . . ဒီလောက်လည်း မတွေးပါနဲ့၊ နဒီကိုယ်
တိုင်လည်း ဖြိုးကို လေ့လာဦးမှာပါ"
နှောတော့ မထင်ပါ။ ဒီမိန်းမက ကဆုန်ဖြိုးကို သဘော
ကနေပါပြီ။ မိန်းကလေးတွေက ကိုယ်သဘောကျတဲ့ယောက်ျား
မှာ ပြစ်ချက်ဆိုတာ ရှာမတွေ့ချင်ဘူးလေ။
သူ့ကိုတော့ ဘာမှမပြောဖြစ်။
နှောအဖြစ်ကလည်း ဆန်းသည်။ နေဒိုးမာန်ကိုတော့
အလိုလို ယုံကြည်စိတ်ချပြီး။
ကဆုန်ဖြိုးကိုကျ မယုံသင်္ကာစစ်ဆေး မေးမြန်းချင်မိ
သည်။ တကယ်ဆိုရင် သူအကြည့်တွေက နှောအပေါ် ငြိတွယ်
ချင်တာ။ သူ့အကြောင်းကို သိဖို့က ပိုပြီး လိုအပ်တာပါ။
"ကိုနေဒိုးက ဘယ်မှာနေတာလဲ"
ရုတ်တရက် သူမမေးခွန်းကြောင့် ဒိုးမျက်ခုံးရှုံ့လိုက်မိ
. . .



www.burmeseclassic.com

www.burmeseclassic.com



"ဒီမှာပဲလေ ဖြိုးနဲ့နေတယ်"

"ကိုဖြိုးနဲ့ အတူတူ မနေခင်တုန်းကရော"

"အဲဒီတုန်းကလား . . . ကြာပြီဗျ၊ ရန်ကုန်မြို့ပြင်နား ရွာလေးတစ်ခုမှာ၊ ကျွန်တော်က တစ်ကောင်ကြွက်လေ၊ ဦးလေး မိသားစုနဲ့ကပ်နေရတာ၊ ဦးလေးကလည်း စီးပွားရေးအခြေ မပြေတော့ အခက်အခဲရှိတာပေါ့ဗျာ၊ အဲဒါနဲ့ ဖြိုးနဲ့တွေ့ပြီး ဖြိုး ဒီခေါ်လာတာပဲ၊ သူက သူငယ်ချင်းဆိုပေမယ့် ကျွန်တော့် ကျေးဇူးရှင်ပါ၊ သူ ထိခိုက်နစ်နာစေမယ့်ကိစ္စမျိုး ကျွန်တော် ဘ တစ်ခုမှ လုပ်မှာ မဟုတ်ဘူး"

သူမက ခပ်တိုးတိုးရယ်ရင်း . . .

"ဒါဆိုရင်တော့ ကိုဖြိုးအကြောင်း ရှင့်ဆီမေးလို့ရ မဟုတ်ပါဘူး"

"နှော့က ကျွန်တော်တို့ကို မယုံလို့လား"

ခွေးလေးက လမ်းလျှောက်ရတာ မောသွားသလို ခ ထိုင်ချလိုက်သည်။ သူတို့လည်း ထိုအနားက ခြံဝတစ်ခု အုတ်ခုံပေါ် ထိုင်မိကြသည်။

သူသည် နှော့နှင့် ခပ်ခွာခွာ ထိုင်လိုက်ပေမယ့် တ တမ်း နှော့အသားလေးနှင့် ထိထိကပ်ကပ် ထိုင်ချင်တာပါ။





သူ့ကို ယဉ်ယဉ်လေးနှင့် စိတ်ညှို့ထားတာ နှော့ပါ။

ကိုဖြိုးနှင့် နဒီက ဒီဘက်နားထိ မလာဘဲ ခပ်ဝေးဝေးမှာ ငပ်လျက် စကားတွေ အမျှင်မပြတ်ဟန် ရှိ၏။

"မယုံလို့တော့ မဟုတ်ပါဘူး ကိုနေဒိုးရယ်၊ ဒါပေမယ့် ကိုကဆုန်ဖြိုး ကြည့်ရတာ အရမ်း လူရည်လည်ပြီး သွက်နေတဲ့ပုံ မျိုး ဖြစ်နေတယ်"

"ဒါဆို . . . ကျွန်တော်ကရော"

"ကျွန်မ မှားချင်လည်း မှားမယ်နော်၊ ရှင်က အေးဆေး တဲ့ပုံပေါ်တယ်"

"ဟား . . . တော်လိုက်တာဗျာ၊ ကြားရတာ နားချမ်းသာ လိုက်တာ"

သူက နှော့ကို ရွှန်းရွှန်းစားစား စိုက်ငေးကြည့်ရင်း ကျေနပ်စွာ ပြုံးသည်။

သူ့မျက်လုံး၊ သူ့နှုတ်ခမ်း၊ သူ့ အရယ်အပြုံးများက နှော့ ကို မျက်စိမလွှဲချင်အောင် ဆွဲဆောင်ဖမ်းစားနိုင်၏။

ညှို့ရိပ်သန်းသော်လည်း စိုပြေလတ်ဆတ်သော အသား အရေနှင့် ယောကျာ်းပီသသော ရင်အုပ်ကျယ်ကျယ်၊ ပုခုံးကား ကားနှင့် မျက်နှာကလည်း နှာတံပေါ်ပေါ်၊ မျက်လုံးမျက်ခုံး ထင်း



www.burmeseclassic.com

www.burmeseclassic.com



ထင်းနှင့်ဖြစ်ကာ အင်မတန် ညှို့အားပြင်းသော မှန်သာဘောကျ
သော ရုပ်ရည်မျိုးကို သူ ပိုင်ဆိုင်သည်။ အကြည့်ငေးနှစ်ခု
တစ်နေရာမှာ ဆုံဆည်းငြိတွယ်မိကြသည်။

"ဘာလို့ ကြည့်နေတာလဲ"

ရှက်ရှက်နှင့် မရည်ရွယ်ဘဲ စွာစွာလေး မေးမိသည်။

"နှောက ချစ်စရာကောင်းလို့ပါ"

"မဟုတ်ဘဲနဲ့"

"ဟုတ်ပါတယ်"

"အားလုံးက နန္ဒီကို ချောတယ်လို့ပဲ ပြောတယ်"

"အဲဒါ. . . သူတို့ မကြည့်တတ်လို့ပါ၊ နှောက အပြု
ကင်းတဲ့ကလေးလို အလှမျိုး၊ တအား ဖြူစင်တယ်၊ သဘော
ကောင်းတဲ့မျက်နှာမျိုး ပေါ်နေတယ်"

"သဘောမကောင်းပါဘူး၊ သူများတွေကဖြင့် မျက်နှာ
ထားတင်းလို့ဆိုပြီး အမြင်တွေကပ်နေကြနေတာ"

"ဘယ်သူပြောလဲ. . . မိန်းကလေးဆိုတာ ဒီလို တည်
တည်လေးနေမှ ကျက်သရေရှိရှိ တင့်တယ်တာ"

"ရှင်က တော်တော်မြှောက်တတ်တာပဲ၊ ရုပ်ကို ကြည့်ရ
စကားတောင် ပြောမှ ပြောတတ်ရဲ့လားလို့ ထင်ရတယ်"





"ဟုတ်ရဲ့လားဗျာ. . . ဟား. . . ဟား"

သူမနားရှိတဲ့အချိန်မှာ ဒိုး အလိုလို ပျော်နေမိကာ
ရယ်သံက ချိုမြနေရသည်။

ပြောရဲရင်တော့ ချစ်တယ်လို့ ပြောလိုက်ပြီ။

ပထမဆုံး ဦးဦးဖျားဖျား နှလုံးသားထဲကလာတဲ့ အချစ်
တွေအကြောင်း သိစေချင်လှသည်။ ကျေးဇူးပြုပြီး တန်ဖိုးထား
နားလည်ပေးပါလား နှောရယ်။

"နန္ဒီတို့ ဒီလောက် အကြာကြီး ဘာတွေပြောနေလဲ၊
မသိပါဘူး"

"ဒီလိုပေါ့ဗျာ. . . နားလည်ပေးလိုက်ပါ၊ ဖြိုးက မနက်
ဖြန် နန္ဒီကို ကျောင်းလိုက်ပို့မယ် ပြောနေတာပဲ"

"နှောတို့နှစ်ယောက် သွားနေကျပဲ"

"ကြာရင်တော့ နန္ဒီက နှောနဲ့ သွားချင်မှာ မဟုတ်ဘူးဗျ"

"ဟင်. . . ဟုတ်လား၊ သူတို့ အခြေအနေတွေ ထူးကုန်
ပြီလား"

"ကျွန်တော်လည်း မသိဘူး"

"နန္ဒီပြောတော့ လေ့လာနေတုန်းပဲတဲ့၊ အဖြေမပေးရ
သေးဘူးတဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ဒါပေမယ့် ယုံလို့ မရဘူးဗျ၊ ဖြိုးဆိုတဲ့ကောင်က လူလည်"

သူက သူငယ်ချင်းကို ချစ်စနိုးသံကြီးနှင့် ထောပနာပြု၏။

နဒီကို ချစ်ခွင့်ရဖို့ ဖြိုး အတော်ကြီး လုံးပန်းနေရတာ သူ သိသည်။

"နဒီက ရည်းစားထားဖူးတာ မဟုတ်ဘူး ကိုနေဒိုးရဲ့ သူတို့နှစ်ယောက် ယှဉ်လိုက်ရင် နဒီက ကလေးလို ဖြစ်နေတာ"

"နွေရော ရည်းစားထားဖူးလား"

သူမက နှုတ်ခမ်းလေးကိုက်ပြီး မျက်လွှာ ပင့်ကြည့်သည်။ ပြီးမှ ပြုံးလိုက်ကာ...

"ရှိတာပေါ့"

"ဗျာ... တကယ်လား"

နေဒိုးမာန် ချက်ချက် မျက်နှာပျက်၏။

"အများကြီးပဲ"

"မညာပါနဲ့ဗျာ... ရင်တောင်ပူသွားတယ်"

သူ့စကားကြောင့် နွေ့မျက်နှာမှာ ရှက်ရိပ်နီလေး ဖြာပြေး၏။





နွေ့ ရည်းစားရှိရင် သူက ဘာကြောင့် ရင်ပူရမှာလဲနော်။ ဒါ ဘယ်လိုစကားကြီးလဲ။

"မရှိသေးရင် မထားပါနဲ့ဦး... မကောင်းပါဘူး"

"ဘာလို့ မကောင်းတာလဲ"

"ခုခေတ် ကောင်လေးတွေက မလွယ်ဘူးလေဗျာ"

"အဲဒါဆို ရှင်လည်း ပါတာပဲ"

"ကျွန်တော် မပါဘူး၊ ကျွန်တော်က ကိုယ်တကယ်မြတ်နိုးတဲ့ မိန်းမကိုပဲ ချစ်မှာ၊ လက်ထပ်မှာ၊ အပျော်သဘော ကျွန်တော် လုံးဝ ခြေမရှုပ်ချင်ဘူး"

သူ့စကားကို နွေနှလုံးသားထဲမှ ယုံကြည်မိသည်။ သူဟာ နွေထင်သလို လေးစားအားကိုးဖွယ် ယောကျ်ားပါ။

"ဟင်... ပက်ဂီ ပြေးပြီ"

စကားကောင်းတုန်း ခွေးလေးက လက်ထဲမှ လွတ်ပြေး၏။

"ကျွတ်... ဒီကောင်ကွာ"

ခွေးကလေးက နဒီဆီ ပြေးတာ။ ကြိုးတန်းလန်းနှင့် တဆုန်ပေါက်ပြေးသွားတာ။

ကားတွေဘာတွေ လာချိန်နှင့် တိုးမှာစိုး၍ နေဒိုးမာန်က အမြန်လိုက်ဖမ်းပေးသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟား . . မင်းလည်း ခွေးကျောင်းသား ဖြစ်နေပါလား"

ခွေးက ပတ်ပြေးနေသဖြင့် ကဆုန်ဖြိုး သူ့ကို ဟား၏။

မိုးချိုနှောကလည်း ဒီဘက်သို့ လျှောက်လာ၏။

သူ့သခင်မ ကောက်ချီမှပဲ ရသည်။

"နဒီ . . . ငါ ပြန်နှင့်မယ်နော်"

အခုတလော နဒီနှင့် နှော ကြာကြာနေလို့ မရပါ။

ကိုဖြိုးက ဘယ်ချောင်ကဘယ်လို အနားရောက်ရောက် လာမှန်း မသိ။

"ငါလည်း ပြန်မယ် ဖြိုး၊ မင်းတို့ ပြောလို့မပြီးသေးရင် နေခဲ့လေ"

"အံမယ် . . . ပြီးပါပြီ၊ သူနဲ့ ဘာပြောရဦးမှာလဲ"

"မသိဘူးလေ . . . မနဒီရာ၊ ဟား . . . ဟား"

နဒီက မျက်စောင်း သိမ်းကျုံးရွယ်လိုက်သည်။

ထို့နောက်မှာတော့ မိန်းကလေးနှစ်ယောက်နှင့် ခွေး တစ်ကောင်သည် သူတို့ခြံထဲ သူတို့ ပြန်ဝင်သွားသဖြင့် လူရွယ် လေးနှစ်ယောက်မှာ တိတ်ဆိတ်ကျန်ခဲ့ပါသည်။



မိုးချိုနှောနှင့် နဒီသည် ဝရံတာမှာ လက်ဖက် တစ်ပန်းကန်ချရင်း စကားစမြီ ထိုင်ပြောနေမိသည်။

"နှော . . . သူ့ကို ပြန်ကြိုက်လိုက်ရမလားဟင်"

"ထပ်မလေ့လာတော့ဘူးလား"

"သူ ငါ့အပေါ် အနွံအတာတော့ ခံရှာပါတယ်"

"ဘာကိုလဲ . . . ဒဂုံစင်တာ သွားတဲ့နေ့က နင်ဝယ်သမျှ ပစ္စည်းတွေကို သယ်ပေးတာကို ပြောတာလား၊ နင် ရေဆာတယ် ဆိုတာနဲ့ ရေဘူး ပြေးဝယ်ပေးတာကို ပြောတာလား၊ ဒါမျိုးတွေ တစ်သက်လုံး လုပ်ပေးနိုင်မှာမို့လို့လား"



www.burmeseclassic.com

www.burmeseclassic.com



သူမစကားကြောင့် နဒီကခေါင်းလေးမော့ပြီး ရယ်လိုက်သည်။

"ငါ စမ်းပြီးပါပြီ နှောရယ်. . . သူက ငါ ဂဂျီဂချောင်ကျသမျှ သည်းညည်းခံပါတယ်၊ အရမ်း အလိုလိုက်မယ့်ပုံလည်း ရှိတယ်"

"နင်ယုံရင် ပြီးတာပဲ"

"ကိုဒိုးမာန်ကျတော့ စကားနည်းပြီး အေးတယ်၊ နဒီက အဲလို အေးစက်စက်ဆိုရင်လည်း မကြိုက်ဘူး"

"ဟိုကလည်း နင့်ကို မကြိုက်ပါဘူးနော်"

"ဟုတ်ပါတယ်. . . ဟုတ်ပါတယ်. . . ဟား. . . ဟား နှောမှ နှောပါပဲ"

"နဒီနော်"

"ကိုဖြိုးကို ငါ မေးကြည့်တယ် သိလား၊ နေဒိုးမာန်က နင့်ကို ကြွေနေတာတဲ့"

"မဟုတ်တာတွေ လျှောက်မပြောနဲ့"

"သူ မပြောရဲရင်သာ ရှိမယ်၊ နှောကို သူ စိတ်ဝင်စားတာ ငါ လုံးဝ လောင်းရဲတယ်"

"နင့်ကိစ္စထဲ လာဆွဲမထည့်ပါနဲ့"





"မထည့်ပါဘူး၊ နင်ကျန်ခဲ့မှာစိုးလို့"

"ကျန်ပစေ"

"ဒါဆို ကိုဖြိုးကို အဖြေပေးလိုက်တော့မယ်"

"မသိဘူး. . . ပေးချင်ပေး၊ မပေးချင်နေ"

နှောသည် နဒီ ရည်းစားရသွားပြီး သူမတို့နှစ်ယောက် ခင်လို မစည်းလုံးတော့မှာကိုတော့ စိုးရိမ်မိပါသေးသည်။

"မျက်နှာကြီးက ဘာဖြစ်တာလဲ"

နဒီက သူမမေးစေ့ကိုဆွဲကာ ချော့မော့ ကျီစယ်နေပါ ပြီ။

အလကားပါ. . . သူ ရည်းစားထားချင်လို့ နှောကို ်နှာချိုသွေးနေတာ။

နှောလည်း ကြိုတင်သိနှင့်သားပဲ။

ကိုဖြိုးများ ဖုန်းမဆက်တဲ့နေ့ဆို နဒီ စိတ်နှင့်လူနှင့် မကပ် ဲလျှောက်သည်လျှောက်နှင့် ဂနာမငြိမ်အောင် ဖုန်းမျှော်နေ ်ကတည်းက ရိပ်မိနေပါပြီ။

ဒီတစ်ယောက်ကို နဒီ မလွှန်ဆန်နိုင်တော့တာ သေချာ ည်၊ အရင်က ဖုန်းလက်ခံ စကားပြောသူတွေနှင့် တူကို ာ။



www.burmeseclassic.com

www.burmeseclassic.com



နှစ်ယောက်သား စားအတူ၊ သွားအတူ၊ နေအတူ စိတ်ပါတာတွေ တပူးတွဲတွဲ လုပ်နေကျမို့ နှောက သူမဘ ကျန်ခဲ့မှာလည်း တွေးပူမိသေးတာပေါ့လေ။

"ငါ နှင်နဲ့ တိုင်ပင်တယ်နော်၊ နောက်မှ မတိုင်ပင်ဘူး လာမပြောနဲ့"

"ကြိုက် . . . ကြိုက် . . . ကြိုက် တစ်ခါတည်း ခိုးရာလိုက်"

"အဟီး . . . ဟီး. . . ဟီး. . ."

"ဟွန်း. . . . သိပ်သဘောကျနေတယ်"

နဒီက အပျော်လွန်ပြီး လက်ဖက်သီးအောင် ရယ်

"ဒီနေ့ ဘယ်လိုဖြစ်တာလဲ၊ ကိုဖြိုး ဖုန်းမဆက်ဘူး"

နဒီက ခပ်တိုးတိုးနှင့် ထပ်တလဲလဲ ညည်းညူနေ၏။ ကြာတော့ နှော အမြင်ကပ်လာပြီး . . .

"တစ်ခြားကောင်မလေးဆီ သွားနေတာပဲ ဖြစ်မယ်"

"မဖြစ်နိုင်ပါဘူး"

"နင်က ကိုဖြိုးကို ဟိုဟာခိုင်း၊ ဒီဟာခိုင်းနဲ့ ခိုင်းဖတ်လို သဘောထားတာကို၊ အခု နင့်ဒဏ်မခံနိုင်လို့ ပြေးပြီ ထင်တယ်"

"သူ့ကားလည်း ဒီနေ့တစ်နေ့လုံး ထွက်တာမတွေ့သေး

"အိမ်မှာ မရှိဘူးနဲ့တူပါတယ် နဒီရယ်၊ လာပါ ဂိမ်းဆော့ အောင်"




www.burmeseclassic.com

www.burmeseclassic.com



"ဟင့် အင်း"

နဒီက ခေါ်မရ။

"နင် ဖုန်းဆက်ပေါ့"

"ငါက စ,ဆက်ရင် အကျင့်ပါမှာ စိုးလို့ပေါ့"

"အမယ်လေးနော်၊ ဖြစ်မှ ဖြစ်ရလေ"

"သူ ဘယ်ရောက်နေတာလဲ၊ ဘာလို့ ငါ့ဆီမလာတာ

"မသိဘူးဟ့"

နဒီက ဘေးနားရှိတဲ့ နှောကိုပဲ ပွစိပွစိလုပ်နေ၏။

ကိုဖြိုး တစ်ရက်လောက် ပျောက်နေတာနှင့် နဒီ ပျာယာခတ်နေပါပြီ။

"သူပြောတော့ နေ့တိုင်း ဖုန်းဆက်မယ်ဆိုပြီး"

နဒီ စိတ်ကောက်ချင်လာမိသည်။

မနေ့က ပြန်သွားတဲ့အထိ အဖြစ်အပျက်တွေ ပြော စကားတွေကို ပြန်စဉ်းစားတော့လည်း ဘာမှအမှားအယွင်း

သူစိတ်ဆိုးအောင် စိတ်ခုအောင်လည်း နဒီ ဘာမှ မိပါဘူး။

သူ့ဘက်က နဒီမျက်နှာတစ်ချက် မညိုးရအောင် တမ်း ပျာယာခတ်အောင် ဂရုတစိုက်ရှိနေလေတော့ သူ့ကို





မတွေ့ရတာနှင့် လူက မနေတတ်အောင် ရင်ထဲလစ်ဟာကာ နေသည်။

ကိုဖြိုးကို သူမ ချစ်နေမိပြီ။ ဆိုးဆိုးကောင်းကောင်း ဒီ ချစ်မှာ နစ်ဝင်နေပြီ။ ဘယ်တော့မှလည်း ရုန်းထွက်လို့ရမှာ တော့ပါ။ လူတစ်ယောက်ကို တစ်သက်လုံး လက်တွဲသွားဖို့ ဟာ သိပ်ပြီးဆုံးဖြတ်ရခက်မှာပဲဟု နဒီအရင်က ထင်ခဲ့သည်။

တကယ်တမ်း ရင်ထဲကလည်း လိုအပ်လာရော ဆုံးဖြတ် ဆိုတာ အလိုလိုကျလာပါတော့သည်။ သူ ဘာဖြစ်နေလဲ၊ တစ်စတစ်စ စိတ်ပူလာသည်။

သူ နောက်ထပ် နဒီ့ရှေ့ကို ရောက်မလာရင်ရော . . . နိုင်မလား။ သူ မနေနိုင်ပါဘူး။ ဒီလို အဆက်အသွယ်ဖြတ်ပြီး ရက်မှာ မဟုတ်ပါဘူး။

တစ်ဖက်ကလည်း ယုံကြည်နေသည်။ တစ်ဖက်က ည်း စိုးရိမ်တွေးတွေ ရှိနေသည်။

အချစ်နှင့်ပတ်သက်လျှင် ရင်ထဲမှာ ဒီလိုပဲ ယောက်ယက် ခတ်သလား မသိတော့ပါ။ ဘာပဲဖြစ်ဖြစ် ရှင်းရှင်းသိရ အောင် နဒီ ဖုန်းဆက်ကြည့်ရမည်။

ဟုတ်သည်။ ကိုယ်က စ,ဆက်သွယ်တော့ရော ဘာဖြစ်



www.burmeseclassic.com

www.burmeseclassic.com



လဲ။ သူ့အချစ်ကို လက်ခံဖို့ပင် စဉ်းစားနေပြီပဲ။ သူနှင့်နဒီ တစိမ်းတရံစာလို တွက်ကပ်နေလို့ မရ။

လျှော့တန်တာတော့ လျှော့ရမည်။ သူပဲ အမြဲ ဖုန်းဆ ရမည်ဆိုတာ နည်းနည်း တစ်ဖက် သတ်ဆန်နေသည်။

ဆောင်းနဒီသည် သူ့ကိုယ်သူ သတိပေးဆုံးမ တယ်လီဖုန်းရှိရာ အလိုလို လျှောက်လာမိတော့သည်။

ဖုန်းလေး တစ်ခါခေါ်ရတာ ဘာဖြစ်သွားမှာမို့လဲ

"ဟက်လို"

ထူးသံသည် ကိုဖြိုးအသံမဟုတ်။ သူမ မျက်မှောင် မိသည်။

"ကိုဖြိုးနဲ့ ပြောချင်လို့ပါ"

"မနဒီလား"

"ရှင် ဟုတ်ပါတယ်၊ အခုပြောနေတာ ကိုဒိုးမာန် တယ်"

"ဟုတ်ကဲ့. . . ကိုဖြိုးအိပ်နေလို့ ကျွန်တော် ဖုန်း တာပါ"

"အိပ်နေတယ်"

"ဖြိုး နေမကောင်းဘူးဗျ၊ အအေးမိပြီး ဖျားနေ





"ဟင်. . . ဟုတ်လား၊ သူတော်တော်ဖြစ်နေလား"

"အဖျားက ဟန်ဒရက်အင်တူးလောက်တော့ ရှိတယ်"

"ဆရာဝန်မခေါ်ဘူးလား၊ ဆေးခန်းမသွားဘူးလား"

"ဖန်မလီဒေါက်တာက ခရီးလွန်နေတယ်ဗျ၊ သူနိုးရင် မ်းထိပ်က ဆေးခန်းကို သွားခိုင်းမယ်လို့ စိတ်ကူးနေတာ"

"ကောင်းတယ်၊ ဆေးခန်းပြမှ ရမှာပေါ့၊ ဘယ်တုန်းက ားတာလဲ"

"ညက ဂစ်တာထွက်တီးနေတာ နည်းနည်းညဉ့်နက် ားတယ်လေ၊ သူ အိပ်ရာဝင်တော့ အသံဝင်ပြီး အဖျားတက် ာတာပဲ"

"နဒီတို့ လာခဲ့မယ်"

"အိုကေ. . . သူဝမ်းသာပြီး အဖျားတောင် ပျောက်သွား ယ်ထင်တယ်၊ ဟား . . . ဟား"

"ရှင့်ရယ်သံကြောင့် သူ နိုးဦးမယ်"

အောင်မယ်လေးဗျာ ရယ်တာတောင် တိုးတိုးသက် က် ရယ်ရမလို ဖြစ်နေပါလား။

"နိုးတော့လည်း မနဒီတို့လာတာနဲ့ အတော်ပဲပေါ့"

"ရပါတယ်၊ နိုးတဲ့အချိန် စောင့်မှာပေါ့ရှင်"



www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပါပြီဗျာ"

သူ ဖုန်းပြောနေခိုက်မှ ဖြိုးက လူလွှန့်လာပြီးလျှင် . . .

"နဒီလား . . . ဒိုး"

"အေး . . . ဟုတ်တယ်"

"ဘာပြောလဲ"

"အခု လာကြည့်မယ်တဲ့"

"ဟ . . . တကယ်လား"

ကဆုန်ဖြိုး စိတ်လှုပ်ရှားပြီး လူးလဲထ,ထိုင်သည်။

"မင်းက အိပ်နေလေ၊ ဘာလို့ ငုတ်တုတ်ထိုင်စော
လဲ"

ဒက်ဒီနှင့် မာမီက စက်ာပူသွားနေသည်။

အိမ်မှာ သူတို့နှင့် ဒေါ်အုန်းစိန်ပဲ ရှိသည်။

"ဟော့ကောင် . . . ဒေါ်အုန်းစိန်ကို တစ်ခုခု စီ
ပြောဦး"

"အေးပါကွာ . . . ရောက်တောင်မရောက်သေးပါ

"နဒီက ငါ့ကို ချစ်သားပဲကွ"

"သတင်းမေးလေး လာရုံနဲ့တော့ ချစ်တယ်လို့
မှတ်လို့ မရပါဘူး"





ဒိုးမာန်က သူ့စကားကို ပယ်ချသဖြင့် ဖြိုးရှုံ့မဲ့သွားသည်။
ဒီနေ့တော့ သေချာတဲ့အဖြေတစ်ခုရအောင် ကြိုးစားရမည်။

"တီး . . . တောင်"

"ဟော့ . . . ဒိုး၊ တံခါးဘဲလ်သံကြားတယ်၊ သူတို့လာပြီ
ထင်တယ်ကွ၊ မင်း မြန်မြန်ထွက်ကြိုလေ"

"အေးပါ"

"ငါ ဒီမှာပဲ စောင်ခြုံအိပ်နေလိုက်မယ်"

"အိုကေ . . . ငါ သဘောပေါက်ပါတယ်"

ဒိုးက ပြုံးစိစိလှမ်းပြောရင်း အခန်းပြင်သို့ ထွက်သွား၏။

ခြံတံခါးဝမှာ တကယ်ပဲ သူမတို့နှစ်ယောက် ရောက်နေ
သည်။

"လာပါ . . . အထဲဝင်ပါ"

"သူ နိုးနေပြီလား"

"နိုးပါပြီ . . . မနဒီ"

နဒီနှင့် မိုးချိုနွယ်က လှမ်းဝင်လာသည်။ ခြံက ကျယ်ပေ
မယ့် ပန်းပင်တော့ သိပ်မရှိပါ။

ပေါ်တီကိုရဲ့ တစ်ဖက်တစ်ချက်မှာတော့ ကြာကန်လှလှ
လေးတွေ ပြုလုပ်ထားသည်။



www.burmeseclassic.com

www.burmeseclassic.com



ကြာဖြူ ကြာနီပန်းများ ပွင့်လန်းနေသည်မို့ နှောက သဘောကျစွာ ငေးကြည့်မိသည်။ အိမ်ထဲ လှမ်းဝင်လိုက်တော့ အေးစိမ့်နေသည်။ အလှမွေးငါးတွေ ဖန်အိမ်လှလှလေးနှင့် မွေးထားတာလည်း ရှိ၏။

ဒေါ်အုန်းစိန်က ချစ်စရာမိန်းကလေးနှစ်ယောက်ကို ထွက်ကြည့်သည်။ အိမ်ကို မိန်းကလေးသူငယ်ချင်းလာခဲ့သည် မဟုတ်လား။

"ဒေါ်အုန်းစိန် ကော်ဖီလုပ်ပါ၊ သူတို့က လမ်းထဲကပဲ လေ ခြံနံပါတ် နှစ်ဆယ့်လေးက"

"သြော်. . . ဟုတ်လား၊ ညီအစ်မတွေလား၊ ချစ်စရာ လေးတွေ"

တော်ကြာ မာမီတို့ ပြန်ရောက်လာလျှင် ထင်ကြေးနှင့် လျှောက်ပြောမှာစိုးတာကြောင့် ဒိုးမာန်က ကြိုတင်ပြောပြထား သည်။

"ဖြိုးငယ်ငယ်ကတည်းကရှိတဲ့ ထမင်းချက်အဒေါ်ကြီးပေါ့"

ဒေါ်အုန်းစိန်ဝင်သွားတော့ ဒိုးမာန်က ဒီဖက်လှည့်ပြော သည်။

"မိဘတွေကရော . . . ဒီမှာ မရှိကြဘူးလား"





"မရှိဘူး. . . ဖြိုးမာမီရော ဒက်ဒီရော စင်္ကာပူသွား တယ်"

"သြော်. . . ဟုတ်လား"

"ဖြိုးကို ကြည့်ချင်ရင် အခန်းထဲဝင်ကြည့်ဗျာ၊ အားတော့ နာတယ်၊ ဒီကောင် ချမ်းလို့ အပြင်မထွက်နိုင်ဘူးတဲ့"

"နှော လာလေ"

နဒီက ရှက်ရွံ့အနေခက်သလိုလေးနှင့် ခေါ်သည်။ နေမကောင်းဘူးဆိုလို့သာ စိတ်ပူပြီး ထွက်လာမိတာ။ တကယ် တမ်း ယောကျာ်းလေးတစ်ယောက် အိမ်ကို ရောက်လာတော့ သူမ မျက်နှာတွေပူကာ ရှိုးတို့ရှန်းတန်းလေး ဖြစ်နေရ၏။

"လာပါ. . . ရပါတယ်၊ အားမနာပါနဲ့"

နဒီက အိတ်ကလေးဆွဲကာ ဝင်သွားဖို့ပြင်သည်။

နှောက မျက်နှာပူတာကြောင့် ငါးကလေးတွေ ရေကူး နေတာပဲ သွားကြည့်နေလိုက်သည်။

"ဖြိုးရေ . . . ဧည့်သည်ဟေ့"

ဒိုးမာန်ကလည်း နဒီကို အခန်းထဲပို့ပေးရုံပို့ပေးပြီး အလိုက်တသိ ပြန်ထွက်လာပါသည်။

"ကိုဖြိုး"



www.burmeseclassic.com

www.burmeseclassic.com



"နဒီ"

နဒီက ဖြိုးနဖူးလေးကို စမ်းသည်။

ဖြိုးက သူ့မလက်ကလေးကို ဆုပ်ကိုင်ထားလိုက်၏။

"ကြည့်စမ်းပါဦး၊ လက်တွေပူနေတာပဲ"

"အချစ်ဖျားလေ"

"သွား"

နဒီက လက်ကလေးကို ရှက်စနိုးရုန်းသည်။

သူက လွှတ်မပေးဘဲ သူ့ရင်ဘတ်ပေါ် တင်ထား၏။

"ဘာစားချင်လဲဟင်၊ အခုလောလောဆယ်တော့ အိမ်မှာရှိတဲ့ ပန်းသီးနဲ့ ကွဲကော်သီးပဲ ယူလာခဲ့တယ်၊ ကိုဖြိုးစားချင်တာ ပြောလေ၊ နဒီ ချက်ကျွေးမယ်"

"စားချင်တာလား"

ဖြိုးက ရယ်ကျဲကျဲမေး၏။

"ဒီမှာ . . ."

"ရှင်နော်"

"နဒီကို အရမ်းချစ်တယ်ကွာ၊ မောင့်အနားတိုးပါ"

"အို . . . ဘယ်လိုဖြစ်တာလဲ လူမမာရဲ့၊ ကိုဒိုးမား ဝင်လာဦးမယ်"





"မလာပါဘူး . . . ဒီကောင် စိတ်ချရပါတယ်"

"ဟင်းနော် . . . နေမကောင်းလို့လည်း လာကြည့်ရသေးတယ်၊ လွှတ်ကွာ"

"ချစ်လား . . . ချစ်တယ်လို့ ပြောကွာ"

"မပြောပါဘူး"

"မပြောရင် ဖက်ထားမယ်"

"အို . . ."

လက်ကို အရှိန်နှင့်ဆောင့်ဆွဲလိုက်တာမို့ နဒီကိုယ်လေး သူ့ရင်ခွင်ထဲ ဖြုန်းခနဲ ပြိုကျ၏။

"ဖယ် . . . ဖယ် . . . လွှတ်"

"ပြောလေ . . . ချစ်လား"

"အင်းပါ"

နဒီက တံခါးဝသို့ မလုံမလဲ ကြောက်လန့်တကြားလေး ကြည့်ရင်းခေါင်းညိတ်သည်။

"ဟား . . . တကယ်နော် နဒီ၊မောင်ပျော်လိုက်တာကွာ"

ကဆုန်ဖြိုးက ဝမ်းသာအားရ တအားကျုံးဖက်ထားလိုက်သည်။ ထို့နောက် ဖူးနွှဲသောနှုတ်ခမ်းတို့နှင့် သူမမျက်နှာအနှံ့သို့ လျှင်မြန်စွာ နမ်းလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"အို. . . မောင်နော်"

"ချစ်လို့ပါ နုဒီရယ်"

နုဒီက သူ့ရင်ဘတ်ကို တွန်းသည်။

မျက်လုံးလေးကလည်း ပြူးကျယ်ဝိုင်းစက် ထိတ်လန့်နေ၏။ အဖြေပေးဖို့ ရည်ရွယ်ထားတာ မှန်ပေမယ့် ဒီမျှ ချက်ချင်းကြီးတော့ မဟုတ်ပါ။

အခုတော့ သူ့ရင်ခွင်ထဲမှ ရုန်းမရ။

နုဒီ တစ်ကိုယ်လုံးလည်း လန့်ဖြန့်ထူပူလာရသည်။

ဖြိုးက ရဲတင်းပြီး သွက်လက်သည်။ သူမထင်တာထက် ဆွဲဆောင်မှု ပြင်းပြသည်။

"ကိုဖြိုး မကောင်းဘူးကွာ၊ ဒီလိုမှန်းသိရင် မလာပါဘူး"

"ချစ်လို့ပါ နုဒီရယ်၊ စိတ်မဆိုးပါနဲ့"

"စိတ်ဆိုးတာ မဟုတ်ဘူး၊ နုဒီ ရှက်တယ်"

သူမက နှုတ်ခမ်းလေးကို လက်နှင့် ခပ်ဖွဖွပွတ်ရင်း ချောင်ကပ်နေ၏။ တစ်ယောက်ယောက်တွေ့မြင်သွားရင် ဘယ်ကောင်းမလဲနော်။ အဲဒီ ဖြိုးက ဇွတ်တရွတ်ပါပဲ။

"မောင့်ကို ချစ်လား"

"သွား. . . မုန်းတယ်"





"အရမ်းချစ်တယ်. . . ဟုတ်လား၊ ဒါဆို ဒီဘက်နားတိုး"

"မတိုးပါဘူး. . . ဖယ်နော်"

"ဒီတစ်ခါတည်းပါ"

"ဟင့်အင်း"

နုဒီက ခေါင်းလေးယမ်းသည်။ ကိုဖြိုးက နုဒီ့ဆံပင်လေးတွေကို အမြတ်တနိုး ဆွဲယူနမ်းရှိုက်၏။

ထို့နောက် လည်တိုင် ကြော့ကြော့လေးကို နှုတ်ခမ်းနှင့် ဖွဖွတို့ထိစတာမို့ နုဒီ အသည်းယားပြီး ကိုယ်လေးက တွန့်ခနဲ လူးလွန့်သွားသည်။

ဖြိုးလက်ချောင်းတွေက သူမ ဆံနွယ်တွေထဲ ဆော့ကစား ပွတ်သပ်နေတော့လည်း ရုန်းကန်ငြင်းဆန်ဖို့ ခက်သည်။ နုဒီ့နှလုံးသားမှာ ဖြောင်းဆန်လျက် ရင်တွေပန်းတွေ တုန်လှုပ်သည်။ ချစ်သူ့လက်တွင်းကနေ ရုန်းလည်း မရုန်းရက်။

တစ်ကိုယ်လုံးက သွေးလည်ပတ်မှုတွေက မြန်ဆန်ပူနွေးလာသည်။

"ဖြိုးနော် နုဒီ ပြန်တော့မယ်"

"မပြန်ပါနဲ့ဦး"

ဖြိုးက မချင့်မရဲ ဖက်ထားရာမှ မလွှတ်။



www.burmeseclassic.com

www.burmeseclassic.com



နွော်သည် ငြိမ်ချက်သားကောင်းလှသော အခန်းလေးဆီ တစ်ချက် လှမ်းကြည့်မိ၏။ ငါးကလေးတွေလည်း ကြည့်ပြီးပြီ။

ကော်ဖီကို တစ်ငုံချင်း အချိန်ဆွဲသောက်နေတာလည်း ကုန်တော့မည်။ နဒီက ပြန်ထွက်မလာသေး။

နက်စ်ကော်ဖီတွေလည်း အေးစက်နေပြီ။

"ကော်ဖီတောင်အေးပြီ ကိုနေဒိုးရဲ့. . ."

"နေပါစေဗျာ. . . လူနာကို ပြုစုနေတာ ဖြစ်မှာပေါ့"

ယောက်ျားလေးချင်း အားကျသဘောကျစွာ ဒိုးမျက်နှာက ပြုံးမြမြ။

"နဒီလား လူနာပြုစုတတ်မှာ. . ."

"နွော် မသိလို့ ဖြစ်မှာပါဗျာ၊ ပြုစုတတ်မှာပါ"

နွော်က မျက်စောင်းလေး မသိမသာ ခဲ၏။

"ဖြိုးက ကံကောင်းတယ်ဗျာ. . . နော်၊ နေမကောင်းတာတောင် အနားမှာ လာပြုစုတဲ့ကောင်မလေး ရှိတယ်"

"ရှင်လည်း ကံကောင်းချင်ရင် ကိုဖြိုးလိုပဲ ရှာထားပေါ့"

"ရှာစရာ မလိုဘူး၊ ကျွန်တော် တွေ့ထားပြီးသားပါ"

နွော်မျက်နှာလေးကို ကြည့်ပြီး သူက လှိုက်လှဲစွာပြောရာ နွော်က မျက်လွှာလေးချထားသည်။





"ဒါပေမယ့် အဖက်ဖက်က ပြန်စဉ်းစားပြီး သူ့ကို ...န်တော် ဖွင့်မပြောရဲဘူး၊ ကျွန်တော်က တစ်ကောင်ကြွက် ...မျက်နှာမို့လေ၊ ပြီးတော့ အလုပ်လည်း မရှိသေးဘူး၊ နောက် ...တော့ သူက ပြည်စုံချမ်းသာတဲ့သူဌေးသမီးလည်း ဖြစ်နေ ...ယ်၊ ဘဝအဆင့်အတန်းချင်း တစ်ခြားစီပဲဗျာ၊ သိလား"

သူ့စကားတွေကြောင့် နွော်ရင်ထဲမကောင်း။

မတန်မရာ မို့ ရွှေဘုံပေါ်က မင်းသမီးကို ချစ်တာ ဖွင့် ...ပြောဘဲ စွန့်လွှတ်မယ်ဆိုပါတော့။ ရှင်သတ္တိ မနည်းလွန်းဘူး ...။

နွော်ရင်မှာ ကသိကအောက်ဖြစ်လာသည်။ မိန်းကလေး ...က ရေလာမြောင်းပေးသဘောလည်း သူမ မလုပ်ချင်။

ထို့ကြောင့် တိတ်တဆိတ်သာ နားထောင်နေ ဖြစ်သည်။

"သူ့အတွက်က ကျွန်တော့်ထက်သာတဲ့လူတွေလည်း ...များကြီး ရှိနိုင်တယ်လေ"

အဲဒါက သူပြောမှလား။

နွော် မချင့်မရဲ ဖြစ်မိသည်။ ဒါ မိန်းကလေးဖက်က ...ဖြတ်ရမှာပါ။ ထိုဆုံးဖြတ်ချက်ကို သူ ရဲရဲဝံ့ဝံ့လက်ခံရှုံရှိတာပဲ ...တ်လား။



www.burmeseclassic.com

www.burmeseclassic.com



ဖွင့်ပြောဖို့ တွေဝေတာကတော့ သူ့ဖက်ကလိုအပ်ချ
သူ့ဖက်က အားနည်းချက်ပါ။ အဲဒီ မိန်းကလေးက အချစ်
ကိုးကွယ်အားထားသူရော မဖြစ်နိုင်ဘူးလား။

ဘာမှ မလိုအပ်တဲ့ဘဝမှာရော အချစ်မရှိဘဲ ပြည့်စုံ
လို့လား။ တဖက်သတ် မြှုသိပ်ထားရင် ဘာများ အကျိုးရှိနိုင်
မို့လဲ။

"နော . . . ကျွန်တော့်စကားကို စိတ်ဝင်စားရဲ့လား"

"အင်း. . ."

"အဲဒါ ဘယ်သူလဲ မသိချင်ဘူးလား"

"မသိချင်ပါဘူး၊ တွေတွေဝေဝေနဲ့ မပြတ်မသား ဖြစ်
တယ်ဆိုကတည်းက ကိုနေဒိုး သူ့ကို သိပ်မချစ်လို့ပဲ ဖြစ်မှာ
ပေါ့ပေါ့တန်တန်လေးချစ်ရင် အဲလိုမျိုး နောက်ဆုတ်ပြီး လက်
ကြည့်နေနိုင်တာပဲလေ၊ ဒါ မဆန်းပါဘူး"

"မဟုတ်ဘူးဗျ၊ နောထင်သလို မဟုတ်ဘူး၊ ချစ်
အားကြီးလို့ မပြောရက်တာပါ"

သူ့စကားသံတိုးတိုးက နောရဲ့နှလုံးသားထဲ ခပ်
နစ်ဝင် တိုးဝှေ့သွားလေသည်။



ထမင်းစားပြီးနောက် ထမင်းစားပွဲမှာ အချိုတည်းရင်း
န်းသီးကိုက်ဝါးနေသော နဒီက နေကြာစေ့ တဖောက်ဖောက်
းနေသော နောကို . . .

"ကိုဖြိုး ဆေးခန်းက ပြန်လာပြီလား မသိဘူး"

"သိချင်ရင် နောက်ထပ်တစ်ခေါက် သွားကြည့်ပေါ့"

နဒီက ဟင်း. . . ဟင်းဟု နှုတ်ခမ်းပိတ်ရယ်သည်။

"မိန်းမနော်. . . ဟွန်း၊ ကြည့်လို့ကို မရပါဘူး၊ သတင်း
းတာ ဘာတွေဒီလောက်ကြာနေလဲကို မသိဘူး"

"နင်လည်း မပျင်းဘူးမို့လား၊ ကိုနေဒိုးကြီး တစ်ယောက်
း ရှိတာပဲ"

"အို. . . ငါတို့က ရိုးရိုးပဲ"

"နင့်ကို ပရိုပို့စ် မလုပ်သေးဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



"ဘာလို့ လုပ်ရမှာလဲ"

နှောက မျက်နှာတည်တည်နှင့် ခေါင်းလေးယမ်းသည်

တွေးတတ်တဲ့လူကြောက်ကြီးအကြောင်း မပြောချင်ပါဘူးနော်

"တကယ် ဘာမှ မပြောဘူးပေါ့"

"မပြောပါဘူးဆို. . နဒီနော်၊ ငါ့ဖက်လှည့်မလာနဲ့၊

သာ သူ့ကို အာဘွားပေးနေလို့ ကြာနေတာ မဟုတ်လား"

"ဟင်. . . ကြည့်စမ်း၊ ကြည့်စမ်း"

ရှက်ရမ်း ရမ်းပြီး နှောကို သူ လှမ်းထု၏။

နှော ရိပ်မိပါသည်။ သူတို့ ချစ်သူတွေဖြစ်သွားပြီ။

"နင် ရှက်တိုင်း လာမထုနဲ့၊ သွား. . ."

နဒီ မျက်နှာလေး ထူပူနီရဲလာရသည်။

"ရည်စားထားမိတာ အပြစ်မို့လို့လား"

"အေးပါ. . . ငါ မာမီနဲ့တိုင်မယ်"

"ဟယ်. . သွားမပြောပါနဲ့ဦး၊ နှောလေးက လိမ္မာပါတ

"လူကြီးချင်း အသိပေးပြီး စကားပြောဆိုထားသေ

ပိုပြီး ကန့်ကွက်ရတာပေါ့၊ ဟဲ့. . ."

"နေပါဦး. . . စောပါသေးတယ်"

နဒီ့မျက်နှာလေးမှာ စိတ်လှုပ်ရှားသော အရိပ်အယေ





နှင့် ပြုံးနေသည်။ နှောက ကြည့်မရစွာ မျက်စောင်းရွယ်မိ၏။

"နှောရေ. . . ပြောရဦးမယ်၊ ငါနဲ့ စကားပြောနေတုန်း

ဖုန်းတစ်ခု ဝင်လာသေးတယ်၊ အဲဒါ သူက ဖုန်းပိတ်ပစ်လိုက်

ယ်၊ သိလား"

"ဘယ်သူမို့လို့လဲ"

"မသိဘူးလေ"

"နင် မေးမကြည့်ဘူးလား"

"ငါမေးတော့ သူငယ်ချင်းတဲ့"

"ဟုတ်မှာပေါ့"

"ဒါပေမယ့် သူတစ်မျိုးပဲ၊ ဖုန်းနံပါတ်ကြည့်ပြီး လန့်သွား

ပုံကြီးနဲ့ . . ."

"နင် ထင်လို့ ဖြစ်မှာပါ"

"သူ မညာလောက်ပါဘူးနော်"

"နဒီရယ် နင်ကိုက မသင်္ကာစိတ်၊ သံသယစိတ်များတာပါ"

"အင်းလေ . . . ဟုတ်ပါတယ်"

နဒီက ခေါင်းညိတ်သည်။ သူ့ကိုယ်သူလည်း နဒီ သိ

သည်။ တော်ရုံကောင်ကလေးတွေကို ရဲရဲမယုံဝံ့ပါ။

ကိုဖြိုးအကြောင်းလည်း သိပ်သိတာမဟုတ်ဘဲ။



www.burmeseclassic.com

www.burmeseclassic.com



မရည်ရွယ်ဘဲနှင့် ချစ်သွားမိတာ။

အခုထိကတော့ သူမတို့ချစ်ခရီးလမ်းမှာ အဆင်ပြေ
သာယာနေပေမယ့် နောင်အခါ ဘာဖြစ်လာမလဲ မသိနိုင်သေ
ဘူးလေ။ နဒီကတော့ ချစ်မိပြီမို့ ချစ်သူ့အပေါ် စိတ်ချချင်သည်

ကွယ်ရာမှာ သူဇာတ်လမ်းရှုပ်မလားဟု စိတ်က ထင်
မိတာလည်း အမှန်။

ချစ်မိပြီဆိုမှတော့ တစ်ဘဝလုံးအတူတူ နေသွား
သည်။ စိတ်ချမ်းမြေ့ကြည်နူးစွာ ဘဝခရီးကို လျှောက်လှမ်း
သည်။ သူမရင်ထဲ ဘယ်လိုရှိသလဲဆိုတာ နွောလည်း သိနိုင်
မဟုတ်ပါ။

နဒီသည် ငယ်စဉ်တုန်းက ဘဝမှာ အမှီကောင်းကော
တွေ့ခဲ့ရသလို သူမရဲ့ ရှေ့သက်တမ်းတစ်လျှောက်မှာလည်း
သာယာပြည့်စုံသော အိမ်ထောင်ရေးမျိုး ရယူပိုင်ဆိုင်နိုင်ဖို့
လင့်ထားသည်။

ကိုဖြိုးသည် အပြင်ပန်းအားဖြင့် သူမလိုချင် မက်
သော အချက်အလက်တွေနှင့် ပြည့်စုံနေသည်မှာ ယုံမှား
မရှိပါ။



နေကောင်းသွားပြီ ဖြစ်သဖြင့် ကဆုန်ဖြိုးက ရေမိုးချိုး
နောက် လေကလေး တချွန်ချွန်ဖြင့် အဝတ်အစားလဲ ခေါင်းဖြီး
မွှေးဆွတ်နှင့် တစ်ယောက်ထဲ ရှုပ်ယှက်ခတ်နေပါသည်။

မုတ်ဆိတ်မွေး ခပ်ပါးပါးသဝိုင်းဝိုင်းနှင့် မျက်ခုံးကိုတော့
နေ့ကဘဲ ဆိုင်မှာ ဆံပင်ညှပ်ရင်း ပုံသွင်းလာတာမို့ ဒီကောင့်
တ်နှာထားက နိုင်ငံခြားမင်းသားလိုလို ဘာလိုလို တစ်မျိုး
မြင်ဆန်းနေသည်။

ဘောင်းဘီပွပွကြီးနှင့် လက်မောင်းချပ်ရှိုးအောက်သို့
ကျကျ တီရှပ်အပွကြီးကို စွပ်လိုက်တော့ ရက်ပ်ပါဆန်ဆန်
မျိုး ဖြစ်သွားပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ဖြိုးက သူ့စတိုင်လ်ကို အမျိုးမျိုး ပြောင်းတတ်၏။ ကြည့်လို့လည်း ကောင်းတာအမှန်။

"ဘယ်သွားမလို့ ဒီလောက် ရှိုင်းနေတာလဲ"

"အဝေးကြီးတစ်နေရာ"

"နဒီ့ဆီကိုလား"

"မင်းလည်း လိုက်ခဲ့"

နေဦးက တစ်ခဏ စဉ်းစားနေသည်။ ဖြိုးနှင့် လိုက်သွားရင် ကောင်းမလား။ သူ နှောရဲ့မျက်နှာလေးကို မြင်ချင်သည်။ မမြင်ရတာနှင့် လွမ်းဆွတ်မိသည်။

"လုပ်လေကွာ. . . ဘာစဉ်းစားနေတာလဲ"

ဖြိုးက မှန်ထဲက ကြည့်ရင်းမေးဆတ်သည်။

သူ ဘာမှ မဖြေမိ။

"မင်းကို တစ်ခုပြောရဦးမယ် ဒိုး၊ မင်းနှေးနေရင် ကျ ပြီသာမှတ်"

"ဘာကိုလဲ"

"ငါ နဒီ့ဆီက သိလာတာ၊ ကျောင်းမှာ နှောကို အ အလဲကပ်နေတဲ့ ငနဲတစ်ကောင်ရှိတယ်၊ အခု နဒီက ငါနဲ့ ထွက်လည်ပတ်နေတော့ ကျောင်းမှာ နှောတစ်ယောက်ထဲ





လေကွာ၊ ဒီငနဲ အခွင့်အရေးရနေတာပေါ့၊ နှောလည်း စိတ်လေနေတယ်၊ နဒီ့မှာက ငါရှိနေပြီဆိုတော့ နှောအတွက်လည်း အဖော်တစ်ယောက်တော့ လိုနေပြီ"

ဖြိုးကပြောရင်း ဒိုးမျက်နှာ ပျက်သွားတာကို အကဲခတ်မိ၏။

"ဟုတ်ရဲ့လားကွာ၊ မဖြစ်နိုင်ပါဘူး၊ နှောကို ငါမေးတော့ မရှိဘူးလို့ပဲ ပြောတယ်၊ ဒါပေမယ့် အများကြီးပဲလို့လည်း သူ နောက်နေတယ်"

"မယုံရင်နေလေ. . . မတတ်နိုင်ဘူး"

"အဲလို မပြောပါနဲ့ ဖြိုးရာ၊ ငါ့ခံစားချက်ကို မင်းသိပါတယ်"

"မင်းကွာ ယောကျ်ားဖြစ်ပြီး အားငယ်နေတယ်၊ မင်းကို ဒက်ဒီတို့ကလည်း ကြည့်မနေပါဘူး၊ မိဘဝတ္တရားအတိုင်း ကြည့် လုပ်ပေးမှာပါကွာ၊ ဘာမှ ပူမနေပါနဲ့"

"ငါ့ကို မင်း နားမလည်ဘူးလား"

"မင်း နှောကို ချစ်လား၊ ဒါပဲပြော"

ကဆုန်ဖြိုးက အံဆွဲထဲမှ တစ်စုံတစ်ရာကို ထုတ်ကာ ကြိုတင်ခလုတ်နှိပ်ထားတာ ဒိုး မရိပ်မိ။

သူ ခပ်ဆွေးဆွေးနှင့် အဝေးသို့ ငေးကြည့်ရင်း ပြတင်းမှငေးကာ. . .



www.burmeseclassic.com

www.burmeseclassic.com



"ငါ သူ့ကို သိပ်ချစ်တယ်၊ နှောကို အသက်မက ချစ်ပါတယ်ကွာ"

"ဘယ်တုန်းက စချစ်သွားတာလဲ"

"မင်းတို့ စချိန်တဲ့ကော်ဖီဆိုင်လေးမှာ တွေ့ကတည်းက ဘာဖြစ်သွားမှန်း မသိဘူး၊ ငါ နှောကို မြင်မြင်ချင်းပဲ အရမ်းချစ်သွားမိတယ်"

"ဒါဆို မင်း ဖွင့်ပြောလိုက်ပါလားကွာ"

"ပြောချင်တာပေါ့ ဖြိုးရာ"

"ပြောချင်တာ သေချာရင် ဘာမှစဉ်းစားမနေနဲ့၊ သတ္တိရှိရှိနဲ့သာ ဖွင့်ပြောလိုက်"

"အေး. . . ဟုတ်တယ်၊ ငါ နှောကို ဒီနေ့ပဲ ပြောရမယ်"

"မင်း တကယ်နော်"

"အေးပါ"

"ဘယ်လိုပြောမှာလဲ၊ စကားလုံးတွေ ခေါင်းထဲစီထားဦး"

"နှောကို ကျွန်တော်အရမ်းချစ်တယ်ဗျာလို့ တစ်ခွန်းတည်းပဲ ရိုးရိုးသားသား ဖွင့်ပြောလိုက်မယ်"

"အိုကေ"

"သူ ငါ့အချစ်ကို လက်ခံပါ့မလား"





"မင်းပုံစံကြည့်တာနဲ့ ချစ်မှန်းသိသာနေတာပဲ၊ သူ မမြင်းလောက်ပါဘူး၊ အားတင်းထားစမ်းပါ"

"မင်း ငါနဲ့နှောကို သဘောတူတယ်မို့လား"

"ဟာ. . . သိပ်တူတာပေါ့၊ ဒီနေ့တော့ မင်းအောင်မြင်ပြီဟ. . . မျက်နှာကြီးတောင်ရဲလို့၊ နားရွက်တွေပါရဲနေပြီ ဟားဟား. . ."

"ကိုယ်ချင်းစာပါ ဖြိုးရာ၊ ငါက ဒီတစ်ခါပဲ ချစ်ဖူးတာပါ၊ နှောကို လက်လွှတ်ဆုံးရှုံး မခံနိုင်ဘူးကွာ"

"ဒါဆိုလာ. . . သွားမယ်၊ မင်းပြောဖြစ်အောင်ပြောရမယ်နော်၊ ဒါပဲ"

"အေးပါကွာ၊ နှောသာ တစ်ခြားတစ်ယောက်ယောက်ရင်ခွင်ထဲရောက်သွားရင် ငါ အသည်းကွဲသွားလိမ့်မယ်၊ သေချာဘယ်"

နေဦးမာန်က အားပါးတရပင် ဝန်ခံလိုက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com

“နှဒီ . . . နှောရော”

“ရှိတယ်လေ. . . ဘာလို့လဲ”

“နှောကို ခဏလောက် ခေါ်ပေးလိုက်ပါ၊ ဒီကောင် ဒိုးက ပြောစရာ ရှိလို့တဲ့”

“ဟာ. . . ဖြိုး. . . မင်းဘာတွေ လျှောက်ပြောနေတာလဲ”

တကယ့်လက်တွေ့မှာ ဒိုး ကြောက်နေပါသည်။

မျက်စိ မျက်နှာပျက်ပျက်နှင့် ခေါင်းယမ်းသည်။

♦ ညတော်ဝင်းစာပေ ♦

www.burmeseclassic.com

www.burmeseclassic.com



"ခေါ်ပေးလိုက်ပါကွာ"

"နှောရေ"

နဒီက အော်ခေါ်လိုက်သဖြင့် လိုက်ကာအတွန့်အဖတ်လေးကို ဖယ်ရှားပြီး နှော ထွက်လာပါသည်။

အိမ်နေရင်း တီရှပ်ပန်းရောင်အနုလေးနှင့် စပန့်ဘောင်းဘီ ရှည်ရှည်ပွပွလေးကို ဝတ်ထားပုံက ချစ်စဖွယ် နုနယ်နေပါသည်။

"ဩော် ကိုဖြိုးတို့ ရောက်နေတာကို. . . ထိုင်ကြလေ မိုးတိုးမတ်တတ်နဲ့"

"အရေးကြီးတဲ့ကိစ္စရှိလို့ဗျ"

"ဘာများလဲ"

"ဒိုးကို မေးကြည့်လိုက်"

"နှောကို ကျောင်းမှာ ငနဲတစ်ကောင် နှောင့်ယှက်နေတယ်ဆို"

"အို. . . မဟုတ်ပါဘူး၊ ရှင့်ကို ဘယ်သူပြောတာလဲ"

နေဒိုးက ဖြိုးမျက်နှာကို အဓိပ္ပာယ်ပါပါ လှမ်းကြည့်သည်။ ဖြိုးပုံစံက ပြုံးစိစိ။

သူ့ကို မျက်စိတစ်ဖက်ပင် မှိတ်ပြသေးသည်။





"အဲဒါ အသာထားပါ၊ မင်းပြောစရာရှိတာ ပြောလိုက်ပေါ့"

"ဟော့ကောင်. . . မဟုတ်တာတွေ လျှောက်မဖွစမ်းပါနဲ့"

"ငါက အမှန်ပြောတာ"

"ဘာအမှန်လဲ ကိုဖြိုး"

"နှောဘာသာ နေဒိုးကို မေးကြည့်လိုက်"

နှောက နေဒိုးဖက်လှည့်ပြီး ဘာများလဲဟု အူကြောင်ကြောင်လေး ကြည့်သည်။ နေဒိုးမာန်က မျက်နှာခပ်ရဲရဲဖြင့် ခေါင်းငုံ့ထားသည်။

"ကိုနေဒိုး"

"ဗျာ"

"သူ ဘာပြောနေတာလဲ"

"ကျွန်တော် မသိဘူး၊ ဖြိုး ပေါက်ကရ လျှောက်နောက်နေတာပါ"

ဒိုးက ကမန်းကတန်းအကြောက်အကန် ငြင်းသည်။

"ဟော့ကောင် ဒိုး အခုမှ ကြောက်မနေနဲ့၊ မင်း ငါ့ကို အိမ်မှာတုန်းကတော့ ရင်ဖွင့်ပြီးတော့"

www.burmeseclassic.com



"ဘာရင်ဖွင့်တာလဲ. . . ငါဘာပြောလို့လဲ"

"နှော့အကြောင်းလေ"

"ရှင်. . . နှော့အကြောင်းဟုတ်လား ကိုဖြိုး"

မိုးချိုနှော့က စိတ်ဝင်စားသွား၏။ ဘာအကြောင်းများ ပါလိမ့်ဟု သိချင်ဟန်။

"မင်း ပေါက်ကရ မပြောနဲ့ ဖြိုး"

"သူ ဘာပြောလဲဆိုတော့ . . ."

နေဒိုးက ဖြိုးပါးစပ်ကို လှမ်းပိတ်သည်။

ဖြိုးက လက်ကို ဆွဲဖယ်ရင်း ရယ်သံနှင့် . . .

"မင်းကိုယ်တိုင် မပြောဘူးလား ဒိုး၊ ထင်တယ်၊ ထင်တယ်၊ မင်းသတ္တိ ဒီလောက် မရှိတာ ငါသိတယ်၊ ဒီမှာ နားထောင်ကြည့်လိုက် နှော့"

ဖြိုးသည် မထင်မှတ်ဘဲ သူ အံသံဖမ်းထားတာကို ခလုတ်ဖွင့်ပြလိုက်သည်။

"နှော့ကိုချစ်တယ်"

ဆိုသော သူ့အသံကြီး ပေါ်ထွက်လာသောအခါ နေဒိုး ဘယ်လိုမျက်နှာထားရမည်မှန်း မသိအောင် ကြက်သေသေသွားမိသည်။





နှော့က ထွက်ပေါ်လာသောအသံတွေကို တအံ့တဩ သား နားထောင်နေ၏။ နှော့သာ မဟုတ်ပါ။

လေးယောက်သား နားစွင့်ထားမိရက်သား။

"နှော့ကို ကျွန်တော်အရမ်းချစ်တယ်ဗျာလို့ တစ်ခွန်း ည်းပဲ ရိုးရိုးသားသား ဖွင့်ပြောလိုက်မယ်"

စကားသံအဆုံးမှာ နှော့မျက်နှာလေး နီမြန်းသွားပြီး ည့်ခန်းထဲမှ လှစ်ခနဲ ပြေးထွက်သွားလေသည်။

"ကိုဖြိုးကလည်း. . . ဟိုမှာ နှော့ရှက်သွားပြီ"

နဒီက သဘောကျစွာ ရယ်သံနှင့်ဆိုသည်။



www.burmeseclassic.com

www.burmeseclassic.com

"ဟက်လို"

ထူးသံလေးကို ကြားရလျှင် နေဒိုးမာန် ရင်ခုန်မြန်သွားရ၏၊ ဒီအသံလေးကို သူ ကောင်းစွာ မှတ်မိသည်။

"နှောမို့လား"

"မဟုတ်ပါဘူး"

"ကျွန်တော့်ကို ဘာလို့ရှောင်နေတာလဲ နှော၊ စိတ်ဆိုးနေတာလား"

သူ့အသံကြားတာနှင့် နှောရင်တွေ ခုန်ပေါက်လှုပ်ရှားသည်။ ကိုဖြိုး ဖော်ကောင်လုပ်လို့သာ သူ နှောကို ချစ်နေမှန်းသိရတာ။

ကိုယ်တိုင် ဝန်မခံတာကို နှောသိပ်ပြီး မကျေလည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘာကြောင့် စိတ်ဆိုးရမှာလဲ"

"ဟိုဟာလေဗျာ. . . ဟိုနေ့က ကိစ္စ"

"မသိဘူး၊ ဘာကိစ္စလဲ"

"ဟာ . . . နှောရယ်၊ နှော ကြားလိုက်ပါတယ်

"အဲဒါ ကိုဖြိုး နောက်တာပဲ၊ ရှင့်အပြစ်မဟုတ် ကိုနေဒိုးရဲ့ ရှင်နဲ့မှ မဆိုင်တာ"

နှော သူ့ကို ရိနေပြီဆိုတာ နေဒိုးမာန် သဘော လာသည်။ ဘာတွေ မကျေမနပ်ဖြစ်နေသလဲ မသိ။

"သူ နောက်တာမဟုတ်ပါဘူး၊ အိမ်မှာတုန်း ကျွန်တော် တကယ်ပြောမိတာပါ"

"သူငယ်ချင်းတွေ နောက်ရင်းပြောင်ရင်း ဒီလိုပြော တာမျိုးရှိတာပဲ၊ ကျွန်မ ဘယ်လိုမှ သဘောမထားပါဘူး"

"ဟာ. . . မဟုတ်သေးဘူး"

"ရှင်က မျက်နှာပူနေလို့လား၊ အဲဒီစကားအ တောင်းပန်ချင်လို့လား၊ မလိုပါဘူးရှင်၊ နှော နားလည်ပါ

"ဘာကို ဘယ်လိုနားလည်တာလဲ၊ ကျွန်တော် ဖွင့် ရဲမှန်းသိလို့ ဖြိုးက ဝင်ကူညီတာပါ၊ အဲဒါ ကျွန်တော့်ရင် စကားပါ၊ နှော မယုံဘူးလား"





"ယုံတာ မယုံတာ စဉ်းစားဖို့မှ မလိုတာ"

"ဗျာ. . . ဘယ်လိုနှော"

"ရှင်ကိုယ်တိုင် ဝန်ခံတာမှ မဟုတ်တာ၊ ဒါ ကျွန်မရဲ့ ယ်ရာမှာ ကျွန်မအကြောင်း ပြောနေတာမျိုးပဲ၊ ဒါကို ဘာလို့ င်းထဲထည့်ရမှာလဲ"

"နှောရယ်. . . ကျွန်တော်"

သူမ ဘာကိုဆိုလိုချင်တာလဲ နေဒိုး သဘောပေါက်သွား သည်။ မိန်းကလေးတွေရဲ့စိတ်က ဆန်းကြယ်သည်။ ဘာမဟုတ် ာလေးကိုလည်း ချဲ့ထွင်ခံစားတတ်ပါရောလား။

နေဒိုး စကားသံပြတ်ကာ ခဏတိတ်သွား၏။

"ကျွန်တော် ပြောမထွက်လို့ပါ"

"ပြောမထွက်ရင်လည်း တစ်သက်လုံး မပြောနဲ့ပေါ့"

"ဟောဗျာ. . . နှော စိတ်ဆိုးနေတယ်"

"တော်ပြီ. . . ဒါပဲ၊ ကျွန်မ ဖုန်းချလိုက်တော့မယ်"

"နေပါဦး၊ ခဏ နားထောင်ပါဦး"

"ရင်မဆိုင်ရဲဘဲ ရှောင်ထွက်ချင်တဲ့ယောကျာ်းမျိုး ကျွန်မ အထင်မကြီးဘူး"

"အထင်မလွဲပါနဲ့ဗျာ၊ နှောကို ကျွန်တော်အရမ်းချစ်



www.burmeseclassic.com

www.burmeseclassic.com



တယ်၊ သိပ်မြတ်နိုးမိတယ်၊ နှောမျက်နှာလေးကို တစ်ရက်မ ရရင် မနေနိုင်အောင် သတိရနေတယ်၊ ဖုန်းထဲက ပြော မပြည့်စုံရင် နှောကို အပြင်မှာ မျက်နှာချင်းဆိုင်ပြီး ပြော တယ်၊ အဲလို ချစ်မိတဲ့အတွက် နှောအပြစ်ပေးရင်လည်း မယ်ဗျာ၊ ကျွန်တော့်ကိုတော့ မမုန်းပါနဲ့၊ ဥပေက္ခာပြုပြီး အိ မှာလည်း ပုန်းမနေပါနဲ့၊ တောင်းပန်ပါတယ်၊ နှောကို တွေ့ပါရ

"ဟွန်း. . . အခုမှ . . ."

တိုးကာ နွဲ့ကာ နော့နော့လေးဖြစ်သွားသောစကား က သူနောက်မကျသေးတာတော့ သေချာပါသည်။

"ဘာလဲ. . . အခုလာရမယ် ဟုတ်လား"

သူ့အသံက ရယ်ရွှင်မြူးသွား၏။

"အမယ် . . . မဟုတ်ပါဘူး"

"ဒါဆို့ ဘယ်တော့လာရမလဲ"

"မသိဘူး"

"ဖြူးမလိုက်လည်း ကျွန်တော်အခုပဲ ပြေးလာမယ်၊ မှာ ဘယ်သူရှိလဲ"

"အိုး. . . နေပါဦး၊ ဒီမှာ နှော ရေတောင် မချိုးရ ဘူး"





"ချိုးမနေပါနဲ့၊ ဒီတိုင်း လှပါတယ်"

"ဟင့်အင်း. . . ရှင် ချက်ချင်းမလာနဲ့"

"ဒါဆို နောက်နာရီဝက်"

"နောက်တစ်နာရီလောက်မှ . . ."

"များတယ်ဗျာ၊ လေးဆယ့်ငါးမိနစ်ထား"

"အင်းပါ. . . ပြီးရော. . . ပြီးရော"

"မပြီးရောနဲ့လေ. . . အခုမှ စမှာပါ"

"အပိုတွေ ပြောမနေနဲ့. . . ကဲ. . . ဒါပဲနော်"

နဒီထွက်လာတာမြင်လျှင် မိုးချိုနှောက ဖုန်းအမြန်ချ သည်။

"ဟော့ . . . အားလုံးကြားတယ်နော်"

သူမကို နဒီက လှမ်းစပေမယ့် မကြားယောင်ပြုပြီး နှော ၁စ်ခနဲ ပြေးထွက်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ရေချိုးပြီးစ ဆံနွယ်ခွေခွေလေးတွေက ရေမခြောက်တခြောက်နှင့် ရှန်ပူနံ့သင်းပျံ့နေသည်။

မျက်နှာလေးမှာတော့ ဘာမှ ထူးထူးခြားခြား လိမ်းခြယ်မထား။

ခရင်တစ်မျိုးမျိုး လိမ်ထားရုံလေးနှင့် တင်းတင်းပြောင်ပြောင်လေး ဝင်းပနေသည်။

နှုတ်ခမ်းမှာတော့ လိမ္မော်ရောင်လေး ဆိုးထားသည်။

ဂါဝန်က လိမ္မော်မှာ ကော်လံနှင့် အိတ်ကလေးတွေက အပြာရောင်။



www.burmeseclassic.com

www.burmeseclassic.com



ညနေခင်းမှာ သူမပုံစံလေးက ချစ်စဖွယ် လင်းလက်နေပါသည်။

"အခွေငှားမယ်ဆိုပြီး အပြင်ထွက်လာတာ"

"ကျွန်တော့်ကို ထွက်ကြိုနေတာမဟုတ်ဘူးဆိုပါတော့"

မိုးချိုနှောက နှုတ်ခမ်းလေးစေ့ပြီး ပြုံးသည်။ သူကြည့်နေမှန်းသိတော့ ချက်ချင်းလို ခေါင်းကို ငုံ့ချသည်။

သူမခြေထောက်က ခြေဖနောင့်ကွင်းပါသော ခွာချွန်ဖိနပ်မြင့်လေးကို အကြောင်းမဲ့ကြည့်မိသည်။ ပြီးတော့ ကိုနေဒိုး ခြေထောက်ကို အလိုလို မျက်ဝန်းရောက်မိပြီး ပတ်တီးစည်းနှောင်ထားတာ သတိထား့မိသွားသည်။

"ပတ်တီးနဲ့ ဘာဖြစ်တာလဲဟင်"

"မနေ့က ဘောလုံးကန်ရင်း ထိမိသွားတာပါ၊ ဘာမှမဖြစ်ပါဘူး"

"ရှင်က ဘောလုံးကန်တယ်"

"ဟုတ်တယ်ဗျ၊ ကျွန်တော့် ဝါသနာပဲ၊ တစ်ပတ်တစ်ခါ နှစ်ခါတော့ သထုံလမ်းကကွင်းမှာ ကန်ဖြစ်တယ်"

"ဟုတ်လား. . . နှောတောင် မသိဘူး"

"သိရင် လာအားပေးမှာလား"





"အားပေးရမှာပေါ့"

"ဒါဆိုရင် ဒီဆန်းဒေး နှောကို ဝင်ခေါ်မယ်လေ"

သူကျေနပ်စွာ ပြောလိုက်သည်။ ဘောလုံးအသင်းက သူငယ်ချင်းတွေကို ကောင်မလေးလက်ကိုဆွဲပြီး ရည်းစားရနေဘာလည်း ကြွားချင်မိတာ အမှန်။

သိပ်လှတဲ့ နှောနှင့် တွဲခွင့်ရတာ သူတို့ဝိုင်းပြီး အားကျကြမှာ သေချာသည်။

လမ်းကလေးအတိုင်း မာတ်တိုင်နှစ်တိုင်စာလောက် သူတို့လျှောက်လာခဲ့ကြသည်။

ရှေ့နားမှာ ယာယီဈေးတန်းလေးတစ်ခုရှိ၏။

ထိုနားအရောက်မှာ လူတစ်အုပ် ရုတ်ရုတ်သဲသဲ ပြေးလာတာကို တွေ့ရသည်။

"ဟော့ကောင်. . . မပြေးနဲ့၊ သေဖို့သာပြင်"

ကြုံးဝါးသံနှင့် အတူ တုတ်ချောင်းဆွဲပြီး လိုက်သူကလိုက်၏။ ဒီနားက ဗီဒီယိုခွေဆိုင်ကို ထွက်လာမိတာ မှားပြီထင်ပါသည်။

နှော မျက်လုံးလေးဝိုင်းပြီး လန့်ဖျပ်သွားရသည်။

"ကိုနေဒိုး. . . ရန်ဖြစ်တာနဲ့တူတယ်"



www.burmeseclassic.com

www.burmeseclassic.com



"နှောမကြောက်နဲ့. . . လာ. . . လာ၊ ဒီဖက်ဘေးနား ကပ်နေ"

နှောတို့ လမ်းမှာ ခြံကျယ်ဝန်းကျယ်များနှင့် ဆိတ်ငြိမ် တိတ်ဆိတ်တဲ့နေရာရှိသလို ပျံ့ကျဈေးတစ်ခုနှင့်လက်ဖက်ရည် ဆိုင်၊ စတိုးဆိုင်၊ အခွေဆိုင်စသဖြင့် စည်ကားရှုပ်ထွေးသော နေရာတစ်ခုလည်း ရှိသည်။

လူတစ်ချို့ ပြေးလာသံ ခြေသံတဖျန်းဖျန်းကြားတော့ နှောတို့ နှစ်ယောက်သား ဘေးကပ်နေကြသည်။

"ဟော့. . . ဟော့. . . ဘာဖြစ်တာလဲကွ"

လူတစ်ချို့လည်း ချက်ချင်း ဝိုင်းအုံထွက်ကြည့်ကြ၏။

လူတွေနှင့် ရောနှောသွားမှာစိုး၍ ထိုအနားက လှေကား ရင်းတစ်ခုသို့ နှောတို့ ချောင်ကပ်နေကြသည်။

သူကတော့ ယောက်ျားလေးမို့ ရှုန်းရင်းဆန်ခတ် ရန်ပွဲ ကို ကြည့်ချင်သေးတဲ့ပုံ။

ဒါပေမယ့် ဘေးကနေ နှောက ကြောက် လန့်နေတော့ သူလည်း ကြည့်လို့ မရတော့ပါ။

ဝုန်းဒိုင်းကြဲနေတဲ့ လူငယ်တစ်သိုက်ရဲ့ရန်ပွဲကို လူတွေ က ရှုန်းရှုန်း ရှုန်းရှုန်းနှင့် ဝိုင်းအုံကြည့်နေကြသည်။





"ဟော့ကောင်လေး. . . မလုပ်နဲ့၊ မလုပ်နဲ့၊ တော်ကြပါ တော့"

ဖျန်ဖြေတားမြစ်သံတွေလည်း ကြားရသည်။

သမီး ရည်းစားနှစ်ယောက်မှာ ရန်ပွဲနှင့် တန်းတိုးကြ သဖြင့် အခက်တွေ့ကြ၏။

အော်ဟစ်သံများနှင့်အတူ ဒုတ်၊ ခွပ်၊ ခွပ်နှင့် ရိုက်သံ ထုသံများလည်း ကြားရတာမို့ နှောက ကြောက်လန့်ပြီး သူ့လက် ကို ဖမ်းဆွဲထားတော့ သူက နှစ်သိမ့်သလို နှောလက်ကလေးကို ပြန်ဆုပ်ညှစ်ထားသည်။

သူ့လက်ဖဝါးရဲ့ နွေးထွေးကျယ်ပြန့်သော အတွေ့မှာ နှောရင်မှာ အင်အားတစ်မျိုးနှင့် အကြောက်ပြယ် အားရှိလာ သည်။

"ဟော့. . . မင်းတို့ရပ်စမ်း"

"လူတစ်ယောက် လဲကျသွားတယ်နှော"

"ရှင် သွားမကြည့်နဲ့နော်"

"မကြည့်ပါဘူးဗျာ၊ စိတ်ချပါ"

"နှော ရင်တုန်လိုက်တာ"

သူမက ရင်ဘတ်ကလေးကို ဖိရင်း ညည်းညူသည်။



www.burmeseclassic.com

www.burmeseclassic.com



သူမရဲ့ အမူအယာလေးကို နေဒိုးက ချစ်စနိုး ငေးကြည့်မိသည်။

"ဘာမှ မဖြစ်ပါဘူး"

"ပြေးလိုက်ရတော့ ကိုနေဒိုး ခြေထောက်နာသွားပြီ ထင်တယ်"

"ရပါတယ်"

"အိမ်ရောက်ရင် ဆေးလိမ်းပေးမယ်နော်"

နေဒိုးမာန်က သူမရဲ့ပြောပုံလေးကြောင့် ကြည်နူးစွာ ပြုံးမိလေသည်။

လူရှင်းသော လှေကားရင်းအကွယ်လေးမှာ နီးနီးကပ်ကပ် နေမိကြတာမို့ သူ့စိတ်တွေလည်း လှုပ်ရှားလာရသည်။

အမှတ်မထင် သူမပခုံးကလေးနှစ်ဖက်ကို ဖျပ်ခနဲ ဆုပ်ညှစ်လိုက်မိသည်။

"အို"

နှောက မျက်လုံးလေးဝိုင်းသွားသည်။

"နှောကို ချစ်တယ်"

မျက်နှာနားကပ်ပြီး သူပြောလိုက်တော့ အသက်ရှူမှားသွားရ၏။





တိုးဖွညင်သာသော သူ့အသံလေးက နားထဲမှတစ်ဆင့် တစ်ကိုယ်လုံးရှိ သွေးကြောများထဲသို့ လျှင်မြန်စွာ ပူနွေးစိမ့်ပျံ့သွား၏။

တစ်ကိုယ်လုံး ရှိန်းခနဲ ခံစားမိသည်။

"နှောလည်း ကျွန်တော့်ကို ချစ်တယ်မို့လား"

"ဟင့်အင်း"

သူ့ကို စ,ချင်မိကာ ခေါင်းယမ်းတော့ သူက နှောကိုယ်လုံးလေးကို ဖြုန်းခနဲ သူ့ရင်ခွင်ထဲ ဆွဲသွင်းလိုက်သည်။

သူများတွေ ရန်ပွဲဖက် ပြေးကြည့်ကြ အာရုံရောက်ကြချိန်မှာ နေဒိုးက မထိန်းချုပ်နိုင်တော့စွာ နှောကိုယ်လုံး အိအိထွေးထွေးလေးကို အတင်းသိမ်းကျုံး ဖက်ထားမိသည်။

နှောက ရုတ်လန့်တကြားလေး ရုန်း၏။

သူ မလွှတ်ပါ။

ပို၍ တင်းကြပ်အောင် ဖက်ထားသည်။

"လွှတ်ပါဦး ကိုနေဒိုးရယ်"

"မလွှတ်ချင်ဘူးဗျာ"

"သူများတွေ ကြည့်သွားလိမ့်မယ်"

"ကြည့်ပစေပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"နှောရှက်တယ်၊ ဖယ်ပါကွာ"

သူမ အသံလေးက တိုးတိတ်သွားသည်။

လှစ်ခနဲနမ်းလိုက်တဲ့ သူ့ရဲ့အယုအယတို့ဟာ နှော နှလုံးသားကို ဖိုလှိုက်နွေးစေကာ လူတစ်ကိုယ်လုံး တိမ်တိုက်ထဲ လွင့်မျောသွားရသလိုပါပဲ။

တစ်ခဏနေတော့ သတိဝင်လာပြီး နှောက သူမရဲ့ မျက်နှာလေးကို ရှက်စနိုးနှင့် လက်ဝါးနှင့် အုပ်ကာသည်။

နေဒိုးက သူမ လက်ကို ဆွဲယူဖယ်ရှားရင်း . . .

"ကျွန်တော့်ကို ရှက်လို့လား"

"အင်း"

"သေချာကြည့်ပါဦး"

သူက နှောမေးစေ့လေးကို ဆွဲကိုင်မော့ယူစေသည်။

နှောက နေဒိုးကို မကြည့်ရဲပေ။

မျက်နှာတစ်ပြင်လုံး ပူနွေးထူအမ်းပြီး ရင်ခုန်သံတို့က မြန်ဆန်ကြမ်းတမ်းနေရဆဲ။ မိနစ်ပိုင်းမျှသော အချိန်ကလေး အတွင်းမှာ သူမတို့ နှစ်ဦး ပိုမိုနီးကပ်ရင်းနှီးသွားသလို ခံစားရ၏။

သူနှင့်နှောတို့ ချစ်သွားကြတာ အိပ်မက်ဆန်ဆန် ဆန်ကြယ်နေပါသည်။





အချစ်ဆိုတာ ဘာလဲ. . . အရင်က နှောမသိခဲ့။

အခုတော့ သူမ တကယ်ပဲ အဝိုက်မိစွာနှင့် လူတစ်ယောက်ထံ ချစ်မြတ်နိုး ပျော်ဝင်သွားမိလေပြီ။

နေဒိုးမာန်ကလည်း သူမရဲ့ဟန်ပန်လေးကို ချစ်လို့ မဝနိုင်ဘဲ ပြုံးပြုံးကြီးစိုက်ကြည့်နေမိသည်။

နှောပါးလေးတွေ နွေးနေရဆဲ. . .။

"နှော . . . မောင့်ကို ချစ်လား"

"မချစ်ပါဘူး"

"ဘာလို့လဲ"

"မုန်းစရာကောင်းလို့ပေါ့"

"ဟောဗျာ"

"ဟိုမှာ ဒီဖက်ကို လူတွေလာနေကြပြီ သွားရအောင်"

"မောင်တို့ တစ်နေရာရာမှာ အေးအေးဆေးဆေး သွားထိုင်ရအောင်"

"ဘယ်သွားမှာလဲ၊ ကားလည်း မပါဘူး"

"အိမ်ပြန်မယူတော့ဘူး၊ ဒီကနေ တက္ကစီနဲ့ပဲ သွားလိုက်မယ်"

"ရှင့်သဘောပဲလေ"



www.burmeseclassic.com

www.burmeseclassic.com



"မောင့်သဘောပဲ လုပ်ပါကွာ"

"အို . . . မခေါ်တတ်ပါဘူးနော်"

"လွယ်လွယ်လေးပဲ ခေါ်ကြည့်လိုက်"

သူ အတင်းအကျပ် တတွက်တွက် ခေါ်ခိုင်းနေသဖြင့် မိုးချိုနှောက မျက်စောင်းလေးတစ်ချက်ဝင့်ရင်း . . .

"ကဲ . . . မောင်ရေ . . . မောင်ရေ . . ."

"ဗျာ . . . ဗျ"

နေဒိုးမာန်ရဲ့ ထူးသံမှာ ကြည်နူးဝမ်းမြောက်မှုအပြည့် နှင့် ကျယ်လောင်ဩပြီး ထွက်ပေါ်လာရာ သူမက ဘေးဘီ ရှက်လန့်တကြားလေး ကြည့်မိသည်။

နေဒိုးမာန်ကတော့ ဘာကိုမှ ဂရုမစိုက်တော့ဘဲ ချစ်သူ လေးရဲ့ပခုံးကို ပိုင်ပိုင်နိုင်နိုင်ကြီး သိုင်းဖက်လို့ လောကကြီး ခေါင်းမော့ကြည့်လိုက်သည်။



တီဗွီရှေ့ထိုင်ကာ မိုးအောင်ရင်ရဲ့အင်တာဗျူးကို အေး အေးလူလူကြည့်နေသော နေဒိုးနားသို့ ကဆုန်ဖြိုး အသဲအသန် ရောက်လာပြီးလျှင် . . .

"ဟေ့ကောင် . . . ရော့ . . . ရော့ . . ဝတ်မှုန် ဖုန်း"

"ဟ . . . ဘာလဲ"

ပေါ်နေသော ဖုန်းနံပါတ်ကိုကြည့်ပြီး ဖြိုးက ရှုံ့ရှုံ့မဲ့မဲ့နှင့် သူ့လက်ထဲဖုန်းအတင်း ထိုးပေးနေ၏။

"ငါ မရှိဘူး၊ ခရီးသွားနေတယ်လို့ ပြောလိုက်"

ခဏခဏ ဖုန်းပိတ်ထားဖို့လည်း မဖြစ်နိုင်သဖြင့် ဖြိုးက ဒေါ်မာန်ဖက် လွှဲချ စစ်ကူတောင်းသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟက်လို"

နေဒိုးမာန်က ဖုန်းဖွင့် နားထောင်လိုက်ရသည်။

"ဝတ်မှုန်ပါ၊ အခုပြောနေတာ ကိုနေဒိုးမာန်လား မရှိဘူးလား"

"ဟုတ်တယ် . . . ဖြိုးမရှိဘူးဗျ"

"ဘယ်သွားလို့လဲ၊ ဝတ်မှုန်ခဏလေးပြောပါရစေ"

"ဟိုဟာ . . . သူခရီးသွားတယ်"

"အို . . . မဖြစ်နိုင်တာပဲ၊ နေ့လည်ကတင် သူ့ကား ဟံသာဝတီမီးပွိုင့်မှာ မြင်လိုက်သေးတယ်"

"ဝတ်မှုန်မှားတာ ဖြစ်ပါလိမ့်မယ်"

"ရှင် မညာပါနဲ့၊ ကိုဖြိုး ရှိတယ်မို့လား"

"မရှိဘူးဗျ"

"သူက ကျွန်မနဲ့ စကားမပြောချင်တဲ့သဘောလား"

"အဲဒီကိစ္စ ကျွန်တော် မသိဘူး"

"ဒီမှာ သူ့ကို ပြောလိုက်စမ်းပါ၊ ဝတ်မှုန်တို့ကို ချိုးလို့ မရဘူး၊ သူ့မိဘခေါ်ပြီး လာခဲ့ပါလို့၊ ဒီမှာ ဝတ်မှုန်အ လည်း သိသွားပြီ၊ အရင်လို ခိုးကြောင်ခိုးဝှက်လည်း တွေ့ မရဘူး"





"အဲဒါတွေ ကိုဖြိုးနဲ့ တွေ့မှပြောပါလား ခင်ဗျာ"

"သူ စကားမပြောရင် ကျွန်မ အိမ်ကို လာတွေ့မှာ"

"ဟာ . . . အဲလိုတော့ မလုပ်နဲ့လေဗျာ၊ ဝတ်မှုန်က မိန်းကလေး၊ ဘယ်ကောင်းမလဲဗျ"

"အို ဒါတွေ ကျွန်မ မသိဘူး၊ ကျွန်မကို ရှောင်နေရင်တော့ လုံးဝ မရဘူး၊ သူယောက်ျားပဲ ရင်ဆိုင်ဖြေရှင်းရမှာပေါ့"

"သူ့ကို ကျွန်တော်ပြောပေးပါ့မယ်၊ ဒါပဲ မဟုတ်လား"

"သေချာပြောပေးပါ ကိုနေဒိုး၊ ကျွန်မဆီ ဖုန်းပြန်ဆက်ပါလို့ တကယ်လို့ သူမဆက်ရင် မနက်ဖြန် ကျွန်မလာတွေ့မယ်လို့"

"ကောင်းပါပြီ၊ ကျွန်တော် သေချာပြောထားပါ့မယ်"

နေဒိုးမှာ ဖြိုးကိုယ်စား ခေါင်းကိုက်သွားရ၏။

ဖြိုးက သူ့ကို ဖုန်းပေးပြီး လွတ်ရာလွတ်ကြောင်း ခြံထဲဆင်းပြေးတာကြောင့် နေဒိုးလည်း ခြံထဲဆင်းခဲ့ရသည်။

"မင်းတော့ မြွေဖမ်းပြီပဲ ဖြိုးရေ"

"ဘာလဲကွာ . . . ကျွတ်"

ဒန်းပေါ် အေးအေးလူလူထိုင်နေတဲ့ ဖြိုးထံ နေဒိုးက အကျိုးအကြောင်းကို စီကာပတ်ကုံး ပြောပြလိုက်သည်။

"ဟာ . . . ပြဿနာပဲ ဝတ်မှုန်ကွာ၊ ပြီးပြီးသား



www.burmeseclassic.com

www.burmeseclassic.com



ဇာတ်လမ်းကို အခုမှ လာအစဖော်နေပြန်ပြီ"

"အဲဒါတော့ မသိဘူး၊ မင်းဘာသာမင်းဖြေရှင်း"

ဖြိုးက သူ့အရင်ဇာတ်ရှုပ်တွေ နဒီသိသွားမှာ မတော တဆ ရိပ်မိသွားမှာ စိုးရိမ်နေမိသည်။ နဒီ့ကို ရည်စားမရှိပါဘူး အထပ်ထပ် ကတိပေးထားပြီးသား။

"သူကတော့ ပြန်ဆက်သွယ်မယ့်ပုံပဲကွ၊ မင်းဒက်ဒီ တောင် ပေါက်ကြားတာပဲကြည့်၊ အဲဒီဝတ်မှုန်က မလွယ်ဘူး မင်းပဲရှည်ပြီး သွားပတ်သက်တာ၊ ငါအစက ပြောသားပဲ"

အရေးထဲ ဒိုးက အဘိုးကြီးလေသံနှင့် သူ့ကို အပြစ်တ ရေရွတ်နေသေးသည်။ ဖြိုးက မျက်မှောင်ကုပ်နှင့် မျက်နှာ မှုန်တေတေဖြစ် နေသည်။

မမျှော်လင့်ဘဲ ဝတ်မှုန်ကြောင့် သူ့စိတ်အနှောင့်အယှ ဖြစ်နေရပါပြီ။ အတိတ်ဇာတ်လမ်းတွေက သူ့ထံအရိပ်လို လို နေသည် မဟုတ်လား။

အခုတော့ သူဟာ နဒီကလွဲလျှင် ဖွဲ့နှင့်ဆန်ကွဲထင် သလို ဘယ်မိန်းကလေးနှင့်မှ ပတ်သက်ဆက်ဆံချင်စိတ် မ တော့တာ အမှန်ပါ။ ဒါကို နဒီယုံဖို့ အရေးကြီးသည်။



ဒီနေ့တော့ ခပ်စောစောပဲ ခွေးကလေးပက်ဂီနှင့် လမ်းလျှောက်ထွက်လာသည်။

နဒီက ဂါဝန်အနီရောင်လေးဝတ်ကာ လည်မှာလည်း ပုဝါသိုးမွှေးထည်အစိမ်းနှင့် အနီစပ်လေးကို စည်းထားပြီး ပုဝါစတစ်ဖက်ကို ခပ်ရှည်ရှည်ချထား၏။

မိုးချိုနှောကရတော့ မရမ်းပြာရောင်ဝတ်စုံလေးနှင့် ဆံပင်ခွေခွေလေးတွေကို နှစ်ဖက်ခွဲလို့ ချည်နှောင်ထားရာ မိန်းကလေးနှစ်ဦး၏အလှအပမှာ တစ်ဦးက ဝင့်စားတောက်ပပြီး၊ တစ်ဦးက ဘည်ငြိမ်မျက်စိအေးစရာလေး ဖြစ်နေပါသည်။

ခွေးလေးပက်ဂီက သူမတို့နှစ်ဦးအလယ်မှာ ခုန်ပေါက်ပြေးလွှားဆော့ကစားလျှက်ရှိသည်။ ထိုစဉ်မှာပင် လမ်းထဲသို့ ကာကတက္ကစီတစ်စင်း ဝင်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



ကားထဲမှာတော့ စကော်အနက်ရောင်နှင့် ရယ်ဒီမိ[illegible]
အကျီအဝါရောင် ဖားဖားလွှင့်လွှင့်ရှည်ရှည်ကြီးကို ဝတ်ထားတဲ့ ခ[illegible]
ချောချောနှင့် ကိုယ်လုံးလှလှမိန်းကလေးတစ်ဦး လိုက်ပါလာသည်

"ဦးလေး. . . ဒီခြံပဲ ဖြစ်မယ်. . . ရပ် ရပ်"

တက္ကစီက နဒီတို့နား ထိုးရပ်သွားပါသည်။

ဝတ်မှုန်က ကားပေါ်မှဆင်းရင်း . . .

"အစ်မ ဒါ ဦးရဲသီဟတို့ခြံလား မသိဘူး"

နဒီ့ကို ဦးစွာ လှမ်းမေးသည်။

နဒီက သူမကို စူးစူးစမ်းစမ်းကြည့်ရင်း. . .

"ဟုတ်ပါတယ်"

နှောနှင့်နဒီတို့ တစ်ယောက်မျက်နှာတစ်ယောက် ကြ[illegible]
မိကြသည်။ ဒီအမျိုးသမီးက ဘာကြောင့် ဒီခြံကိုရောက်လာရတ[illegible]
လဲ။ ကိုဖြိုးအဖေ ဦးရဲသီဟရဲ့မိတ်ဆွေလား။

"ဟင် . . . အစ်မကို ဝတ်မှုန်မြင်ဖူးပါတယ်"

နှောမျက်နှာကို ကြည့်ရင်း ဝတ်မှုန်ကတအံ့တသြဆို[illegible]

"သိပြီ. . . ဟိုတစ်ခါ ဇင်မာ့မွေးနေ့မှာတွေ့တာ၊ မ[illegible]
ချိုနှော၊ မှတ်မိပြီ၊ ဝတ်မှုန်ကိုရော မှတ်မိလားဟင်"

"အင်း အဲဒီနေ့က တွေ့ဖူးတာ အခုမှ စဉ်းစားလို့ရတ[illegible]





"တော်ပါသေးရဲ့. . . အသိတွေနဲ့တိုးလို့"

သူမက ရယ်ရယ်မောမောသွက်သွက်လက်လက်ဆို၏။

"ခွေးလေးက ကိုက်တတ်လားဟင်"

"မကိုက်ပါဘူး"

"ဒီလမ်းထဲကို တစ်ခါမှ မရောက်ဘူးလို့၊ မနှောတို့ ဒီ
ခြံက လူတွေနဲ့ခင်လား၊ အိမ်က ဘယ်နားမှာလဲ"

"နှောတို့က နှစ်ဆယ့်လေး၊ ဟိုးက ခြံတံခါးအနီလေး"

"သြော်. . . နီးသားပဲ"

"ဝတ်မှုန်က ဦးရဲသီဟနဲ့ ခင်တာလား"

"အမယ်လေး မဟုတ်ပါဘူးနော်၊ သိတာက သူ့သားပါ၊
ဟင်း. . ဟင်း၊ ဘဲဘဲပျောက်နေလို့ လာဖမ်းတာ၊ ကဆုန်ဖြိုးလေ"

"ဘာရယ်"

"မနှောတို့နဲ့ ခင်လား၊ ခင်ရင် တစ်ချက်လောက် ခေါ်
ပေးပါလား၊ ခြံထဲမှာ ခွေးတွေဘာတွေရှိရင် ဝတ်မှုန် မဝင်ရဲဘူး၊
ကိုးဖြိုးနဲ့ တွေ့ချင်လို့သာ လာရတာ၊ သူတို့အိမ်ထဲ သိပ်ဝင်ချင်
တာ မဟုတ်ဘူး"

နဒီ့မျက်နှာက တင်းသွားရကာ. . .

"မင်းက ကဆုန်ဖြိုးရည်းစားလား"



www.burmeseclassic.com

www.burmeseclassic.com



ဝတ်မှုန်က ပြုံးစိစိလေး ခေါင်းညိတ်သည်။

"ဒါဆို ရတယ်၊ သိတယ်၊ ခေါ်ပေးမယ်"

နှောက လက်ကို အချိန်မီလှမ်းဆွဲပေမယ့် နဒီက မ

ဘောက်ဆတ်ဘောက်ဆတ်နှင့်လျှောက်သွားပြီး ကိုဖြိုး

တို့ ခြံတံခါးထိပ်က ဘဲလ်ဖုလေးကို ဒေါသနှင့် အဆက်မပြတ်

သွားနှိပ်၏။ ကိုဖြိုးတို့ခြံစောင့်ဦးလေးကြီးက အပြေးအလွှား ဝင်

တံခါး လာဖွင့်ပေးသည်။

"ကိုဖြိုးရှိလား ဦးလေး၊ ဒီမှာ သူ့ညီမ့်သည်ရောက်နေ

တယ်၊ ခေါ်ပေးပါဦး"

ခြံထဲဆင်းကာ အပျင်းပြေ တင်းနစ်ကစားနေသော ဖြိုး

နှင့် နေဒိုးမှာ ခြံဝက မြင်ကွင်းကို လှမ်းကြည့်ပြီး တစ်ယောက်တ

တစ်ယောက် မျက်စပစ်မိကြသည်။

"ဒိုး . . . ဘယ်လိုလုပ်မလဲ၊ ဝတ်မှုန်လိုက်လာတာကွ

ငါ ပြေးပုန်းမယ်"

"အခုမှ ပုန်းလို့အပိုပဲ၊ ဟိုမှာ မင်းကို မြင်သွားပြီ"

ဝင်လာသော မိန်းကလေးသုံးယောက်ကို မြင်တော

ကိုဖြိုးတစ်ယောက် တောင်ပြေးရမလို၊ မြောက်ပြေးရမလ

ပျာယာခတ်အောင် လန့်ဖျန့်သွားသည်။





"ဖြိုး ကြွေချေရရ သွားရှင်းလိုက်၊ ဟော့ကောင် ဝတ်မှုန်ကို

အိမ်ထဲ ခေါ်ခေါ်လိုက်မှ ဖြစ်မယ်ထင်တယ်"

ကဆုန်ဖြိုးမှာ ဘာလုပ်ရမှန်းမသိ ကြောင်ငေးသွားရ

သည်။ ဒီကြားထဲ နဒီ့မျက်လုံးတွေက ကြောက်စရာကောင်း

အောင် သူ့ထံ ဒေါသနှင့် စူးစူးရဲရဲ စိုက်ကြည့်နေတာကြောင့်

ကဆုန်ဖြိုး ပိုလန့်သွားရကာ။

"ဝတ်မှုန်လာလေ"

"နှောတို့လည်း ပါတာကို"

နေဒိုးမာန်က ခပ်တည်တည် ဖိတ်ခေါ်လိုက်သည်။

နှောအကြည့်က နေဒိုးဆီလည်း အစိမ်းပွာယ်ပါပါ။

"ကိုဖြိုးရဲ့ ညီမ့်သည်ဆိုလို့ပါ"

နဒီက ခပ်ထေ့ထေ့လေး ပြောလိုက်သည်။

"မောင် မလာလို့ ဝတ်မှုန်လိုက်လာတာ"

"ဟာ. . . ဘာတွေ လျှောက်ပြောနေတာလဲ"

ဝတ်မှုန်ရဲ့ ပိုင်ပိုင်နိုင်နိုင် အခေါ်အဝေါ်အပြောအဆို

ကြောင့် ကဆုန်ဖြိုး ကြောက်ကန်ကန်နှင့် အမြန်ငြင်းသည်။

ဖြစ်ချင်တော့ နဒီ့ရှေ့မှာ မျက်ဝါးထင်ထင်။

သူ့မှာ ပြင်ဆင်ရှောင်လွှဲချိန်လေးပင် မရ။



www.burmeseclassic.com

www.burmeseclassic.com



"ရှင် ဘာသဘောနဲ့ အဆက်အသွယ်ဖြတ်တာလဲ"

"ဟာ. . . အေးအေးဆေးဆေးပြောပါ ဝတ်မှုန်"

"ရှင်တို့ကိစ္စ ရှင်တို့ရှင်းပါ ကိုဖြိုး၊ ကျွန်မတို့သွားမယ်"

နဒီက ဆက်လက်သည်းမခံနိုင်တော့သလို ဖျပ်ခနဲ နှုတ်ဆက်ကာ ကျောခိုင်း၏။

"နဒီ"

ကိုးဖြိုးခေါ်ပေမယ့် နဒီ လှည့်မကြည့်။

နွေလက်ကို ဆွဲကာ အပြေးတပိုင်း ပြန်ထွက်လာသည်။

အဖြေက ရှင်းနေပြီပဲ။ ဒင်း လိမ်ညာတာပေါ်နေပြီပဲ။

ဒင်းရဲ့အရှုပ်ထုပ်တွေက ဘွားဘွားကြီးပေါ်လာခဲ့ပြီ။ နဒီ မျက်လုံးအိမ်မှာ ဒေါသမျက်ရည်တွေက ရုတ်ခြည်းအိုင်ဖွဲ့လာသည်။

နွေလည်း ဘယ်လိုစကားနှင့် နှစ်သိမ့်ရမှန်းမသိပါ။ မိန်းကလေးတန်မယ့် အိမ်တိုင်ရာရောက်လိုက်လာရှာသော ဝတ်မှုန်မှာလည်း ခိုင်လုံသော အကြောင်းပြချက် ရှိနိုင်သည်။

ဟိုနှစ်ယောက်နှင့် ဝတ်မှုန်တော့ ဘာတွေဖြစ်ကျန်ခဲ့သလဲ မသိ။ နဒီကတော့ အံကြိတ်လို့ မျက်ရည်ကျနေပြီ။

လျှင်မြန်သော နဒီ့ခြေလှမ်းတွေနောက်ကို နွေနှင့် ပက်ဂီမှာ အူယားဖားယားပင် ပြေးလိုက်ခဲ့ရပါသည်။



နဒီက လုံးဝ ဖုန်းမကိုင်။ ချော့မရ။ ဖြေရှင်းမရသဖြင့် ညနေမှာ ပန်းစည်းတစ်စည်းကိုင်လို့ ကိုဖြိုး မျက်နှာငယ်နှင့် ရောက်လာ၏။

"နွေ . . . ကျွန်တော် နဒီနဲ့ ခဏလောက် စကားပြော ချင်တယ်"

"အို . . . သူမှ မပြောချင်တာ၊ ရှင်မြင်တဲ့အတိုင်းပဲ၊ ရှင့်ကို မြင်တာနဲ့ အပေါ်ထပ် တက်ပြေးသွားတာ မတွေ့ဘူးလား"

"ဝတ်မှုန်စကားတွေ မယုံပါနဲ့ဗျာ။ ကျွန်တော် ရှင်းပြပါရစေ"



www.burmeseclassic.com

www.burmeseclassic.com



"သူ စိတ်ပြေမှရှင်းလို့ ရမှာပေါ့ ကိုဖြိုးရယ်၊ ရှင်ကလည်း ရှင်ပဲ၊ စိတ်ညစ်ပါတယ်"

"အဲဒီကိစ္စက ကြာခဲ့ပါပြီဗျာ၊ အခုမှ ဝတ်မှုန်က ဘာ စိတ်ကူးပေါက်ပြီး ပြဿနာလာရှာတာလဲ မသိဘူး၊ သူနဲ့ဖြိုးနဲ့ လုံးဝ ပြတ်ပြီးသားဇာတ်လမ်းပါဗျာ"

"အို. . . ရှင်ကဘာလို့ဝင်ကာကွယ်နေတာလဲ ကိုနေဦး ရဲ့ သူ့အပြစ်ကို သူ့ဘာသာဝန်ခံပစေပေါ့၊ ရှင့်မှာရော ဘာအရှုပ် ထုပ် ရှိသေးလဲ၊ အခုကတည်းက အမှန်အတိုင်းပြောနော် နောက်မှ အခုလို ကျွန်မမျက်စိရှေ့ဘွားခနဲပေါ်လာရင်တော့ ရှင် မလွယ်ဘူးမှတ်"

နေဦးမှာ ကြားထဲမှ နေရင်းထိုင်ရင်း သက်သာမကောင်း ကြိမ်းမောင်းခံနေရပါ၏။

"ဒိုးနဲ့ မဆိုင်ပါဘူး နှောရာ၊ ဒိုးက ခပ်အေးအေးသမားပါ"

"ဒါဖြင့် ရှင်က ခပ်အေးအေးသမားမဟုတ်ဘူး၊ ခပ်ရှုပ် ရှုပ်ကြီး ဆိုပါတော့၊ အဲဒါဆို နဒီနဲ့ သဘောမတူဘူး"

"ဟာ. . . မလုပ်ပါနဲ့ဗျာ၊ ဒီမှာ ခေါင်းစားလှပြီဗျ"

"ဟုတ်ပါတယ် နှောရာ၊ ဒီကောင် မအိပ်နိုင်၊ မစားနိုင် ဖြစ်နေပြီ၊ ဝိုင်းရှင်းပြပြီး ဝိုင်းချော့ပေးလိုက်စမ်းပါ၊ ဝတ်မှုန်နဲ့အခု





လုံးဝ ကင်းရှင်းတယ်၊ ကျွန်တော် အာမခံတယ်"

နေဒိုးက ဖြိုးရှေ့မှာမို့ သူ့ကိုယ်သူ မောင်ဟု မသုံးနှုန်း ပဲ ကျွန်တော်ဟူသာ နာမ်စားသုံးသည်။

ဘယ်လိုပဲဖြစ်ဖြစ် နှောချစ်သူက နားလည်မှုရှိရှိ လူကြီး ဆန်ဆန် သဘောထားကြီးတတ်လို့ တော်ပါသေးသည်။

အခုလည်း ကဆုန်ဖြိုးဖက်မှ ကူညီပြီး တောင်းပန် ခြေရှင်းနေသည်။

သူတို့ သူငယ်ချင်းနှစ်ယောက်က တစ်ယောက်အပေါ် တစ်ယောက် အရမ်းသိတတ်ပြီး အရမ်းကာကွယ်တာ။

သူတို့အကြာကြီးထိုင်စောင့်ပေမယ့် ဆောင်းနဒီက လုံးဝ ဆင်းမတွေ့ပါ။ အခန်းတံခါးလော့ခ်ချပြီး စိတ်ကောက် ငြိမ်သက်နေသည်။ နှောသွားခေါ်တာလည်း မထွက်။

"ဝတ်မှုန်လိုပဲ နေ တော့ ရှင်က စွန့်ပစ်မှာပဲတဲ့၊ ရှင် မစွန့်ပစ်ခင် သူအရင်ဖြတ်မယ်တဲ့၊ ရှင့်ကို ပြန်ခိုင်းလိုက်ဖို့ပဲ ပြော ဘယ်"

"ဟာဗျာ. . .နဒီက အထင်လွဲနေပါပြီ"

"အခုလောလောဆယ်တော့ ရှင်တို့ ဘာမှထပ်ကြိုးစား လို့ရမယ် မထင်ဘူး၊ နဒီ အရမ်းစိတ်ဆိုးနေတယ်"



www.burmeseclassic.com

"နှော ပြောပြပေးပါ။ ဒီပန်းစည်းလေးလည်း ပေးပေးပါ
အဲဒီမှာ တောင်းပန်ထားတဲ့စာလည်း ပါတယ်"

နှောက ကိုဖြိုးပေးတဲ့ပန်းစည်းနှင့်စာကို လက်ခံထားရ
သည်။ နဒီတွေ့ရင် ဆွဲလွှင့်ပစ်မှာလည်း စိုးရသေးသည်။

"ကျွန်တော် နဒီ့တစ်ယောက်ကိုပဲ စွဲစွဲလန်းလန်းချစ်
တယ်ဗျာ၊ ဘယ်တော့မှ နောက်မဆုတ်ဘူးဆိုတာ သူ့ကို ပြော
လိုက်ပါ"

ကိုဖြိုးက နဒီ့မတွေ့ရသောအခါ မျက်နှာငယ်ငယ်နှင့်
နှောကိုသာ တမှာမှာ အပူကပ်နေပါသည်။ နှောလည်း ဖျောင်းဖျ
နားချချော့မော့လို့မှ မရသေးတဲ့ ဥစ္စာ။

သမီးရည်းစားပြဿနာဆိုတာ ကြားဝင်ဖြန်ဖြေပေးဖို့
မလွယ်ကူ။ ကိုဖြိုးတို့ စုံတွဲမပြေလည်ကြသဖြင့် နှောနှင့် ကိုနေဦး
မှာလည်း အေးအေးဆေးဆေး မနေရပေ။



"မောင် . . . ပြန်တော့နော်"

"ဟာ. . . အခုမှတွေ့ရတာ ဘာလို့ပြန်ရမှာလဲ"

"မနေ့က မောင်နဲ့ စကားပြောနေတာ မာမီရိပ်မိသွားပြီ
နှောကို မေးနေတယ်၊ သိလား"

နေဒိုးက မျက်ခုံးပင့်သွားရပြီး . . .

"နှော ဘယ်လိုပြောလိုက်လဲ"

"အမှန်အတိုင်းပဲ"

"သမီးချစ်သူလို့လား"



www.burmeseclassic.com

www.burmeseclassic.com



"မောင်နော်၊ နောက်မနေနဲ့၊ တကယ့် အရေးကြီးလာ
ပြီ သိရဲ့လား၊ အရေးထဲမှာ နဒီကလည်း စိတ်ကောက်နေတုန်း"

"အေးကွာ. . . သူတို့အတွဲက ရေလည်ဦးနောက်
တယ်"

တိုင်ပင်ဆွေးနွေးဖို့ရာလည်း နေဒိုး အားမရှိလှ။ သူ
အဆင်မပြေလေတော့ ကိုယ့်ကိစ္စ ရှေ့တန်းမတင်ရဲ။

နေဒိုးဘဝတစ်လျှောက်လုံးမှာ ဖြိုးရဲ့မျက်နှာအရိပ်အ
ပဲ ထာဝစဥ်ကြည့်ကာ အရေးပေးလာခဲ့တာဆိုတော့ အချစ်
အိမ်ထောင်ရေးကိစ္စတွေမှာလည်း သူ့ကို ပိုဦးစားပေးချင်သည်

ခက်တာက အခု သူ့ကိစ္စက ရှေ့ဆက်မရဖြစ်နေတာ
ပါပဲ။

နှောက နေဒိုးမျက်နှာကို အားမလိုအားမရ ကြည့်
သည်။

"မောင်. . . . . မာမီကခေါ်တွေ့ရင်ရောဟင်"

"လာတောင်းရမှာလား. . . မောင့်ကိုလက်ထပ်မလား"

"အို. . . ချက်ချင်းကြီးတော့ ဘယ်ဟုတ်မလဲ"

"ဒါဆို ဘယ်တော့မင်္ဂလာဆောင်မလဲ၊ ဖြိုးတို့နဲ့လည်း
ညှိရဦးမှာပေါ့"





"ဩော် . . . သူတို့က ပြတ်ပြီဘာညာဖြစ်နေတာ"

"သူတို့တကယ်ချစ်တာပဲ၊ ပြတ်နိုင်မယ်တော့ မထင်ဘူး၊
နှောရော ဘယ်လိုထင်လဲ"

"နဒီက စိတ်ကြီးတယ်၊ ခေါင်းလည်းအရမ်းမာတာ"

"ဒါဆို သူတို့နဲ့သာသွားညှိနေရင် မောင်တို့အဘိုးကြီး
အဘွားကြီးဖြစ်သွားမယ်ထင်တယ် . . . ဟား. . . ဟား"

ပြောသာပြောရ နေဒိုး ကျော်တက်ဖို့ဆိုတာကလည်း
လွယ်လှတာ ကိုယ်တိုင်ပဲသိသည်။

အန်ကယ်ရဲသီဟက ဖြိုး မင်္ဂလာကိစ္စသာလျှင် ဦးဦး
ဖျားဖျား စီစဥ်ချင်မှာပါ။

သူ့ကအရင် မိန်းမတောင်းရမ်းဖို့ပြောလို့ ဖြစ်ပါ့မလား။

နေဒိုး သက်ပြင်းခိုးရှိုက်သည်။

"အဲဒါဆို မောင်ဘယ်လိုသဘောရလဲ"

"နှောပဲပြောလေ"

"အို နှောက ဘာပြောရမှာလဲ"

"မောင့်ကို လက်ထပ်မယ်မို့လား"

"နှောသဘောတစ်ခုတည်းနဲ့ ရမလားရှင်၊ မာမီတို့ဆီ
သွားတောင်း"



www.burmeseclassic.com

www.burmeseclassic.com



"မောင် ဒက်ဒီကြီးကို ပြောကြည့်ဦးမယ်ကွာ။ ဖြိုး အကူအညီတောင်းရမယ်၊ ဒီကောင့်ကိုပဲ အားကိုးရမှာပဲ"

သူတို့က အရေးဆို တစ်ယောက်ကိုတစ်ယောက် အားကိုးတမ်းတတတ်တာ နှောသတိပြုမိသည်။

နှောကတော့ မိမိချစ်သူကို ကိုယ်ပိုင်ဆုံးဖြတ်ချက်နဲ့ အရာရာဦးဆောင်စေချင်ပါသည်။

မောင်က ဘယ်နေရာမဆို ကိုဖြိုးကို အမြဲအလေးသ ဆွဲထည့်တတ်တာ နှော သိပ်ပြီး ဘဝင်မကျချင်ပေ။

သူ့ကိုတော့ ဘာမှမပြောမိ။



"မင်းကလည်း ကြောက်မနေပါနဲ့ကွာ၊ သွားတွေ့လိုက်ပါ။ ငါနဲ့နဒီကိစ္စ ပြေလည်တာ မပြေလည်တာ မင်းတို့နဲ့ မဆိုင်ပါဘူး၊ ငါ့ကို အားနာထည့်တွက်စရာ မလိုဘူး၊ မင်းရှေ့ရေး မင်းလုပ်"

ဖြိုးကို အကျိုးအကြောင်းပြောတဲ့အခါ ထင်တဲ့အတိုင်း ဖြိုးက သူ့ကိစ္စ ရှေ့တိုးဖို့ တိုက်တွန်းသည်။

"မင်းအရင် နှောမားသားကြီးနဲ့ သွားတွေ့လိုက်၊ ငါလည်း ဒက်ဒီကို ပြောထားမယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဖြစ်ပါ့မလားကွာ၊ ဝင်ငွေက ဘာမှမရှိဘဲ မိန်းမတော
ခိုင်းရအောင်၊ ဒက်ဒီကြီး မင်းကို ဆူနေပါဦးမယ်"

"မင်း အခုလည်း ဒက်ဒီ့အလုပ်တွေလိုတာ ဝိုင်းလုပ်
နေတာပဲ"

"မတူဘူးလေ၊ သေချာတဲ့ အသက်မွေးဝမ်းကျော
သီးသန့်ရှိရဦးမှာပေါ့"

"အိုခေ၊ မင်းပြောတာ ငါသဘောပေါက်ပြီ၊ ကိုမွ
တစ်နေရာကောင်းကောင်းပေးဖို့ ငါပြောပေးမယ်"

"ငါ့ဖက်က အခွင့်အရေး အရမ်းယူသလိုများဖြစ်နေ

"ကျွတ် . . . မဆိုင်ပါဘူး၊ မင်းကိုလည်း ဒက်ဒီတို
သားတစ်ယောက်လိုပဲ သဘောထားတာပါ၊ ဒါ မိဘဝတ္တရာ
မှာ ရှိတာပဲ"

"ငါ့အစွမ်းအစနဲ့ငါ အလုပ်တစ်ခုခု အရင်ရှာကြည့်
မယ်၊ တကယ်တမ်း အိမ်ထောင်တစ်ခုတည်ဆောက်တယ်ဆို
ယောကျ်ားလေးက ဦးဆောင်ရမှာ၊ အခုလောလောဆယ် နေ
ထားလို့ပဲ ရမယ်၊ လက်ထပ်ဖို့ကတော့ အဝေးကြီးလိုပါသေ
တယ်၊ နေစရာအိမ်ခန်းတစ်ခန်းလောက် အရင်ငှားရဦးမ
ကွ"





"ဒါက ဖြစ်ပါတယ်၊ မင်းဘာမှ ပူမနေနဲ့၊ ဒီအိမ်ကို ခေါ်
သာလည်းရတယ်၊ နေ့အိမ်မှာ မင်းလိုက်နေလည်းရတာပဲ"

နေဒိုးက ဖြူးလို ပေါ့ပေါ့ဆဆ မတွေးရဲ။

ဘဝကို အခြေချဖို့ဆိုတာ အလေးအနက်စဉ်းစားရမည်
မဟုတ်လား။

သူ့မှာ တာဝန်တွေ ပခုံးပေါ်ပိလာမည့်အရေးမို့ လျှော့
တွက်လို့မရဘူး ထင်သည်။

ထို့ကြောင့် နေဒိုးက ခေါင်းကို အသာယမ်းသည်။

"ကဲ . . . မင်း ဘာမှတွေဝေမနေနဲ့၊ ဘယ်မှာမှလည်း
အလုပ်လိုက်ရှာမနေနဲ့၊ ငါ မနက်ဖြန် ဒက်ဒီနဲ့ သွားဆွေးနွေးမယ်၊
င်းကိုစွ တင်ပြလိုက်မယ်၊ စိတ်အေးအေးသာထား"

ကဆုန်ဖြူးက သူ့ပခုံးကိုဖက်ပြီး တက်တက်ကြွကြွ ကတိ
ပေးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com

ကဆုန်ဖြိုးက စောစောထကာ ရေမိုးချိုး အဝတ်အစားလဲ ပြင်ဆင်ပြီးနောက် ဒက်ဒီကုမ္ပဏီရုံးရှိရာသို့ တစ်ယောက်တည်း ကိုယ်တိုင်ကားမောင်းပြီး ရောက်ချလာသည်။

သူက ရုံးကို ရောက်လာဖို့ ခဲယဉ်းတာမို့ သူ့ကို အားလုံးက နှုတ်ဆက်ပြုံးပြကြသည်။

စတိုလ်ဘောင်းဘီ ကာကီရောင်နှင့် အကျႌက အဖြူပေါ်အသားရောင် အစင်းသေးသေးလေးတွေပါသော ရှပ်လက်ရှည်ဝတ်ထားပုံရော လမ်းလျှောက်ပုံရော အလွန်စတိုင်လ်ဖြေင့်သဖြင့် ရုံးက စာရေးမလေးတွေ ငေးကြသည်။

♦ ဉာဏ်ဝင်းစာပေ ♦

www.burmeseclassic.com

www.burmeseclassic.com



ကဆုန်ဖြိုးက ဒက်ဒီ့ရဲ့သီးသန့်ရုံးခန်းဆီ တန်းဝင်လာပြီးလျှင်. . .

"ဂွတ်မောနင်း ဒက်ဒီ"

ဒက်ဒီက မျက်မှန်ကို ပင့်တင်ကာမော့ကြည့်ရင်း. . .

"ထူးထူးဆန်းဆန်းပါလားကွ၊ မင်းဒက်ဒီရုံးထဲ ဘယ်လိုရောက်လာတာလဲ"

"ဟဲ . . . ဟဲ. . ကိစ္စလေးတစ်ခုရှိလို့"

ကဆုန်ဖြိုးက ဒက်ဒီ့စားပွဲက ထိုင်ခုံမှာ ဝင်ထိုင်လိုက်သည်။

"မင်းဘာကိစ္စလဲ ဖြိုး၊ ပိုက်ဆံလိုပြန်ပြီလား"

"ဒီတစ်ခါ သားကိစ္စမဟုတ်ပါဘူး၊ ဒိုးကိစ္စပါ"

"ဒိုးမာန် ဘာဖြစ်လဲ"

"သူ ဒီနှစ်ကျောင်းပြီးပြီလေ၊ ပညာစုံပြီဆိုတော့ ကြင်ယာကလိုလာပြီ၊ ကြင်ယာရှိဖို့က ဝင်ငွေပုံမှန်ရှိတဲ့အလုပ်အကိုင်လေးလိုတယ်၊ အဲဒါ ဒက်ဒီက ကိုယ့်သားအငယ်ကောင်လေးကို ဒီတိုင်ပစ်ထားလို့ ဘယ်ဖြစ်ပါ့မလဲဗျာ"

ကဆုန်ဖြိုးသည် သူ့အကျင့်အတိုင်း ရယ်သံနှင့် စကားလမ်းကြောင်းလိုက်ပါသည်။





ဒိုးတွေ့ထားတဲ့ မိန်းကလေးမှာ ခြံနီးနားချင်းက သူဌေးသမီးကလေးပဲဖြစ်ကြောင်း။ မိန်းမကောင်းလေးမို့ မိဘတွေက အသိပေးထားချင်ကြောင်း။ ဒက်ဒီကြီးကိုယ်တိုင်လိုက်ပြီး နားဖောက်တောင်းရမ်းဖို့သင့်တော်ကြောင်း။

ဒိုးမှာစီးပွားရေးနှင့် အိမ်ထောင်ရေးနှင့် စီးပွားရေးအခြေချသင့်ပြီဖြစ်ကြောင်း စသဖြင့် လူကြီးလူကောင်းပမာအလေးအနက်ထား ဆွေးနွေးသော သူ့သားကို ဦးရဲသီဟပင်ပါးစပ်အဟောင်းသား အံ့သြနေရပါသည်။

"ဒိုးမာန်ကိစ္စက မင်းပြောသလို သေချာပြီလား"

"သေချာပါတယ် ဒက်ဒီ၊ မယုံရင် ညပြန်ရောက်ရင် ဒိုးကို ခေါ်မေးကြည့်ပါ"

"ဒီလိုဆိုတော့လည်း စိစဉ်ပေးရမှာပေါ့ကွာ"

"သင်ခ်ယူပဲ ဒက်ဒီ"

"ကျေးဇူးမတင်နဲ့ဦး ဒိုးနဲ့အတူတူ မင်းပါ ကုမ္ပဏီမှာ အလုပ်ဝင်ရမယ်၊ ဒါပဲ၊ တော်ကြာ မင်းလည်း မိန်းမတောင်းခိုင်းဦးမှာပဲ မဟုတ်လား"

ဒက်ဒီကြီးက သဘောပေါက်သည်။

ကဆုန်ဖြိုးက သဘောကျစွာ တဟိဟိ ကြိတ်ရယ်လိုက်



www.burmeseclassic.com

www.burmeseclassic.com



ပါသည်။ ခမည်းခမက်နှစ်ထပ်ကွမ်းတော်ရမှာ ဒက်ဒီကြီး မသ် သော ဒိုးကောင်မလေးနှင့် သူ့ကောင်မလေးက တစ်အိမ်ထ အတူရှိနေတာက နဒီလေးကြောင့်ပေါ့ကွာ။

နဒီသာ လက်ခံရင် သူလည်း ဒိုးနဲ့အတူတူ စေ့စပ် ဆင်နွှဲရဦးမှာ။

အခုတော့ကွာ. . .။



ယုဇနပလာဇာထဲပတ်ရင်း ဖိနပ်ဆိုင်ကအထွက်မှာ ဒေါ်မာလာမိတ်ဆွေတစ်ဦးနှင့် မျက်နှာချင်းဆိုင်ဆုံမိသည်။

"ဟာ. . . ဒေါ်မာလာပါလား"

"ဩော်. . . ကိုသိန်းမင်း"

"တစ်ယောက်တည်းလားဗျ၊ ကိုနိုင်ထွန်းကြီး မပါဘူးလား"

"သမီးနဲ့လာတာ ကိုသိန်းမင်းရေ၊ ရှင့်သူငယ်ချင်းက ကျွန်မ ဈေးသွားရင် ဘယ်တုန်ကများ လိုက်ပို့ဖူးလို့တုန်း"

"ဟား. . . ဟား. . . ဟုတ်ပါ့ဗျာ၊ ဒါနဲ့ မာလာ့သမီး လေး စေ့စပ်တယ်ဆို"

"ဟုတ်တယ်. . . ကိုသိန်းမင်းရေ၊ လူကြီးချင်း စကား



www.burmeseclassic.com

www.burmeseclassic.com



ပြောရုံလောက်ပါ၊ အကြီးအကျယ် မဟုတ်ပါဘူး၊ လက်ထပ်ပွဲကျရင် အားလုံးကို ဖိတ်မှာပါရှင်"

"ဒါနဲ့ နေပါဦးဗျ၊ မာလာ့သမီးနဲ့ စေ့စပ်တာ ဦးရဲ့သိဟသားဆို ဟုတ်လား"

"ဟုတ်ပါ့ရှင်. . . ရှင်နဲ့ သိလို့လား"

"သိဆို ကျွန်တော့်ရဲ့ အလုပ်ရှင်ဘော့စ်ပဲဗျ၊ ကောင်းကောင်း ရင်းနှီးတာပေါ့"

"အို. . . ဟုတ်လား"

ဦးသိန်းမင်း မျက်နှာမှာ အရိပ်တစ်မျိုး ဖြတ်ပြေးကာ ပြောသင့်၊ မပြောသင့် ချင့်ချိန်သလို တစ်ခဏ တွေဝေသွားပြီးမှ

"နေဒိုးဆိုတာ ဦးရဲ့သိဟ မွေးစားသားနော်၊ မာလာသိလား၊ အမွေစားအမွေခံတွေဘာတွေ မဟုတ်ဘူး"

"အင်း. . . သမီးက ပြောပါတယ်၊ ကျွန်မလည်း လူကောင်းသူကောင်းလေး ဖြစ်ရင်ပြီးရောဆိုပြီး သဘောတူလိုက်တာပါ"

"အဲဒါပဲပြောတာပါ. . . လူကောင်းသူကောင်း ဖြစ်ရောဖြစ်နိုင်လား၊ မာလာတို့သမီးဆိုတာ ကျွန်တော့်သမီးပါပဲ၊ ကျွန်တော် မဟုတ်တာ မပြောပါဘူး ယုံပါ"





"ရှင်. . . ဘာများလဲ"

"နေဒိုးရဲ့အစ်ကို ကဆုန်ဖြိုးဆိုတာ ကျွန်တော့်သမီးဝတ်မှုန်နဲ့ ကြိုက်တယ်လေ၊ အဖေတစ်ယောက်အနေနဲ့ ပြောရမှာလည်း ရှက်ပါတယ်ဗျာ၊ ခြံထဲတောင် ခိုးဝင်ပြီး လာချိန်းတွေ့လို့ ကျွန်တော် ဆင်းရိုက်မလို့ဘဲ၊ ဒီကောင် အပြေးမြန်လို့ပေါ့"

"အို. . . ဟုတ်လား"

ဒေါ်မာလာသည် ထိုသတင်းစကားကြောင့် မယုံနိုင်အောင်ပင် ဖြစ်သွားရသည်။

သူတို့ ညီအစ်ကိုသူငယ်ချင်းနှစ်ယောက် တတွဲတွဲ၊ ချစ်ခင်စည်းလုံးတာလည်း ဒေါ်မာလာ အမြင်ပါ။ ရိုးရိုးသားသား မိကောင်းဖခင် သားလေးတွေအဖြစ် အမှတ်ပေးထားတာ။

ကိုယ့်သမီးတွေဆီ ဝင်ထွက်သွားလာလည်ပတ်ဖို့ ခွင့်ပြုထားမိတာ။ အခုတော့ ထင်သလို မဟုတ်ဘူးပေါ့။

"အဲဒီ ကိုဖြိုးဆိုတာကတော့ ဟုတ်ချင် ဟုတ်မှာပါ၊ နှောချစ်သူလေးကတော့ ကျွန်မ အကဲခတ်ရသလောက် လူရိုးလူအေးလေးပါ၊ တော်လည်း တော်ရှာပါတယ်"

"ဒါပေမယ့်ဗျာ. . . အနီးကပ်မှာ ဖျက်လိုဖျက်ဆီး လုပ်ဘတ်တဲ့ကောင် ရှိတယ်လေဗျာ၊ ဘယ်လို စိတ်ချရပါ့မလဲ၊ ဒီလို



www.burmeseclassic.com

www.burmeseclassic.com



ပြောလို့ တစ်မျိုးတော့ မယထင်နဲ့ဗျာ၊ ကျုပ်က ကိုယ်ချင်းစာလို့ သတိပေးတာပါ၊ ခင်ဗျားတို့ကို မနစ်နာစေချင်လို့ပါ။ သမီးရှင်ဆိုတာ မာလာသိတဲ့အတိုင်းပဲ. . . နာမည်ပျက်သွားရင် သိပ်ထိခိုက်တာဗျ. . . မဟုတ်ဘူးလား"

"အခုလို သတိပေးတာ ကျေးဇူးတင်ပါတယ် ကိုသိန်းမင်း"

"လက်ထပ် မပေးရသေးရင် ပြန်စဉ်းစားလို့ ရတာပေါ့ဗျာ. . . နောင်မှ နောင်တမရစေနဲ့ဗျ"

"ဟုတ်ကဲ့. . ကျွန်မကလေးတွေကိစ္စ ပြန်စဉ်းစားမှာပါ"

ဒေါ်မာလာ့မျက်နှာမှာ အကြီးအကျယ် ပျက်ကာ ရင်ထဲလည်း မကောင်းနိုင်အောင် ဖြစ်သွားရသည်။

ဩော်. . . မာလာ့သမီးလေးတွေ ဘယ်လိုလူတွေနဲ့ လာဆုံပါလိမ့်။

နဒီလေး ကြည့်ရတာလည်း ကိုဖြိုးအပေါ် သံယောဇဉ် ငြိတွယ်နေပုံပါပဲ။ သက်ပြင်းတစ်ရှိုက်သာ လေးလေးပင်ပင် ရှိုက်မိလေသည်။



နဒီ့အခန်းထဲမှာ ကဗျာဘွဲ့မှူးရဲ့ သီချင်းသံလေး ခပ်တိုးတိုး ကြားနေရ၏။ မာနနှင့်သာ တင်းထားသော်လည်း နဒီ ကိုဖြိုးကို လွမ်းဆွတ်တမ်းတနေတာ နှော အသိဆုံးပါ။

ဟိုတစ်ယောက်ကလည်း အဆက်မပြတ် ချော့မော့နေသားနှင့်။ သူ မှားပါတယ်ဆိုတာ အယူခံလည်း ဝင်တာပဲလေ။

ဘယ်နေရာမှာ မင်းရှိမလဲ. . .
ဘယ်ရင်ခွင်မှာ အိပ်စက်မလဲ. . .
ကိုယ်မသိဘူး. . . မဆိုင်ပါဘူး. . .
မင်းလေး ကိုယ့်ကို သတိရပြီးတာပဲ. . . .



www.burmeseclassic.com

www.burmeseclassic.com



မိုးချိုနှောက အခန်းတံခါးဘုလေးကို လှည့်ဖွင့်ကာ နံ… အခန်းတွင်းသို့ လှမ်းဝင်လိုက်သည်။

ကုတင်ပေါ်မှာ နဒီက ခွေလှဲနေ၏။

"နဒီ. . . ထမင်းစားရအောင်"

"မဆာသေးပါဘူးဟာ. . . နှောစားနှင့်"

"မာမီက ခေါ်ခိုင်းလိုက်တာ. . . လာပါနဒီရာ. . အတူတူ စားရအောင်"

"ကျွတ်. . . အေးအေးဆေးဆေး မနေရပါလား"

"နင် ကြိတ်ဆွေးနေတာမို့လား"

"အံမယ်. . . ဘာလို့ဆွေးရမှာလဲ"

"ညဆိုလည်း နှစ်နှစ်ခြိုက်ခြိုက် မအိပ်ဘူး၊ အခုတော… လူက ပိန်လာပြီ နဒီရယ်. . . ပြတ်နိုင်တာလည်း မဟုတ်ဘဲ… ခွင့်လွှတ်လိုက်ပါလား၊ ကိုဖြိုး သနားပါတယ်"

"ဒင်းကို သနားစရာလား"

"ဝတ်မှုန်က တစ်ဖက်သပ် ပြန်ကပ်တာပါ၊ သူ့အပြ… မဟုတ်ပါဘူး"

"သူ မရှုပ်ထားရင် ဒီလို ဖြစ်မလား"

"အဲဒါ နင်နဲ့ မတွေ့ခင်က အဖြစ်အပျက်ပဲဥ…





…အတိတ်ကို အတိတ်မှာ ထားမှပေါ့ နဒီရယ်. . . နင့်ဘာသာ စိတ်ဆင်းရဲ ခံမနေနဲ့"

"စိတ်ဆင်းရဲရတာ သူ့ကို ချစ်မိတဲ့ ငါ့အပြစ်ပဲ"

"နင်တို့ မပြေလည်တော့ ကိုနေဒိုးလည်း ဘယ်စိတ် ကောင်းနိုင်ပါ့မလဲ"

"ဒင်းကို မုန်းလို့. . . ငါ အရင်ကတည်းက ကြိုသိထား ရင် ဒီလောက် မဖြစ်ပါဘူး. . . ငါ့ကို ညာတာကိုပဲ ဒေါသ ဖြစ်တာ".

"ကဲပါဟယ်. . . ဒီလောက်အကြာကြီး အပြစ်ပေးထား ပြီပဲ. . . ကျေနပ်လိုက်ပါတော့"

"နှောနော်. . . နင်တို့ အဆင်ပြေရင်ပြီးတာပဲမို့လား၊ အခု လူကြီးချင်းတောင် ပြောဆို နားဖောက်ပြီး ကမ်းလှမ်းထား ပြီ နင်က ကံကောင်းပါတယ် နှောရယ်. . . ငါသာ"

နဒီက မျက်ရည်ရစ်ဝဲလာသည်။ နှောတို့ ချစ်ခင်ကြင်နာ နေတာမြင်တော့ သူမ ပိုခံစားရသည်။

"ပြန်လက်ခံလိုက်ပါ နဒီရယ်. . . စိတ်ကို တင်းမထားနဲ့ တော့နော်၊ ကိုဖြိုးကို ပြန်ခေါ်လိုက်ပါဟယ်. . . နှောကို ကတိ …ပေး. . . "



www.burmeseclassic.com

www.burmeseclassic.com



"ပေးပါဘူး"

"နင် စိတ်ပြေပြီလို့ ကြိုတင် သတင်းပေးလိုက်မယ်၊ ကိုဖြိုးကြီး ခုန်ပေါက်ပြီး ရောက်ချလာပါလိမ့်မယ်"

နဒီက မျက်စောင်းသာ ရွယ်သည်။ ခါတိုင်းလို အထန် ကန့်ကွက်စကား မဆိုသဖြင့် နှော ဝမ်းသာသွားမိသည်။

ကိုဖြိုး ဘယ်လောက် ပျော်မလဲ မသိ။

"သမီးတို့ရေ. . ."

"ဟော. . . မာမီခေါ်နေပြီ. . . လာ. . . လာ"

နှောက နဒီလက်ကလေးဆွဲပြီး လှေကားမှ ဝမ်းသာအားရ ပြေးဆင်းလာသည်။



ထိုနေ့ ညနေမှာ အစစအရာရာ အဆင်ပြေ ချောမွေ့သွားပြီဟု ထင်မှတ်ထားပေမယ့် မာမီက မမျှော်လင့်သော စကားကို ပြောလာခဲ့သည်။

"နှောကို မာမီ ပြောစရာရှိတယ်၊ သမီးတို့ စေ့စပ်ပွဲကို ဖျက်သိမ်းရမယ်"

"ရှင်"

"မောင်နေဒိုးနဲ့ မာမီ သဘောမတူနိုင်ဘူး၊ ဒီကောင်လေး နှစ်ယောက်က စိတ်တူကိုယ်တူ အကျင့်ပျက်နေကြတာလေ"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်. . . မဟုတ်ပါဘူး မာမီ"

နွှောက အလန့်တကြား မျက်လုံးပြူးသွားရသလို နဒီ
လည်း ချက်ချင်း အငြင်းစကားနှင့် ကာကွယ်သည်။

"မာမီ့မိတ်ဆွေ ဦးမင်းသိန်းကိုယ်တိုင် သူတို့အကြော
တွေ သေချာ အကုန်ပြောသွားတယ်၊ နဒီ. . . အဲဒီ ကိုဖြိုးဆို
ကောင်ကလေးက မိန်းမတအားရှုပ်တာတဲ့၊ မိန်းကလေးဘက်
ဘယ်လောက်နစ်နာသလဲ၊ သမီးလည်း ဒီကောင်လေးကို တစ်
တည်းသာ အဆက်အသွယ် ဖြတ်ပစ်လိုက်၊ မာမီ့သမီးတွေ
အိမ်ထောင်ရေးကိစ္စ မာမီကိုယ်တိုင် စီစဉ်မယ်၊ ကောင်းတဲ့
ရှာပေးပါ့မယ်၊ ဒီကောင်လေးတွေနဲ့တော့ ရှေ့ဆက် ပတ်သ
မယ် မစဉ်းစားနဲ့၊ သူတို့အဖေ ဦးရဲသီဟကိုလည်း အ
အကြောင်း ရှင်းပြလိုက်မယ်. . . နွှောလေးတို့ကိစ္စ မာမီတို့ဘ
က ဖျက်သိမ်းတယ်လို့"

"မာမီ. . . ကိုဖြိုးကိစ္စ ကိုနေဒိုးနဲ့ မဆိုင်ပါဘူး၊ သ
ချစ်သူက ကိုယ်ကျင့်သိက္ခာ မပျက်ပါဘူး၊ သူ အဲလိုလူ မဟ
ပါဘူး မာမီရယ်၊ နွှောတို့ကို မခွဲပါနဲ့နော်၊ နွှော သူနဲ့ မခွဲနိုင်

"မလိုချင်ဘူး. . . ညည်းလည်း မိဘစကား နားထော
ရမှာပဲ၊ ဒီကောင်လေးမှာ ဘာမက်စရာရှိလို့လဲ၊ သူကိုယ်





တောင် ဦးရဲသီဟတို့အိမ်မှာ လာခိုကပ်နေရတာ၊ ညည်းကို ဒီ့ထက်သာတာ မာမီ ရှာပေးမယ်"

"ဟင့်အင်း. . . ဟင့်အင်း"

နဒီကလည်း မာမီ့ဆူတော့ မျက်နှာပျက်ပျက်နှင့် . . .

"ကိုဖြိုးက ရည်းစားရှုပ်ခဲ့တာကလွဲရင် သူများသမီးပျို နစ်နာအောင် ဘာမှမကျူးလွန်ပါဘူး မာမီရယ်၊ သူက ပေါ့ပေါ့ ဆဆနေလို့သာ နာမည်ပျက်ရတာပါ၊ သူ့စိတ်ရင်းက နဒီ့အပေါ် အရမ်းကောင်းတာပါ"

အခုမှ ပျာယိပျာယာနှင့် ချစ်သူ့ဖက်ကနေ ကမူးရှူးထိုး ဘက်လိုက်ကာကွယ်နေလေသည်။

သို့သော် မာမီက စိတ်ဆိုးနေသည်။

နွှောနှင့်နဒီတို့ ဆင်ခြေတက်တာကို လက်သင့်မခံ။

သူ့ကို ဘယ်သူဘယ်ပြော လိုက်တာလဲ။

အဲဒီ မာမီနဲ့သိတဲ့ ဦးသိန်းမင်းဆိုတာ ဝတ်မှုန်အဖေပဲ ဖြစ်မည်။

သူတို့ သားအဖတွေက ကိုဖြိုးကို ဖမ်းချင်နေတာ ဟင်း။

နှစ်ယောက်သားမှာ မာမီသဘောမတူပါဘူးဆိုမှ ချစ်စိတ်မွှန် ယောက်ယက်ခတ်သွားရသည်။



www.burmeseclassic.com

www.burmeseclassic.com



နဒီလည်း စိတ်မကောင်းနိုင်တော့။

ဘယ်လိုလုပ်ကြမလဲဟု တစ်ယောက်နှင့်တစ်ယောက် မျက်လုံးနှင့် မေးမိကြသည်။

ထို့နောက် အလျှိုလျှို အခန်းဆီပြန်ဝင်ကာ ရှေ့ရေး အတွက် ရင်လေးလေးနှင့် ဘာလုပ်ရမည် မသိအောင်ဖြစ်သွား ကြသည်။



ထိုနေ့က တစ်နေ့လုံး မိုးက ခပ်စွေစွေရွာနေခဲ့သည်။

ညနေရောက်လျှင် မိုးက ပိုပြီး သဲလာ၏။ နဒီနှင့် မိုးချိုနှောမှာ မာမီ့အလစ်ကို စောင့်နေကြသည်။ သူမတို့အားလုံး ပြောဆိုချိန်းချက်ထားပြီးသား။

မာမီ ဒီညမှာ မင်္ဂလာဆောင်ဒင်နာပါတီတစ်ခုသို့ မလွဲမသွေ သွားရမှာလည်း သူမတို့ သိထားသည်။ မာမီ့အရိပ်အကဲကို ကြည့်ကာ နှစ်ယောက်သားရတက် မအေးနိုင်အောင်ရှိသည်။

မိုးရွာလို့ဆိုပြီး ပွဲမတက်ဘဲတော့နေလို့ရမည် မထင်ပါ။

ညခုနစ်နာရီလောက်မှာ မိုးနည်းနည်း ပြန်ဖွဲလာသည်။ ခုနလို တဝုန်းဝုန်း မရွာတော့ပါ။



www.burmeseclassic.com

www.burmeseclassic.com



"မိုးကလည်း ကောင်းလိုက်တာ၊ အလှပြင်ဖို့တောင် ပြင်းပါရဲ့"

"မာမီ . . . နဒီ ဆံထုံး ထုံးပေးရမလား"

နှောင်းက နဒီ့ကို သိပ်အလှျင်မလိုဖို့ မျက်ရိပ်ပြသည်။

"အေး. . . ထုံးပေးစမ်းပါ သမီးရဲ့၊ ဟိုတစ်ခါက်လိုမျိုး ဖန်စီဆံထုံး အဆန်းလေးလေ၊ အဲဒါမာမီနဲ့လိုက်တယ်လို့ အားလုံးပြောကြတာ"

သူ့လက်ရာကို မာမီချီးမွမ်းအကြိုက်တွေ့သဖြင့် နဒီက အလှဖန်တီးရှင်စတိုင်လ်နှင့် မှန်တင်ခုံအံဆွဲထဲကနေ ကလစ်တွေ ဆံခွေတွေ ရှပ်ဘီးတွေ ကော်ရည်ဘူးတွေ ဟဲစပရေးတွေ တစ်ခုချင်း ဆွဲထုတ်စုပုံလိုက်သည်။

မာမီမမြင်အောင် နှောင်းကိုလည်း မျက်လုံးတစ်ချက် ပြူးပြလိုက်သေးသည်။

နှောင်းကတော့ ဒီနေ့တစ်နေ့လုံး ရင်တုန်ပန်းတုန် စိတ်လှုပ်ရှားနေမိသည်။

တစ်ခုခု အခက်အခဲတွေပြီး အစီအစဉ်တွေ မချောမွေ့မှာ ထစ်ငေါ့မှာကိုလည်း စိုးရိမ်ပူပန်နေမိသည်။

ဥပမာ မာမီ မင်္ဂလာပွဲမသွားတော့ဘူးဆိုလျှင် . . .





ဥပမာ ကိုနေဒိုးတို့ဖက်က အဆင့်သင့်စောင့်မနေဘူးဆိုလျှင် . . . မတော်တဆ နှောင်းတို့အကြံကို မာမီရိပ်မိသွားလျှင် အမျိုးမျိုး တွေးပူနေမိ၏။

ဒီလိုနှင့် တဖြည်းဖြည်း ညရောက်လာပြီး မာမီရေချိုး အလှပြင်နေတော့မှ အသက်ရှူနည်းနည်းဝသည်။ နဒီက စိတ်ပါလက်ပါ မာမီ့ဆံပင်တွေကို အမြန်ဆုံး ဖွဲ့ပေးနေ၏။

သူက နှောင်းထက်စာလျှင် စိတ်အေးလက်အေး ရှိပါသေးသည်။ နှောင်းသာ စိတ်လှုပ်ရှားဗျာများပြီး ပစ္စည်းတစ်ခုကိုင်တာနှင့် လက်ထဲက အလိုလို လွတ်ကျနေမိတာ။ 711 ဆဲဗင်းဝမ်းဝမ်း စပရေးဗူးယူပေးတာ ဒေါင်ခနဲ ကြမ်းပြင်ပေါ် လွတ်ကျသဖြင့်။

"နှောင်းရေ . . . ဘယ်လိုဖြစ်နေသလဲ၊ ပေးရင်လည်း ကောင်းကောင်းပေးပါ ဟဲ့"

"ငါက နင့်ကို ဝိုင်းကူမလို့ပါ"

"ကူချင်လို့ပဲနော်. . . ဟွန်း"

မာမီ့ကို အလှဆင်ပန်းတွေ ဝိုင်းပန်ပေးကြ၊ ပဝါအရောင် ကူရွေးပေးကြနှင့် နှောင်းတို့ အလုပ်ရှုပ်သွားချိန်မှာပဲ အပြင်ဖက်က ကားဟွန်းသံသုံးချက်ဆင့်ကို ကြားရသဖြင့် မျက်လုံးပြူးသွားရသည်။



www.burmeseclassic.com

www.burmeseclassic.com



မာမီကဖြင့် အိမ်မှာရှိနေသေးတဲ့ဟာ။ ဘယ်လို အချက် ပြကြမလဲ။ စိတ်တွေ ရှုပ်ထွေးလှပါဘိ။ မာမီက ဒရိုင်ဘာနှင့် သွားမှာပါ။ မာမီ့ကားကို တွေ့ရင်တော့ သူတို့အသာနောက်ဆုတ် နေနိုင်သည်။

ခဏကြာလျှင် မာမီဖြီးလိမ်းဝတ်စားဆင်ယင်လို့ပြီးသွား သည်။ အချောသတ် ပုလဲရတနာဆင်မြန်းနေသေးရာ နာရီ တ ကြည့်ကြည့်ဖြင့် ရင်ဖိုနေကြသည်။ ချိန်းထားတဲ့အချိန်က ရောက် တော့မှာ. . .။ မသိမသာနှင့် ဝရံတာ ထွက်ပြရသေးသည်။ မာမီ လုံးဝ မရိပ်မိလို့သာ တော်ပါသေးသည်။

ဒရိုင်ဘာဦးလေးကြီးမောင်းသော ကားနှင့်မာမီလိုက်ပါ သွားပြီး ငါးမိနစ်ခန့်ရှိတော့မှ နှောနှင့်နဒီတို့ အူယားဖားယားနှင့် ဝှက်ထားတဲ့ ခရီးဆောင်သေတ္တာကို ကုတင်အောက်က အတင်း ဆွဲထုတ်ရသည်။

မိုးရွာထဲမှာပဲ အချိန်မဆွဲဘဲ အမြန်ထွက်ခဲ့ကြ၏။

"ပေး. . .ပေး အဲဒီသေတ္တာ မောင့်ကိုပေး . . ."

အိမ်က ကောင်မလေးကို မုန့်ဖိုးပေးကာ မသိချင်ယောင် ဆောင်ပြီး စောစောအိပ်ရာဝင်နေလိုက်ဖို့ မှာကြားရသေးသည်။ နှောကလည်း အိတ်ဆွဲပြီး သွက်လက်စွာပြေးထွက်လာသည်။





အိမ်နေရင်း ပိုးသားပျော့ပျော့ဂါဝန်မရမ်းရောင်လေး ပေါ်ကနေ ကုတ်အင်္ကျီဖားဖားတစ်ထည်ကို ကမန်းကတန်း ကောက်စွပ်လာပုံရသည်။

ပုံစံလေးက ဆံပင်တွေ ကပိုကရို ခွေလိပ်ပြီး ချစ်စရာ ကောင်းနေသည်။ နဒီကတော့ အစကတည်းက ဂျင်းဘောင်းဘီ နှင့် တီရှပ်နှင့်မို့ ပေါ့ပေါ့ပါးပါးပင်။

"ကဲ. . .ကဲ. . .မြန်မြန်တက်"

"ဘယ်သွားမှာလဲဟင်"

"ဒါတွေ မေးမနေနဲ့၊ နောက်မှပြောမယ်"

နေဒိုးက ပစ္စည်းတွေကို ခပ်မြန်မြန်ကားနောက်ဖုံးဖွင့် ပြီး သွားထည့်လိုက်သည်။ အခုမှ ပြေလည်မှုရသော ဖြိုးက ကားနောက်ခန်းမှာ ဝင်ထိုင်သည်။

နေဒိုးနှင့်နှောတို့က ကားရှေ့ခန်းမှာ. . .။ စုံတွဲလေး နှစ်တွဲက ပျော်ရွှင်စွာ မိုးရေထဲ ကားမောင်းလာကြသည်။

သဘောမတူဘူးဆိုမှတော့ ဒီလိုပဲ ခိုးပြေးကြရုံရှိတာ ပေါ့လေ။

အတိုင်အဖောက်ညီလှသော ဖြိုးနှင့်ဒိုးမှာ မိန်းမခိုးကြဖို့ လည်း စိတ်တူကိုယ်တူ တက်တက်ကြွကြွပါပဲ။

www.burmeseclassic.com



ချစ်သူကိုယ်စီဘေးနားရှိနေပြီမို့ မျက်နှာတွေက ပြုံးပျော်ကျေနပ်နေသည်။

"မိုးကလည်း ဒီနေ့မှ သည်းလိုက်တာ"

"စိုကုန်ပြီလား"

ဖြိုးက မသိမသာနှင့် နဒီ့ကိုယ်ပေါ်က ရေစက်လေးတွေကို ခါပေးလိုက်သည်။

"မစိုပါဘူး. . . ရပါတယ်"

နဒီက ရှက်မူနွဲ့စွာ ဟိုဖက်တိုးသွား၏။

ဖြိုးကလည်း မရ. . . သူမအနား တိုးရွှေ့ကာ ကပ်သွားသည်။

မိုးက ကတ္တရာလမ်းကိုပင် မမြင်ရအောင် ဝုန်းဝုန်းဒိုင်းဒိုင်း ရွာနေသည်။

"မောင်. . . ရရဲ့လား၊ မောင်းလို့ ဖြစ်ရဲ့လား"

မှန်ပေါ် ဝေါခနဲ ဝေါခနဲ ကျဆင်းလာတဲ့ မိုးပေါက်တွေကို ရေသုတ်တံက မနိုင်။

သုတ်ချလိုက်၊ ပြန်မှုန်ဝါးသွားလိုက် ဖြစ်နေသဖြင့် ရှေ့မြင်ကွင်းကို မသဲကွဲ။

နှောက ခပ်တိုးတိုး သတိပေးသည်။





နေဒိုးလည်း အိမ်နှင့်ဝေးရင်ပြီးရော စွတ်သာမောင်းလာရတာ။ မင်္ဂလာဒုံလမ်းမကြီးပေါ် ရောက်တော့ မှောင်ကလည်း အတော်မှောင်နေသည်။ နှောသည် နောက်သို့ လှည့်မကြည့်ရဲ။

ကားနောက်ခန်းမှာ နဒီက ဘယ်လိုကဘယ်လို ကိုဖြိုးရင်ခွင်ထဲ ရောက်သွားသည် မသိ။

နှောက မျက်နှာတွေပူနွေးစွာ ဒီဖက်ခေါင်းလေး ပြန်လှည့်တော့ နဒီက ရယ်သံနှင့် . . .

"ဟော့. . . လှည့်မကြည့်နဲ့နော်"

"အံမယ် . . . ကြည့်စရာလား"

နှောက ရှက်ဝဲဝဲနှင့် ပြန်ပြောလိုက်သည်။

ဟုတ်တယ်လေ။ နှောဘေးမှာလည်း မောင်ရှိနေတာပဲ။

ထိုအချိန်မှာပင် နေဒိုးကလည်း ကားကို လမ်းနံဘေးတိုးကပ် ရပ်ထားလိုက်ပါသည်။

"ဒိုး. . . ဘာဖြစ်လို့လဲကွ"

"ဘာမှ မဖြစ်ဘူး၊ မိုးသည်းတော့ ဘာမှ မမြင်ရဘူးကွ"

"ဟား. . . ဟား. . . မင်းနော် ငါသိတယ်"

"မယုံရင် မင်း လာမောင်းကြည့်"

"ငါ မအားသေးဘူးကွ"



www.burmeseclassic.com

www.burmeseclassic.com



"ဟင် . . . ကြည့်စမ်း"

နဒီက သူ့ပခုံးကို ဖိဆိတ်လိုက်သည်။

"အား"

ကိုဖြိုးအော်သံကြီးက ကျယ်ကျယ်လောင်လောင် မိုးသံကိုပင် ထွင်းဖောက်သော ရယ်မြူးသံကြီးပါ။

နေဒိုးကလည်း အားကျမခံ နှောကိုယ်လုံးလေးကို သူ့ဘက် ဆွဲယူဖက်ထားလိုက်သည်။

"အို . . . မောင်နော်"

မိုးတွေက ကားတွင်းကို မမြင်ရလောက်အောင် သဲသဲထန်ထန် ရွာသွန်းနေသည်ဖြစ်ရာ မိုးရွာထဲ ရပ်ထားသော ကားလေးထဲက စုံတွဲနှစ်တွဲမှာလည်း အချစ်မိုးတွေ ရွာသွန်းဖြိုးလျှက် ရှိနေကြလေသည်။

**ဆုလေးနွယ်**

ဥတ်ဝင်းစာပေ

www.burmeseclassic.com